
The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 23, NO. 19 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 25, 2023








# အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများမှသည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

စာမျက်နှာ - 3

## အိန္ဒိယ၊ တရုတ်၊ အာဆီယံနှင့် ဂျပန်တို့၏ စီးပွားရေး အခြေအနေ လျှပ်တစ်ပြက်

စာမျက်နှာ - ၁၆

## မြန်မာ့ကော်ဖီကို ရုရှားနိုင်ငံက ဝယ်ယူမည်

## တရုတ်နိုင်ငံသို့ ဖရဲသီးတန်ချိန် တစ်သိန်းကျော် တင်ပို့ခဲ့

စာမျက်နှာ - ၁၈

## စားသုံးဆီထုတ် လုပ်ငန်းများအတွက် အသုံးချသင့်သည့် HACCP စနစ်

စာမျက်နှာ - ၂၀




Premium Quality
PEP
ပက်(ပ်) . . . နို့
နို့ဆီ ၊ နို့စိမ်း
သုံးကြည့်
Your Daily Partner
PEP
Solution
ပက်(ပ်) . . . နို့ဆီ
Sweetened Beverage Creamer
Premium Quality
PEP
Solution
ပက် (ပ်) . . . နို့စိမ်း




# အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများမှသည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်နင်းမြို့၌ အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေးများကို စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ လေးရက်တာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်ခဲ့ပြီး ပါဝင်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည့်အပြင် လုပ်ငန်းကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာများကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့ပြင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်း များစွာကိုလည်း ယင်းထိပ်သီးအစည်းအဝေးမှ ရရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် "ရပ်ဝန်းနှင့်ပိုးလမ်းမ အရည်အသွေးမြင့်စွာ ဖွံ့ဖြိုးလာစေရေး မြှင့်တင်ခြင်းနှင့် ကြီးထွားမှုဗဟိုချက်အသစ်ကို ပြုစုပျိုးထောင်ပေးခြင်းတို့ဖြင့် အတူမျှဝေခံစားသည့် အနာဂတ်နှင့် ဟန်ချက်ညီမျှသည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်ကြပါစို့" ဟူသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

## စီးပွားရေး အခွင့်အလမ်း

မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌဖြစ်သူ Mr. Lan Tianli နှင့် ထိပ်သီးအစည်းအဝေးများ မစတင်မီ စက်တင်ဘာ ၁၄ ရက် ညနေပိုင်းက နန်နင်းမြို့ လိယွမ် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် နှစ်စဉ်ပါဝင်ပြသခြင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်သာမက ဒေသတွင်း အာဆီယံနိုင်ငံများနှင့်ပါ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကွမ်ရှီးကျွမ့်ဒေသတွင် ထူထောင်ထားရှိသည့် သစ်သီးဝလံဈေးကွက်သို့ မြန်မာနိုင်ငံမှ သစ်သီးဝလံများ တင်ပို့ရောင်းချနိုင်ရေး၊ မြန်မာနိုင်ငံနှင့် တိုင်းရင်းဆေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာ ဖြန့်ဝေပေးနိုင်ရေးနှင့် ခရီးသွားကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ခြင်းကလည်း မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းအတွက် ကောင်းသော အလားအလာတစ်ရပ် ဖြစ်ခဲ့သည်။

## သစ်သီးဝလံ ရောင်းဝယ်ရေးစင်တာ

တရုတ်နှင့် ဗီယက်နမ် နယ်စပ်မြို့ဖြစ်သည့် ပင်းရှန်မြို့တွင် အာဆီယံ သစ်သီးဝလံ ရောင်းဝယ်ရေးစင်တာတစ်ခု ဖွင့်လှစ်ထားရှိရာ ယင်းစင်တာမှတစ်ဆင့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းလာသည့် သစ်သီးဝလံများကို တရုတ်နိုင်ငံသို့ တင်သွင်းပို့ဆောင်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်လာနိုင်သည့် အဆိုပါစင်တာသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ စက်တင်ဘာ ၁၅ ရက်က သွားရောက်လေ့လာခဲ့ကြသည်။

## အလားအလာများစွာရှိ

ပင်းရှန်မြို့ရှိ အာဆီယံ သစ်သီးဝလံ ရောင်းဝယ်ရေးစင်တာမှတစ်ဆင့် တရုတ်နိုင်ငံ၏ မြို့ကြီးများသို့ ပြန်လည်ဖြန့်ချိခြင်း၊ တရုတ်နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်သီးဝလံများကို အာဆီယံနိုင်ငံများသို့ ပြန်လည်ဖြန့်ချိခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။ ယင်းစင်တာသည် အထူးသဖြင့် အာဆီယံနိုင်ငံများမှ ပိန္နဲသီး၊ နဂါးမောက်သီး၊ ငှက်ပျောသီး၊ ဖရဲသီး၊ သခွားမွှေး၊ ဒူးရင်းသီးနှင့် မင်းဂွတ်သီးများကို အဓိကထား တင်သွင်းပြီး တစ်ဖက်တွင် တရုတ်နိုင်ငံမှ ထွက်ရှိသည့် သစ်သီးဝလံများနှင့် ကောက်ပဲသီးနှံများကိုလည်း ပြန်လည်တင်ပို့လျက်ရှိသည်ကို သိရှိခဲ့ရသည်။

ပင်းရှန် သစ်သီးဝလံ ရောင်းဝယ်ရေးစင်တာသည် ၎င်းနှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် ဗီယက်နမ်နိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများမှ သစ်သီးဝလံများကို ကုန်းလမ်းမှ ဖြတ်သန်းသယ်ဆောင်ကာ တရုတ်နိုင်ငံတွင်းသို့ တင်ပို့နေသည့် အဓိကကုန်းတွင်း ဝင်ပေါက်တစ်ခု ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ သစ်သီးဝလံကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိသော မြို့ဖြစ်ကြောင်းကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့ ထဲထဲဝင်ဝင် လေ့လာသိရှိခဲ့ရသည်။

## နှစ်လိုဖွယ်ရာမြို့တော်(သို့) မန္တလေး

အလားတူ မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက Nanning International Convention and Exhibition Center (NICEC)တွင် ပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေးဖိုရမ်သို့ တက်ရောက်ခဲ့ကြသည်။ ယင်းဖိုရမ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက မန္တလေးမြို့သည် မြန်မာ-တရုတ် အနာဂတ် ပူးပေါင်းဆောင်ရွက်မှု၌ အရေးပါသည့် တရုတ်-မြန်မာ မီးရထားလမ်းစီမံကိန်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) စီမံကိန်း၊ မဟာမဲခေါင်ဒေသခွဲ (GMS)၏ အရှေ့အနောက် စီးပွားရေးစင်္ကြံနှင့် တောင်မြောက် စီးပွားရေးစင်္ကြံများဖြင့် ချိတ်ဆက်နေသည့် ကုန်သွယ်ရေးလမ်းကြောင်းများ၏ ဗဟိုချက်တွင် တည်ရှိသောကြောင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ နှစ်လိုဖွယ်ရာမြို့တော် (City of Charm)အဖြစ် ရွေးချယ်ပြသခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့သည် ဒေသတွင်း ကုန်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် စီးပွားရေးစင်္ကြံလမ်းကြောင်းများ၏ လမ်းဆုံတွင် တည်ရှိကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အလားအလာရှိသည့် စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လာရောက် ရင်းနှီးမြှုပ်နှံနိုင်ကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

**စာမျက်နှာ ၅ သို့**

Commerce

JOURNAL

**အတိုင်ပင်ခံစာတည်း**

သိန်းထွန်းဦး

အောင်သွင်ဦး

ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**

ညီညီအောင်

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ကျော်ကျော်

**လက်ထောက်စာတည်း**

ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**

ရိုလင်းထွဋ်(မုံရွာ)၊

ကြည်နိုင်ဦး(အင်းတော်)၊

မင်းဇော်မွန်(ဖျာပုံ)၊

ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)

မင်းမင်းဦး(ပုသိမ်)

ဝင်းဝင်းခိုင်(ပြည်)

သန်းသန်းတင်(မုံရွာ)

စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**

ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)

အမှတ်-၂၂၈/၂၄၀၊

ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

မေသန္တာမိုး

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန်ဈေးနှုန်းနှင့် စီးဝင်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားရလောက်အောင် ဆီထွက်သီးနှံ နှမ်း၊ မြေပဲတို့အား အဓိက စိုက်ပျိုးကြသော်လည်း စပါးကို ဆည်ရေရရှိသည့် တောင်တွင်း၊ မြို့သစ်နှင့် မြစ်နောက်ဘက်ရှိ ပွင့်ဖြူနှင့် စလင်းမြို့များတွင်သာ အများအပြားစိုက်ပျိုးကြသဖြင့် ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါး အဓိက စိုက်ပျိုးထွက်ရှိရာ အခြားတိုင်း/ပြည်နယ်များမှ တင်သွင်းရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာပဒေသာ စပါးကိုသာ အဓိကစိုက်ပျိုးကြပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာ တတိယပတ်တွင် ဖြစ်ပေါ်နေသော ဧရာပဒေသာစပါးဈေးမှာ တစ်တင်းလျှင် ကျပ် ၃၆၀၀၀ ဖြစ်ပြီး ဆန်ဈေးနှုန်းများမှာ မကွေးခရိုင်မှ ဆန် (ပေါ်ဆန်းမွှေး) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၅၇၅၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၃၉၀၀၀၊ ဆန်(မနောသုခ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၈၀၀၀၊ ဆန်(ရတနာတိုး) ၂၄ ပြည်တစ်အိတ်လျှင် ကျပ်၇၅၀၀၀၊ မင်းဘူးခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ဆန်(မနောသုခ) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ သရက်ခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၀၆၀၀၀၊ ဆန်(မနောသုခ)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ အောင်လံခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ ဆန်(မနောသုခ)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၃၀၀၀၊ ဆန်(ရတနာတိုး)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ ချောက်ခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ ဆန်(မနောသုခ)၂၄ပြည်တစ် အိတ်လျှင် ကျပ် ၉၀၀၀၀၊ ဆန်(ရတနာတိုး)၂၄ပြည်တစ် အိတ်လျှင် ကျပ် ၇၀၀၀၀၊ ပခုက္ကူခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ဆန် (မနောသုခ)၂၄ပြည်တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ဆန်(ရတနာတိုး)၂၄ပြည် တစ်အိတ်လျှင် ကျပ် ၆၈၀၀၀ ဂန့်ဂေါခရိုင်မှ ဆန်(ပေါ်ဆန်းမွှေး) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀၊ ဆန်(ဧရာပဒေသာ) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ဆန်(မနောသုခ)၂၄ ပြည်တစ် အိတ်လျှင် ကျပ် ၁၀၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ စက်တင်ဘာလအတွင်း (တတိယပတ်အထိ) အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်အိတ် ၂၄၉၈၊ မန္တလေးတိုင်းဒေသကြီးမှ အိတ် ၃၆၀၊ ရန်ကုန်တိုင်း ဒေသကြီးမှ အိတ် ၁၁၇၀၊ ပဲခူးတိုင်းဒေသကြီးမှ ၂၄၂၄ အိတ်နှင့် ရခိုင်ပြည်နယ်မှ အိတ် ၂၀၀၀၊ စုစုပေါင်း ၃၀၉၃၄ အိတ်၊ ၁၅၄၇ တန်နှင့် ပခုက္ကူမြို့သို့ ရေလမ်းခရီးဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်အိတ် ၆၂၀၀၀၊ တန် ၃၁၀၀ စီးဝင်ခဲ့ကြောင်း သိရှိရသည်။

**ရဲမင်းသာ**



# စက်တင်ဘာ တတိယပတ်အတွင်း ပဲတန်ချိန် သုံးသောင်းငါးထောင်ကျော် တင်ပို့

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကာလအတွင်း မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၁၂၃ သန်းနှင့် တန်ချိန် ၃၅၅၄၀ ကျော် တင်ပို့ခဲ့ကြောင်း သိရှိရသည်။

**မတ်ပဲ**

မတ်ပဲတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၆ ဒသမ ၉၆၄ သန်းနှင့် တန်ချိန် ၂၉၀၄၀ ဖြစ်ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် တန်ချိန် ၁၀၇၀၀ ပိုမို တင်ပို့နိုင်ကြောင်း သိရှိရသည်။ မတ်ပဲကို အိန္ဒိယနိုင်ငံသို့ တန်ချိန် ၂၃၆၅၀၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၂၃၅၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၆၁၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၄၅၀ ကျော်နှင့် ထိုင်းနိုင်ငံနှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

**ပဲတီစိမ်း**

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၄၀ သန်း တန်ဖိုးရှိပဲတီစိမ်း တန်ချိန်၃၉၇၀ ကျော်တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၁၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၉၀၀ နီးပါးနှင့် ထိုင်းနိုင်ငံသို့ တန်ချိန် ၅၅၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန်၅၀၀ နီးပါးနှင့် တရုတ်နိုင်ငံနှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

ယခင်တစ်ပတ် ပင်လယ်ရေကြောင်းမှ တင်ပို့မှုထက် တန်ချိန် ၁၅၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။ ယခုတစ်ပတ်တွင် မြန်မာ-တရုတ်နယ်စပ်မှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၂ သန်း တန်ဖိုးရှိ ပဲတီစိမ်း တန်ချိန်၉၇၀ ကျော် တင်ပို့ခဲ့ကြောင်းသိရှိရသည်။

**ပဲစင်းငုံ**

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈၇ သန်း တန်ဖိုးရှိ ပဲစင်းငုံ တန်ချိန် ၁၅၅၀ ကျော် တင်ပို့ခဲ့သည်။ စက်တင်ဘာလ တတိယပတ်အတွင်း မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ တန်ချိန် စုစုပေါင်း ၃၅၅၃၀ ကျော် တင်ပို့ခဲ့ပြီး စက်တင်ဘာလ ဒုတိယပတ်တင်ပို့မှုထက် တန်ချိန် ၁၀၀၀၀ ကျော် ပိုမိုတင်ပို့ ခဲ့ကြောင်းသိရသည်။

**CJ**

# စက်တင်ဘာ ဒုတိယပတ် ရော်ဘာနှင့် ပြောင်း တင်ပို့မှု အခြေအနေ

**ရော်ဘာ**

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၃၇ သန်း တန်ဖိုးရှိ ရော်ဘာ ၉၀၇ တန် တင်ပို့ခဲ့သည်။ ရော်ဘာတင်ပို့မှုအနေဖြင့် အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၀၀ ကျော်နှင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၄၀၀ ကျော်တင်ပို့ကြောင်း သိရသည်။

စက်တင်ဘာ ဒုတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃၅ သန်း တန်ဖိုးရှိ ရော်ဘာ ၁၆၀၉ တန် တင်ပို့ကြောင်း သိရသည်။ နည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု စုစုပေါင်း တန်ချိန် ၂၅၁၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၇၂ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် ရော်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၅၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

**ပြောင်း**

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၈ သန်းတန်ဖိုးရှိ ပြောင်း ၉၉၅ တန်ကျော် တင်ပို့ခဲ့သည်။ ပြောင်း တင်ပို့မှုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၉၇၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ပြောင်း ၂၃ တန် တင်ပို့ကြောင်း သိရသည်။

စက်တင်ဘာဒုတိယပတ်တွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၀ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၄၁၂၀ ကျော် တင်ပို့နိုင်ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှုတန်ချိန် ၅၁၁၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃၈ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် ပြောင်းတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပြောင်းတန်ချိန် တစ်ထောင်ကျော် ပိုမိုတင်ပို့ခဲ့သည်။

**DAAT**

# ဆန်နှင့် ဆန်ကွဲ တန်ချိန် နှစ်သောင်းခြောက်ထောင်ကျော်တင်ပို့

**ဆန်**

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၈၀ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၄၆၁၀ ကျော် တင်ပို့ခဲ့သည်။

ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၀၉၀၀၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၂၁၅၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၁၅၆၀ တင်ပို့ကြောင်းသိရသည်။ အာရှနိုင်ငံများအနက် ဆန်တင်ပို့သော နိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၄၄၇၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၃၉၀၀၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၁၂၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၂၇၀ ကျော်နှင့် ထိုင်ဝမ်သို့ ဆန်တန်ချိန် ၁၂၀ ကျော် တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော ချက်နိုင်ငံသို့ ဆန်တန်ချိန် ၇၂၇ တန်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ လစ်သူရေးနီးယားနိုင်ငံနှင့် ခရိုအေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ စီ၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၇၅ တန်၊ ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၁၃၀ နှင့် ဟန်ဂေရီနိုင်ငံသို့ ဆန် ၁၂၅ တန် တင်ပို့ပြီး အာဖရိကနိုင်ငံများဖြစ်သော မိုဇမ်ဘစ်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၄၀ နှင့် အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၅၂၀ တင်ပို့ကြောင်း သိရသည်။

စက်တင်ဘာလ ဒုတိယပတ်တွင် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၈၉၈ သန်း တန်ဖိုးရှိ ဆန် ၂၀၀၉ တန် တင်ပို့ကြောင်း သိရသည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှုတန်ချိန် ၁၆၆၂၀ ခန့်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၇၈ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၇၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

**ဆန်ကွဲ**

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၁၇ သန်း တန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၈၁၀၀ ကျော် တင်ပို့ကြောင်း သိရသည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၄၁၅၀ နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၉၅၀ ကျော် တင်ပို့ခဲ့သည်။

ဆန်ကွဲတင်ပို့သော အာရှနိုင်ငံများမှာ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၃၀၀၊ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၅၆၀ နှင့် ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၂၉၀ တင်ပို့ပြီး အီးယူအဖွဲ့ဝင် နိုင်ငံများဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၁၂၀ ကျော်၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၅၀၀၊ ချက်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀ နှင့် ဂျာမနီနိုင်ငံသို့ ဆန်ကွဲတန်ချိန် အနည်းငယ် တင်ပို့ခဲ့သည်။

ယခုတစ်ပတ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၉၃ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၇၀၀ ကျော် တင်ပို့ခဲ့သဖြင့် နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု တန်ချိန် ၉၈၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၁၀ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၄၀၀၀ ကျော် ပိုမိုတင်ပို့ ခဲ့သည်။

စက်တင်ဘာလ ဒုတိယပတ်တွင် ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၂၆၄၂၀ ကျော်ရှိကြောင်း သိရသည်။

**DAAT**

စာမျက်နှာ ၃ မှအဆက်

## အခွင့်အလမ်းကောင်းများစွာ

ထို့ပြင် ပိုးလမ်းမတစ်လျှောက် ဒေသများတွင် အီလက်ထရွန်နစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းသည် လွန်စွာအဓိပ္ပာယ်ရှိကြောင်း၊ ယနေ့ခေတ်တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းခိုင်မာစေရန် ဆောင်ရွက်ရာတွင် e-Commerce သည် အလွန်အရေးပါကြောင်း၊ ဒစ်ဂျစ်တယ်ခေတ်၌ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်မှုများအပေါ် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ မကြာသေးမီနှစ်များအတွင်းက ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ တိုးတက်ဖြစ်ထွန်းလာပြီဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်ဂေဟစနစ် ခိုင်မာအားကောင်းစေရန် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများကို ခေတ်နှင့်လျော်ညီစေရန် ဘက်စုံ ဒစ်ဂျစ်တယ်လမ်းပြမြေပုံအား ချမှတ် ဆောင်ရွက်နေကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee - DEDC) ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ယင်းကော်မတီတွင် မိမိက ဥက္ကဋ္ဌအဖြစ် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံအစိုးရက နည်းပညာဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရန်နှင့် ဒစ်ဂျစ်တယ်ကုန်သွယ်ရေးမြှင့်တင်ရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေကြောင်း၊ အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှုကို မောင်းနှင်ရန် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ်လုပ်ငန်းနှင့် ပညာရေးကဏ္ဍများတွင် ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးလာစေရန် အရှိန်မြှင့်တင်ကာ ဆောင်ရွက်နေကြောင်း၊ ပိုးလမ်းမတွင် အီလက်ထရွန်နစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်မှုများ ပိုမိုထွန်းကားလာစေရန် ပါဝင်သည့် နိုင်ငံများက ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများပြုခြင်းနှင့် ဆန်းသစ်တီထွင်မှုများနှင့် စွန့်ဦးတီထွင်ဆောင်ရွက်မှုများ စသည်တို့အပေါ် အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲများနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများကို ၂၀၀၄ ခုနှစ်မှစပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုအကြိမ်သည် အကြိမ်(၂၀)မြောက်ပင် ရှိလာခဲ့ပြီဖြစ်သည်။ အဆိုပါ ထိပ်သီးအစည်းအဝေးများမှသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အခွင့်အလမ်းကောင်းများစွာကို ရရှိလာပြီး အာဆီယံဒေသတွင်းနိုင်ငံများ၏ ကုန်စည်ကူးသန်းရောင်းဝယ်မှုများမှာ တိုးတက်လာလျက်ရှိနေသည်။

## မြန်မာကုန်စည် ပြခန်းပေါင်း(၈၀)

ယခု ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကုန်ပစ္စည်းများကို ပါဝင်ပြသခဲ့ရာ မြန်မာနိုင်ငံကလည်း ပြခန်းပေါင်း (၈၀)ကို ပါဝင်ပြသခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်အဖွဲ့သည် မြန်မာလုပ်ငန်းရှင်များ ဖွင့်လှစ်ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ မြန်မာကုန်စည်ပြခန်းပေါင်း (၈၀)တွင် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရေထွက်ကုန်များ၊ ထောပတ်သီး၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ကုန်များ၊ မြန်မာ့ကျောက်မျက် လက်ဝတ်ရတနာပစ္စည်းများကို ခင်းကျင်းပြသရောင်းချခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကုန်စည်ပြပွဲတွင် ပြပွဲဖွင့်သည့်ရက် စက်တင်ဘာ ၁၆ ရက်မှသည် ပြပွဲနောက်ဆုံးရက်ဖြစ်သည့် စက်တင်ဘာ ၁၉ ရက်အထိ မြန်မာနိုင်ငံမှ ပါဝင်ပြသသည့် ကုန်စည်ပြခန်းများ၌ မြန်မာ့ထုတ်ကုန်ပစ္စည်းများကို စိတ်ဝင်တစား လာရောက်လေ့လာကြည့်ရှုသူများ၊ ဝယ်ယူအားပေးကြသူများဖြင့် အထူးစည်ကားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မြန်မာပြခန်းဆောင်တွင် နှစ်လိုဖွယ်ရာမြို့အဖြစ် ရွေးချယ်ထားသော မန္တလေးမြို့ ပတ်ဝန်းကျင်ဒေသ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စက်မှုဇုန်၊ ခရီးသွားဇုန်၊ အိမ်ရာတည်ဆောက်ရေး စီမံကိန်းများကိုလည်း အားပေးကြည့်ရှုခဲ့သည်။

အကြိမ် (၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ဆက်စပ်ကျင်းပသော အဓိက အစီအစဉ်တစ်ခုဖြစ်သည့် Institutional




Opening - up For New Ecnomic Growth အစည်းအဝေးကိုလည်း ကျင်းပခဲ့ရာ ယင်းအစည်းအဝေးသို့ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကျွမ့် ကော်မတီအတွင်းရေးမှူး၊ ကွမ်ရှီးကျွမ့် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ တရုတ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်၊ စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးလည်း တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကြီးအကဲများ၊ သုတေသီများနှင့် ပညာရှင်များ၊ စီးပွားရေး ဦးဆောင်သူများက ဒေသတွင်း စီးပွားရေး အရှိန်အဟုန်သစ်ဖြင့် ဖွံ့ဖြိုးလာစေရန် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ စီမံခန့်ခွဲမှုများ၊ စံချိန်စံညွှန်းများ၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

## ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ

ယင်းအပြင် မြန်မာကုန်စည်ပြခန်းဆောင်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ စီးပွားရေးတွေ့ဆုံပွဲများ ကျင်းပသည့်နေရာ (Business Matching Area) တွင် မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်လိုသည့် တရုတ်လုပ်ငန်းရှင်များက လာရောက် တွေ့ဆုံပြီး မြန်မာ-တရုတ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို မေးမြန်းဆွေးနွေးခဲ့ကြရာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

## အခွင့်အလမ်းပေါင်းများစွာ

ယခုဆိုလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်နင်းမြို့၌ အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများကို လေးရက်တာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ကုန်စည်ပြပွဲကာလအတွင်း ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခဲ့သည့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကြားတွင် နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အပြင် အခြားတစ်ဖက်တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများစွာကို ရရှိခဲ့သည်။

## အောင်မြင်မှု ပြယုဂ်

ကွမ်ရှီးကျွမ့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခဲ့သည့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား နားလည်မှု စာချွန်လွှာများအဖြစ် (၁) Guangxi Economic and Trade Vocational School, Guangxi Nanning Orient Daytonz Import and Export Co.,Ltd. နှင့် စက်မှုဝန်ကြီးဌာန ရန်ကုန်သင်တန်းကျောင်းတို့အကြား ရေးထိုးခဲ့သည့် Cooperation Agreement of Luban Workshop Operation in Myanmar၊ (၂) မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ကွမ်ရှီးပြည်နယ်ရှိ ကျန်းရှီးကုန်သည်ကြီးများအသင်းတို့အကြား ရေးထိုးခဲ့သော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ (၃) ဂျိန်းဖောမြို့တော်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်နှင့် Guangxi Shengweida International Trade Co.,Ltd. တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ၊ (၄) လမင်းအောင် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကုမ္ပဏီလီမိတက်နှင့် Bondex Logistics Co.,Ltd တို့အကြား လက်မှတ်ရေးထိုးခဲ့သော ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ (၅) Golden Myanmar Honey Co.,Ltd. Nanning နှင့် Yanghua Import and Export Trading Co.,Ltd တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ပျားရည် ရောင်းဝယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်နှင့် (၆) Nanning Yanghua Import and Export Trading Co.,Ltd. နှင့် လမင်းအောင် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကုမ္ပဏီလီမိတက်တို့အကြား ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ကြသည်။ ယင်းမှာ အကြိမ် (၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများမှ ရရှိလာသည့် အောင်မြင်မှု ပြယုဂ်တစ်ခုလည်းဖြစ်သည်။

အချုပ်ဆိုသော် ပြပွဲကာလအတွင်း အိမ်ရှင် တရုတ်နိုင်ငံအပြင် အာဆီယံဒေသတွင်း နိုင်ငံများနှင့် စိုက်ပျိုးရေးကဏ္ဍ၊ စိုက်ပျိုးရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ အထည်ချုပ်ကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားကဏ္ဍ၊ ကုန်စည်ထုတ်လုပ်ရေးကဏ္ဍ၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ခရီးသွားလာမှုပူးပေါင်းဆောင်ရွက်ရေးနှင့် သစ်သီးဝလံကဏ္ဍတို့အား ထည့်သွင်းဆွေးနွေးခွင့်ရရှိခဲ့ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာ ရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို များစွာ အထောက်အကူ ဖြစ်လာစေမည်လည်းဖြစ်သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေး ဖိုရမ်တွင် အချက်အချာကျသည့် မန္တလေးတိုင်းဒေသကြီးသို့ တရုတ်နိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် လွတ်လပ်စွာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း မြန်မာနိုင်ငံမှ တာဝန်ရှိသူများက ဖိတ်ခေါ်နိုင်ခဲ့ခြင်းကြောင့် ယင်းကလည်း မန္တလေးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းများကို များမကြာမီကာလအတွင်း ဖန်တီးပေးနိုင်လိမ့်မည်ဟု ယုံကြည်ရပါသည်။

ထို့ကြောင့် ယခုကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများသည် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးရှိပြီး အာဆီယံ ဒေသတွင်းနိုင်ငံများအပြင် တရုတ်နိုင်ငံနှင့်ပါ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင်တွေ့လာရတော့မည်လည်းဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန
ကုန်သွယ်မှုပညာပေးရေးဌာနခွဲ
ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)
အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) (အမှတ်စဉ်-၈)
သင်တန်းသားများခေါ်ယူခြင်း

| | | |
|---|---|---|
| (က) | သင်တန်းကာလ | - ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ စတုတ္ထပတ်မှ(၄) လ ကြာသင်တန်း |
| (ခ) | သင်ကြားမည့်နေ့ရက်များ | - ရက်သတ္တပတ်တွင် (၂) ရက် (စနေ၊ တနင်္ဂနွေ) |
| (ဂ) | သင်တန်းအချိန် | - နံနက် ၉ : ၀၀ နာရီမှ ၁၂:၀၀ နာရီထိ |
| (ဃ) | သင်တန်းသားဦးရေ | - (၇၀) ဦးမှ (၉၀) ဦးထိ |
| (င) | သင်တန်းတည်နေရာ | - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ် (၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့် ၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| (စ) | သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် အတူပါရှိရမည့်စာရွက်စာတမ်းများ | - ဓါတ်ပုံ ၁လက်မပတ်လည် (၃) ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အထက်တန်းအောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ။ |
| (ဆ) | ဆက်သွယ်ရန်ဖုန်းနံပါတ် | - ၀၁-၂၅၀၈၇၁ ၊ ၀၁- ၃၇၈၇၉၈ |

ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်) တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းရန် ဖြစ်ပါသည်။

ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)

# ဖွဲနုဆီထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လုပ်ဆောင်နိုင်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဦးဆောင်လေ့လာမှုများပြုလုပ်

ဖွဲနုဆီထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) ဦးဆောင်၍ ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားသည့် ကုမ္ပဏီခြောက်ခုနှင့်အတူ စက်တင်ဘာ ၁၄ရက်တွင် သီလဝါဆိပ်ကမ်းဇရိယာရှိ တစ်ရက်လျှင် တန်၄၀၀ ကျော်ပမာဏဖြင့် လုပ်ငန်းလည်ပတ်နေသော WILMAR MYANMAR EDIBLE OILS LIMITED သို့ သွားရောက်လေ့လာခဲ့သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သည် ဆန်စပါးကြိတ်ခွဲသန့်စင်ထုတ်လုပ်သည့် ဆန်စက်များ၏ ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများဖြစ်သော စပါးခွံ (Rice Husk) နှင့် ဖွဲနု (Rice Bran) တို့မှ တန်ဖိုးမြှင့်ထွက်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရသည်။

ထို့ကြောင့် ဖွဲနုဆီထုတ်လုပ်ရေး လုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရန်လည်း ရည်ရွယ်ပြီး လေ့လာရေးခရီးစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ဖွဲနုဆီ ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှစားအုန်းဆီ တင်သွင်းမှု လျှော့ချနိုင်ရေးအပြင် နိုင်ငံသားများအတွက် ကျန်းမာရေးကိုလည်း အထောက်အပံ့ဖြစ်စေသည်။ ဖွဲနုဆီသည် မပြည့်ဝဆီ (Unsaturated fat) အမျိုးအစားဖြစ်ခြင်းကြောင့် လူသားများ အဓိကထားစားသုံးသင့်သည့် ဆီအမျိုးအစားဖြစ်ပြီး အနံ့၊ အရသာမရှိခြင်းကလည်း အားသာချက်တစ်ခုဖြစ်နေသည်။

စပါးခွံမှလျှပ်စစ်ထုတ်သည့် ပြန်လည်ပြည့်ဖြိုးမြဲလျှပ်စစ်စွမ်းအင်ထုတ်စက်ရုံ၊ ဖွဲနုမှ ဆီကြမ်း ထုတ်လုပ်ရေးစက်ရုံ၊ ဖွဲနုဆီ သန့်စင်စက်ရုံများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ အသင်းဝင်ကုမ္ပဏီများ၊ ဆန်စက်များ လုပ်ငန်းရှင်များအနေဖြင့် တစ်ဖွဲ့တည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ရင်းနှီးမြှုပ်နှံနိုင်ကြောင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် စပါးခွံနှင့် ဖွဲနုတို့မှ သုတေသနနှင့်ဖွံ့ဖြိုးရေးကော်မတီ (MRF - R&D Committee) သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ထိုကဲ့သို့တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုလုပ်ငန်းများသည် နိုင်ငံ တော်၏ စားသုံးဆီကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲလျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုကဏ္ဍ၊ မွေးမြူရေးအစာထုတ်လုပ်မှုကဏ္ဍတို့တွင် အကျိုးပြုစေမည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်း ကုန်ထုတ်လုပ်မှု၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှု၊ နည်းပညာ တိုးတက်ရရှိနိုင်မှုနှင့် စီးပွားရေးအရ အကျိုးအမြတ်ရရှိမှုတို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံလိုသူများအား ငွေကြေးနှင့် ဘဏ္ဍာဝန်ဆောင်မှုဆိုင်ရာ ကာလလတ်နှင့် နှစ်ရှည်ချေးငွေ (Medium and Long Term Project Finance) ရရှိနိုင်ရေးနှင့် ခေတ်မီနည်းပညာပိုင်းဆိုင်ရာတို့တွင် နိုင်ငံတကာ အဖွဲ့အစည်းများ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အသင်းချုပ်က ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**MRF**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၂ . ၉ . ၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရုပ်ဆိပ်ကမ်း | MT.MESON | P'Oil(In Bulk) တန်ချိန် ၄၃၀၀ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၁) | SITC CHEMING | ကုန်သေတ္တာ ၄၃၀တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | ISEACO FORTUNE | ကုန်သေတ္တာ ၅၈၁ တင် ၄၇၅ ချဆဲ |
| | MSC SUPARNAF | ကုန်သေတ္တာ ၃၆၁တင်၁၂၆ချဆဲ |
| | KOTA HAPAS | ကုန်သေတ္တာ ၆၂၀ တင် ဂ၆၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | CONTRAVIA | ကုန်သေတ္တာ ဂ၄၅ တင် ၇၄၄ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ISEACO WISDOM | ကုန်သေတ္တာ ဂ၇၄ တင် ၃၄၉ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | GSS YANGON | ကုန်သေတ္တာ ၉၉၂ တင် ဂ၅၂ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံစက်မှုဆိပ်ကမ်းအမှတ်(၁) | NEW SUN BLUE | Urea(In Bulk)12546 ချဆဲ(ပူးတွဲလုပ်ဆောင်) |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၁) | MT .VIET TIN LUCKY | အလုပ်မလုပ် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | PHUONG DONG10 | ပြောင်းဝါ တန်ချိန် ၆၀၀၀တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| | LUCKY STAR | Steel&Fertilizer တန်ချိန် ၁၆၆၃၀ ချဆဲ(ပူးတွဲလုပ်ဆောင် |
| သီလဝါဆိပ်ကမ်းအမှတ်(၅) | CL RUBY | Cement Slag 27300 ချဆဲ |
| Willmar Myanmar Port Terminal | NORD HAKATA | Urea တန်ချိန် ၂၀၅၀၀ ချဆဲ |
| Myanmar Kong Hua ဆိပ်ကမ်းတံတား | FLORA | Urea (In Bulk) ၂၁ဂ၀၀တန်ချရန်ရှိ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| NEW SUN BLUE | Urea, တန်ချိန် ၁၂၅၀၀ တန်ချရန် | - | ၂၂.၉.၂၀၂၃ |
| PHUONG DONG-10 | Y'Maize, တန်ချိန် ၆၀၀၀ တင်ရန် | - | ၂၃.၉.၂၀၂၃ |
| LUCKY STAR | Steel&Urea တန်ချိန် ၁၇ဂ၀၀ တန်ချရန် | CHINA | ၂၄.၉.၂၀၂၃ |
| PIONEER GLORY | Pulses တန်ချိန် ၁၀၀၀၀ တန်တင်ရန် | INDIA | ၂၄.၉.၂၀၂၃ |
| DIRECTION SW | Steel တန်ချိန် ၁၃၀၀၂ တန်ချရန် | CHINA | ၂၄.၉.၂၀၂၃ |
| ARCOLA | Soy Bean Meal တန်ချိန် ၂၆၄၂၉ တန်ချရန် | URUGUAY | ၂၄.၉.၂၀၂၃ |
| WHITE INABA | Units Vehicles (63 PKGS),၃၀ ချရန် | KOREA | ၂၅.၉.၂၀၂၃ |
| LI XIANG | CATERPILLARS & MACHINERY,၁၆၆၂ချရန် | CHINA | ၂၈.၉.၂၀၂၃ |
| VTC OCEAN | ဆန်တန်ချိန် ၂၀၀၀၀ တန်တင်ရန | INDONESIA | ၃၀.၉.၂၀၂၃ |
| BULK PATAGONIA | Soy BEAN MEAL, တန်ချိန် ၂၆၃ဂ၉တန်ချရန် | ARGTENTINA | ၄.၁၀.၂၀၂၃ |
| NINGHAI | Soy Bean Meal တန်ချိန် ၂ဂ၄၆၂ တန်ချရန် | AUSTRALIAS | ၇.၁၀.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA HAPAS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၉.၂၀၂၃ |
| CONTRIVIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၉.၂၀၂၃ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၉.၂၀၂၃ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၉.၂၀၂၃ |
| CHERRY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၉.၂၀၂၃ |
| MSC FORTUNE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၉.၂၀၂၃ |
| NITHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၉.၂၀၂၃ |
| MSC DHANTIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၉.၂၀၂၃ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆.၉.၂၀၂၃ |
| ALS SUMIRE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၉.၂၀၂၃ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၉.၂၀၂၃ |
| CONCERTO | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၉.၂၀၂၃ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၉.၂၀၂၃ |

## ၇-၉-၂၀၂၃ မှ ၂၀-၉-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1329 | 21 | - | - | - | 1351 |
| | Form AANZ | 24 | - | - | - | - | 24 |
| | Form AHK | 3 | - | - | - | - | 3 |
| | Form AI | 432 | 3 | - | - | 1 | 436 |
| | Form AJ | 36 | 1 | - | - | - | 37 |
| | Form AK | 352 | 7 | - | - | - | 359 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 16 | - | - | - | - | 16 |
| | Form E | 424 | 5 | - | - | 2 | 431 |
| | Form Korea | 39 | - | - | - | - | 39 |
| | E Form D | 450 | - | - | - | - | 450 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **3105** | **37** | - | - | **4** | **3146** |

## မိတ္ထီလာခရိုင်တွင် ကြက်သွန်နီဈေး အနည်းငယ်ကျဆင်း

မိတ္ထီလာခရိုင်အတွင်း ကြက်သွန်နီလက်ကားဈေး အနည်းငယ် ကျဆင်းသကဲ့သို့ နယ်ဝေးတင်ပို့မှုမှာလည်း လျော့နည်းလာကြောင်း သိရသည်။ ယခင်က ရန်ကုန်၊ ပဲခူးသို့ ပုံမှန်ပို့နိုင်ပြီး နယ်စပ်လမ်းကြောင်းများသို့ပါ တင်ပို့နိုင်ခြင်းကြောင့် ကုန်တင်ယာဉ်များအတွက် အကျိုးအမြတ်များခဲ့သည်။ တင်ပို့ရာတွင် ဘင်္ဂလားဒေ့ရှ်သို့ Over Sea မှလည်းကောင်း၊ ဗီယက်နမ်၊ မလေးရှားနိုင်ငံများသို့ နယ်စပ်လမ်းကြောင်းဖြစ်သည့် မြဝတီမှလည်းကောင်း တင်ပို့ကြောင်းသိရသည်။

ယခုအခါ ပစ္စည်းအရည်အသွေး၊ သိုလှောင်ချိန်နှင့် ရာသီဥတု အခြေအနေအရ အရည်အသွေး ကျဆင်းလာခြင်း၊ နယ်စပ်ငွေလဲနှုန်း ကျဆင်းခြင်းတို့ကြောင့် တစ်ပတ်အတွင်း တင်ပို့မှုလျော့ကျလာကြောင်း သိရသည်။ တစ်ပတ်အတွင်း ရန်ကုန်သို့ ၁၂ ဘီးယာဉ် နှစ်စီး၊ ကုန်ချိန် ၁၀ တန်ခန့်နှင့် ပဲခူးသို့ ခြောက်ဘီးယာဉ်ဖြင့် ကုန်ချိန် ၁ ဒသမ ၅ တန်ကျော် တင်ပို့နိုင်ခဲ့သည်။

ကုန်တင်ခများ မြင့်တက်မှုမရှိဘဲ ရန်ကုန်သို့ တစ်ပိဿာ ကျပ် ၁၂၀၊ ပဲခူးသို့ ကျပ် ၁၀၀ ရှိပြီး ကြက်သွန်နီ လက်ကားဈေးမှာ ယခင်တစ်ပတ်ထက် တစ်ပိဿာ ကျပ် ၂၀၀-၃၀၀ ကျဆင်းရာ လက်ရှိဈေးမှာ လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၂၈၀၀-၂၇၀၀ ရှိကြောင်း ဈေးကွက်မှ သိရသည်။

**သင်းသင်းမြတ် (မိတ္ထီလာ)**

## နှံစားပြောင်းသီးနှံများ အောင်မြင်စွာ စိုက်ပျိုးပြီးစီး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စားဖိုဆောင်သီးနှံမျိုးစုံ စိုက်ပျိုးသည့်အပြင် ပြောင်းအမျိုးမျိုးကိုလည်း စိုက်ပျိုးလျက်ရှိရာ နှံစားပြောင်းသီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နှံစားပြောင်းစိုက်ဧက ၃၁၇၇ ဧကကို အောင်မြင်စွာ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရသည်။

ကျောက်ဆည်မြို့နယ်တွင် အများဆုံးစိုက်ပျိုးသော ရွာများမှာ တောင်တော်ကျေးရွာ၊ နောင်ခမ်းကျေးရွာနှင့် ကင်းကျေးရွာများတွင် ကုန်းကွက်များ၌ စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးပြီး ၃-၄ လတွင် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ နှံစားပြောင်းသီးနှံစိုက်ပျိုးမှု တစ်ဧကမျိုးအနေဖြင့် လေးပြည် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးသော မျိုးများမှာ ထွက်တိုးနီနှင့် ထွက်တိုးဖြူမျိုးများကို စိုက်ပျိုးကြကြောင်း၊ မျိုးတစ်ပြည်လျှင် ကျပ် ၃၀၀၀ ပေးရကြောင်း၊ ပြောင်းစိုက်ပျိုးမှု တစ်ဧကကုန်ကျစရိတ်အနေဖြင့် ကျပ် ၂၀၀၀၀၀ ကုန်ကျကြောင်း၊ ယခင်နှစ်စိုက်ပျိုးမှုတွင် တစ်ဧက ရိတ်သိမ်းခြွေပြီးသည်အထိ ကျပ် ၃၀၀၀၀၀ ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၃၅ တင်းထွက်ရှိခဲ့ပြီး ပြောင်းတစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဖြင့် ရောင်းချရသဖြင့် အကျိုးအမြတ်အနေဖြင့် ကျပ် ၄၀၀၀၀၀ ဝန်းကျင်ခန့်မြတ်ကြောင်း၊ နှံစားပြောင်းဖြတ်ပြီး ကျန်ရှိသော ပြောင်းရိုးကို ရောင်းချပါက တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ ရောင်းရကြောင်း၊ နွားစာ ကျွေးမွေးရန်အတွက် လာရောက်ဝယ်ယူသူများလည်းရှိသဖြင့် ပြောင်းရိုး ရောင်းချမှုဖြင့် မျိုးဖိုး ပြန်လည်ရကြောင်း၊ နှံစားပြောင်းစိုက်ပျိုးမှုတွင် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များရှိသဖြင့် နှံစားပြောင်း သီးနှံကို တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြအပ်သည်။

**မော်မော်အောင်**

# ကမ္ဘာ့ဆီထွက်သီးနှံများနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေး

**ဝေဝေမင်း(ပြည်)**



ကမ္ဘာပေါ်တွင် စားသုံးရန် ဆီထုတ်လုပ်သော ဆီထွက်သီးနှံ အမျိုးမျိုးရှိသော်လည်း အဓိကစားသုံးဆီမှာ လေးမျိုးရှိသည်။ အဆိုပါ ဆီထွက်သီးနှံလေးမျိုးမှာ ပဲပုပ်ဆီ၊ နေကြာဆီ၊ မုန်ညင်းဆီနှင့် စားအုန်းဆီတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် နိုင်ငံခြားက မှာယူတင်သွင်းသော စားအုန်းဆီများကို အဓိကထား၍ စားသုံးကြသည်။

### ပဲပုပ်ဆီ

ကမ္ဘာပေါ်တွင် ပဲပုပ်စေ့သည် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ဆီထွက်သီးနှံထွက်ရှိမှု၏ ၅၈ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ ထွက်ရှိမှု၏ ၃၆ ရာခိုင်နှုန်း ရှိခဲ့သည်။ ပဲပုပ်စေ့တွင် ဆီပါဝင်မှုရာခိုင်နှုန်းမှာ ၁၂ ရာခိုင်နှုန်း မှ ၂၅ ရာခိုင်နှုန်းအထိရှိ၍ ကမ္ဘာ့ဆီထွက် သီးနှံများ၏ ၅၅ ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သိရသည်။

ပဲပုပ်ကို အဓိကထုတ်လုပ်သော နိုင်ငံများမှာ အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ဖြစ်သည်။

### မုန်ညင်း

မုန့်ညင်းစေ့တွင် ဆီပါဝင်မှုရာခိုင်နှုန်းမှာ ၄၀ ရာခိုင်နှုန်းရှိပြီး ကမ္ဘာပေါ်တွင် မုန်ညင်း အဓိကစိုက်ပျိုးသောနိုင်ငံမှာ ဥရောပနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကနေဒါနိုင်ငံနှင့် သြစတြေးလျနိုင်ငံတို့ဖြစ်သည်။ မုန့်ညင်းမှ ဆီထွက်ရှိမှု၏ ၁၈ ရာခိုင်နှုန်းရှိသည်ဟုသိရသည်။

### နေကြာ

နေကြာစေ့တွင် ဆီပါဝင်မှုရာခိုင်နှုန်းမှာ ၂၂ ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်းအထိရှိသည်။ နေကြာသီးနှံသည် ကမ္ဘာ့ဆီထွက်သီးနှံ ထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းနှင့် အထက်ရှိပြီး အများဆုံး ထုတ်လုပ်သည့်နိုင်ငံမှာ ရုရှားနိုင်ငံ၊ ယူကရိန်းနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့ဖြစ်သည်။ နေကြာသီးနှံ၏ မူရင်းဒေသမှာ တောင်အာဖရိကနှင့် မြောက်အမေရိကတိုက်တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် ယခင်က နေကြာကို အနည်းငယ်သာ စိုက်ပျိုးကြပြီး ယခုနောက်ပိုင်းကာလများတွင် ပြည်တွင်းစားသုံးဆီဖူလုံမှု ရှိစေရန်အတွက် စမ်းသပ်စိုက်ပျိုးလာကြသည်။ နေကြာကို ဧကပြတ် စိုက်ပျိုးကြသလို ပဲမျိုးစုံ စိုက်ခင်းများထဲတွင်လည်း သီးထပ်သီးညှပ် စိုက်ပျိုးကြကြောင်း သိရသည်။

နေကြာဆီသည် ကျန်းမာရေးနှင့် ညီညွတ်သည့် သဘာဝစားဆီဖြစ်ပြီး အနံ့မရှိသည့် ဆီတစ်မျိုးဖြစ်သည်။

ယခင်က စားအုန်းဆီကို ပြည်တွင်းစားသုံးဆီ လုံလောက်မှုမရှိ၍ နှစ်စဉ်စားအုန်းဆီများကို ပြည်ပမှ တင်သွင်းနေရသည်။ ယခုအခါ ပြည်တွင်း စားသုံးဆီများ ဖူလုံရေးအတွက် နှမ်း၊ မြေပဲနှင့် နေကြာများကို အဓိကထား၍ စိုက်ပျိုးကြသည်။ စားသုံးဆီဖူလုံမှု မရှိသေးသဖြင့် စားအုန်းဆီများကိုလည်း ဝယ်ယူ၍ စားသုံးကြသည်။ ယခုအခါ နိုင်ငံတော်မှလည်း စားအုန်းဆီများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ပြည်တွင်း စားသုံးဆီများဖြစ်သော မြေပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီတို့ရှိရာ စားအုန်းဆီကို အခြေခံလူတန်းစားများ စားသုံးကြပြီး မြေပဲဆီနှင့် နှမ်းဆီကို ငွေကြေးပြည့်စုံသူများက ဝယ်ယူစားသုံးကြသည်။ ဝယ်ယူစားသုံးကြသော စားသုံးဆီဈေးနှုန်းများကို အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်-

| စဉ် | လအမည် | မြေပဲဆီ | နှမ်းဆီ | စားအုန်းဆီ |
|---|---|---|---|---|
| | ၂၀၂၃ | | | |
| ၁ | ဇန်နဝါရီ | ၁၀၅၀၀ | ၁၁၀၀၀ | ၆၈၀၀ |
| ၂ | ဖေဖော်ဝါရီ | ၁၃၀၀၀ | ၁၂၀၀၀ | ၇၆၀၀ |
| ၃ | မတ်လ | ၁၃၀၀၀ | ၁၂၀၀၀ | ၇၆၀၀ |
| ၄ | ဧပြီလ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၈၀၀ |
| ၅ | မေလ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၆၀၀ |
| ၆ | ဇွန်လ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၆၀၀ |
| ၇ | ဇူလိုင် | ၁၄၀၀၀ | ၁၃၀၀၀ | ၈၅၀၀ |
| ၈ | သြဂုတ်လ | ၁၄၀၀၀ | ၁၂၅၀၀ | ၈၁၀၀ |
| ၉ | စက်တင်ဘာလ | ၁၃၅၀၀ | ၁၄၀၀၀ | ၅၀၀၀ |

မြေပဲဆီဈေးမှာ ၂၀၂၃ ဇန်နဝါရီလတွင် တစ်ပိဿာလျှင် ကျပ် ၁၀၅၀၀ ရှိခဲ့ပြီး စက်တင်ဘာလ တတိယပတ်တွင် တစ်ပိဿာလျှင် ကျပ် ၁၃၅၀၀ ဈေးဖြစ်သဖြင့် တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ခန့် ဈေးများ မြင့်တက်လာခဲ့သည်။ နှမ်းဆီဈေးမှာလည်း ဇန်နဝါရီလတွင် တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀ ဈေးရှိခဲ့ပြီး စက်တင်ဘာလ တတိယပတ်တွင် တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ ဖြစ်၍ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် ဈေးမြင့်တက်လာခဲ့သည်။ စားအုန်းဆီဈေးမှာ ဇန်နဝါရီလတွင် တစ်ပိဿာလျှင် ကျပ် ၆၈၀၀ ဖြစ်ခဲ့ပြီး ယခု စက်တင် ဘာလ တတိယပတ်တွင် တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဈေးဖြင့် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ခန့် ဈေးများ ကျဆင်းလာသည်။

ဒေသတွင်းထွက်ရှိသော မြေပဲဆီ၊ နှမ်းဆီများကို အရည်အသွေးမြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုလျှင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်မည်ဖြစ်သလို ဆီဖူလုံမှုရှိပါက ပိုလျှံသောဆီများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်လည်းဖြစ်သည်။

စားသုံးသူပြည်သူများအနေဖြင့် ကျန်းမာရေးအရလည်း ကောင်းမွန်စေရန် ဆီကိုများပြားစွာ စားသုံးခြင်းမပြုဘဲ ဆီကိုလျှော့၍ စားသုံးကြဖို့ လိုအပ်သည်။ အရွယ်အလိုက် တစ်ရက်ဆီစားသုံးမှုမှာ အသက် (၁)နှစ်မှ (၃)နှစ်အတွင်းကို ဆီ ငါးမတ်သား၊ အသက်(၄)နှစ်မှ (၆)နှစ် အတွင်း တစ်ကျပ်ခွဲသားနှင့် (၆)နှစ်နှင့်အထက် နှစ်ကျပ်ခွဲသားခန့် စားသုံးပေးရန် လိုအပ်သည်။ ထို့ကြောင့် လူတစ်ဦး လျှင် တစ်နှစ်ပျမ်းမျှ စားသုံးဆီစားသုံးမှုမှာ ငါးပိဿာနှင့် ၄၀ ကျပ်သား စားသုံးသင့်ကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်းသုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် မြေပဲနှင့် နှမ်းကို မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းသော ဆီထွက်သီးနှံများ ရရှိလာနိုင်မှာဖြစ်သည်။ စားသုံးဆီများ၏ စံချိန်စံညွှန်း သတ်မှတ်ပြီး စားဆီအရည်အသွေးကို ထိန်းချုပ်ပေးလျှင် ပြည်ပသို့ တင်ပို့နိုင်မှာဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ ရရှိနိုင်မည်ဖြစ်သည်။

## ဆိပ်ဖြူမြို့ ကြက်သွန်နီဈေးကွက်အခြေအနေ

ဆိပ်ဖြူမြို့ ကြက်သွန်နီဈေးကွက်သို့ စက်တင်ဘာ ၁၆ ရက်မှ ၂၁ ရက်ထိ နေ့စဉ်ကုန်ချိန် ပိဿာ နှစ်သောင်းခွဲခန့်၊ တစ်ပတ်အတွင်း စုစုပေါင်း ပိဿာတစ်သိန်းခွဲခန့် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်ပြီး ဆိပ်ဖြူမြို့မှ ကုန်စည်စီးဆင်းမှုမှာ တစ်ပတ်အတွင်း ပိဿာ လေးသိန်းခန့် စီးဆင်းလျက်ရှိကြောင်း သိရှိရသည်။

ယခု စက်တင်ဘာလ တတိယပတ်အတွင်း ကြက်သွန်နီတစ် ပိဿာဈေးနှုန်းမှာ အမြင့်ဈေး ထိပ်စ (ရှယ်) ကျပ် ၂၆၅၀ မှ ၂၉၅၀ ၊ အလတ်စ ကျပ် ၂၅၀၀ မှ ၂၆၂၅၊ အနိမ့်ဈေး ကျပ် ၂၄၀၀ မှ ၂၆၀၀ ဈေးနှုန်းအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်တွင် ကြက်သွန်နီ ထိပ်စ အမြင့်ဆုံးဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ယခုတစ်ပတ်တွင် ထိပ်စ(ရှယ်)၊ အလတ်စနှင့် အသေးစ ကျပ် ၅၀ ဈေးနှုန်းကျဆင်း၍ အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။

ဆိပ်ဖြူမြို့မှ ကြက်သွန်နီများကို ရန်ကုန် ဘုရင့်နောင်ပွဲရုံသို့ ကုန်ချိန်အများဆုံး စီးဆင်းလျက်ရှိပြီး ပြည်ပတင်ပို့မှု နည်းကြောင်း ကြက်သွန်နီဈေးကွက်မှ သိရှိရသည်။ ယခုစက်တင်ဘာလ တတိယပတ်အတွင်း ကြက်သွန်နီ စုစုပေါင်း ပျမ်းမျှပိဿာ လေးသိန်းခန့်၊ အိတ် ၁၆၀၀၀၊ တန်ချိန် ၆၅၃ ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း ဈေးကွက်မှ သိရှိရသည်။

ဆိပ်ဖြူကြက်သွန်နီ စက်တင်ဘာလ တတိယပတ်တွင် ပြည်ပဝယ်လိုအားနည်း၍ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ဈေးကွက်မှ သိရှိရသည်။

**မြင့်မြင့်သန်း(ပခုက္ကူ)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တန်ဖိုးမြင့် ထောပတ်သီးအဆီ ထုတ်လုပ်မှုစက်ရုံသို့ လည်ပတ်ခဲ့ရာဝယ်

စံပယ်ဖြူ (CJ)
စောဝင်းကျော်(တောင်ကြီး)

"ပျိုပျိုခင် အလည်အပတ်ထွက်တယ် မော်တော်ကားနဲ့ရယ် ဟိုယခင် ကျောင်းပိတ်တဲ့ ရက်ကကွယ် ရှမ်းပြည်ကို တောင်ပိုင်းရော၊ မြောက်ပိုင်းရောကွယ် နှံ့ခဲ့တယ်"ဆိုသည့် သီချင်းလေးထဲကလိုပဲ အားလပ်ရက်မှာ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ကို အလည်တစ်ခေါက် ရောက်ခဲ့သည်။ ကလောမြို့၏ အထင်ကရ နေရာလေးများကို သွားပြီးသည့်အချိန်မှာ နယ်ခံ သူငယ်ချင်းဖြစ်သူက ကလောမြို့နယ်ထဲမှာ ထောပတ်သီးဆီထုတ်လုပ်သည့် စက်ရုံရှိသည် ပြောတော့ စိတ်ဝင်စားလို့ သွားရောက်လေ့လာခဲ့သည်။

စက်ရုံက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ သီးခေါင်ကျေးရွာအုပ်စု၊ တောင်မြေခြားကျေးရွာ၌ ရှိသည်။ Shan Orchard Myanmar Ltd. ကုမ္ပဏီက မြန်မာပြည်၏ ထောပတ်သီးဈေးကွက်အား ကမ္ဘာနှင့်ချိတ်ဆက်နိုင်ပြီး ဒေသထွက်ထောပတ်သီးမှ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြောင်းလဲ၍ ကမ္ဘာ့နိုင်ငံဈေးကွက်များသို့ ထိုးဖောက်ကာ ပြည်ပပို့ကုန် အမယ်သစ်တစ်ခုအဖြစ် ပို့ကုန်တိုးမြှင့်စေပြီး နိုင်ငံခြားဝင်ငွေများရရှိစေရန် ရည်ရွယ်၍ ထောပတ်သီးမှ အဆီထုတ်လုပ်ခြင်းကို ၂၈-၃-၂၀၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး နည်းပညာနှင့်စက်ပစ္စည်းများကို အီတလီနိုင်ငံ AIFA Laval ကုမ္ပဏီမှ နောက်ဆုံးပေါ် ကမ္ဘာ့အဆင့်မီ ထောပတ်သီးအဆီနှင့် သံလွင်ဆီ ထုတ်လုပ်နိုင်သည့် စက်များကို အသုံးပြုကာ မြန်မာပြည်၏ ပထမဆုံး Cold-Press Technology အသုံးပြု၍ ထုတ်လုပ်နေသည်။ စက်ရုံဝန်ထမ်း ၁၀ ဦးခန့်ရှိသည်။

ရှမ်းပြည်နယ်မှ ထောပတ်သီး တန်ချိန်ပေါင်း ၃၀၀၀၀ ကျော်ထွက်ရှိပြီး ၅၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး အသိပညာ မပြည့်ဝခြင်း၊ ခူးဆွတ်သည့်နည်း မမှန်ကန်ခြင်း၊ ထုပ်ပိုးမှု မမှန်ကန်ခြင်းနှင့် သယ်ယူပို့ဆောင်မှုနည်းလမ်း မမှန်ကန်ခြင်းတို့ကြောင့် နှစ်စဉ်ပျက်စီးဆုံးရှုံးလျက်ရှိသည့်အတွက် ပယ်သီးများကို ကုန်ကြမ်းအနေဖြင့် ဆီကြိတ်ခွဲထုတ်လုပ်ခြင်းဖြင့် တောင်သူများ အကျိုးကျေးဇူးနှင့် ဝင်ငွေပိုမိုရရှိစေရန် စက်ရုံတည်ထောင်ပြီး တန်ဖိုးမြင့် ထောပတ်သီးအဆီများကို ထုတ်လုပ်ခြင်းဖြစ်သည်။ Global GAP လက်မှတ်ရရှိသည့် ခြံများမှ ကုန်ကြမ်းများ ရယူကြိတ်ခွဲလျက်ရှိသည်။ ထုတ်လုပ်ထွက်ရှိသည့် ထောပတ်သီးအဆီများအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ထောက်ခံချက်ရယူရန် ဆောင်ရွက်ထားဆဲဖြစ်သည်။





ကုမ္ပဏီအနေဖြင့် ထောပတ်သီးအဆီ အရည်အသွေးအတွက် စက်ရုံမှ မကြိတ်ခွဲမီ Dry Matter Test နှင့် ကိုယ်ပိုင်ဓာတ်ခွဲခန်း၌ စဉ်ဆက်မပြတ် စစ်ဆေး၍ အရည်အသွေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ထောပတ်သီးများ ရင့်မှည့်ချိန်ဖြစ်သည့် (ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လ) လေးလသာ စက်ရုံကို လည်ပတ်ပြီး ကုန်ကြမ်းများကို အကျိုးတူဆောင်ရွက်လျက်ရှိသည့် ထောပတ်တောင်သူများနှင့် ဒေသတွင်း တောင်သူများထံမှ ပေါက်ဈေးအတိုင်းဝယ်ယူခြင်းကို နှစ်စဉ် ဆောင်ရွက်လျက်ရှိသည်။ Shan Orchord MyanmarLtd. စက်ရုံမှ ထောပတ်သီးဆီ သုံးမျိုးထုတ်လုပ်လျက်ရှိသည်-

**(၁) Hass Extra Virgin (Cooking Oil)**

Hass Extra Virgin Oil သည် နိုင်ငံခြားထောပတ်သီးမျိုးများအား မြန်မာနိုင်ငံတွင် စိုက်ပျိုးပြီး ထုတ်လုပ်မှုမှရရှိလာသော ဆီအမျိုးအစားဖြစ်ပြီး Extra Virgin သည် ထောပတ်သီး၏ အသားသီးသန့်မှ ထုတ်လုပ်ထားသော ဆီဖြစ်သည်။ အသားထုတ်ခြင်းကိုလည်း စက်ဖြင့်ပင် ဆောင်ရွက်သည်။ Extra Virgin မှာ ထောပတ်သီးအနံ့ရှိပြီး ဖြည့်စွက်စာအဖြစ် သုံးစွဲခြင်း၊ ချက်ပြုတ်ကြော်လှော်ခြင်းနှင့် အသုပ်များတွင် အသုံးပြုခြင်း၊ ဆံပင်၊ ဦးရေပြားနှင့် အရေပြားများတွင်လည်း အသုံးပြုနိုင်ပြီး ချက်ပြုတ်ရာတွင်လည်း ဟင်းအနံ့နှင့် အရသာပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရသည်။

**(၂) Local Extra Virgin (Cooking Oil)**

Local EV Oil သည် ဒေသထောပတ်သီးမျိုးများမှ ရရှိလာသော ဆီအမျိုးအစားဖြစ်ပြီး Local Extra Virgin သည် ထောပတ်သီး၏ အသားသီးသန့်မှ ထုတ်လုပ်ထားသော ဆီဖြစ်သည်။ အသားထုတ်ခြင်းကိုလည်း စက်ဖြင့်ပင် ဆောင်ရွက်သွားသည်။ အရသာမှာ နှမ်းဆီကဲ့သို့ အနည်းငယ်ခါးသက်ပြီး ဖြည့်စွက်စာအဖြစ် သုံးစွဲခြင်း၊ ချက်ပြုတ်၊ ကြော်လှော်ခြင်း၊ အသုပ်များတွင် အသုံးပြုခြင်း၊ ဆံပင်၊ ဦးရေပြား၊ အရေပြားများတွင်လည်း အသုံး ပြုနိုင်ပြီး ထောပတ်သီးအနံ့ရှိပြီး ချက်ပြုတ်ရာတွင် ဟင်းအနံ့၊ အရသာ ပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရသည်။




**(၃) Crude (Cosmetic Grade)**

Crude သည် ထောပတ်သီး၏ အစေ့၊ အခွံ၊ အသား တစ်ခုလုံး ရောကြိတ်ထားသော အဆီဖြစ်၍ အလှကုန်များနှင့် ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုပြီး အရသာ အလွန်ခါးသည်ကို တွေ့ရှိရသည်။ စက်မှုကုန်ကြမ်းဆီ Crude (Cosmetic Grade) မှ အလှကုန် ၁၄ မျိုးအား Shan Orchard အမည်ဖြင့်ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်များသို့ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

Shan Orchard Myanmar Ltd.၏ စက်ရုံမှ တစ်နေ့လျှင် ထောပတ်သီးအဆီကုန်ချော ၅၀၀ လီတာ ပုံမှန်ထုတ်လုပ်နိုင်ပြီး ကုန်ကြမ်း ထောပတ်သီးအမျိုးအစားပေါ်မူတည်၍ ဆီထွက်နှုန်းမှာ Hass အမျိုးအစားအနေဖြင့် ကုန်ကြမ်း တစ်တန်လျှင် ပျမ်းမျှ ကုန်ချောဆီ ၁၁ ရာခိုင်နှုန်း ဒေသသီး ကုန်ကြမ်းအနေဖြင့် တစ်တန်လျှင် ပျမ်းမျှ ကုန်ချောဆီ ၄ ရာခိုင်နှုန်းရရှိပြီး ၂၀၂၂ ခုနှစ်တွင် ထောပတ်သီးဆီ ၁၀ တန်ထုတ်လုပ်နိုင်ခဲ့ရာ ယခုလာမည့် ရာသီ၌ တန် ၂၀ ခန့် တိုးမြှင့်ထုတ်လုပ်ရန် စီစဉ်ထားသည်။ ၎င်းအနက် ၁၂ တန်ကို အကျိုးတူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှ ကြိုတင်မှာယူထားရှိပြီးဖြစ်သည့်အတွက် ကျန်ရှစ်တန်အား ပြည်တွင်း/ပြည်ပ ဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။ လက်ရှိအနေဖြင့် စက်ရုံအား မီးစက်ဖြင့်သာ လည်ပတ်၍ ပုံမှန်လျှပ်စစ်မီးရရှိ အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်မီးရရှိပါက စက်ရုံလည်ပတ်မှုအတွက် ကုန်ကျစရိတ်များ သက်သာ၍ ထုတ်လုပ်မှုလည်း ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်၍ ထုတ်ကုန်များအား သင့်တင့်သော ဈေးနှုန်းများဖြင့် ဈေးကွက်များသို့ ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

ရောင်းချသည့် ဈေးနှုန်းများမှာ Hass Extra Virgin (Cooking Oil) မှာ တစ်လီတာလျှင် ပုံမှန်ဈေးနှုန်း ကျပ် ၂၅၂၀၀ ရှိသော်လည်း ဆီမိတ်ဆက်သည့်အနေဖြင့် တစ်လီတာ ကျပ် ၂၀၀၀၀၊ Local Extra Virgin (Cooking Oil) မှာ တစ်လီတာလျှင် ပုံမှန်ဈေးနှုန်း ကျပ် ၂၁၀၀၀ ကို တစ်လီတာလျှင် ကျပ် ၁၇၅၀၀၊ စက်မှုကုန်ကြမ်း Crude (Cosmetic Grade) မှာ တစ်လီတာလျှင် ပုံမှန်ဈေးနှုန်း ၁၅၀၀၀ မှ ကျပ် ၁၂၅၀၀ တို့ဖြင့် အွန်လိုင်း၊ စတိုးဆိုင်များနှင့် ကိုယ်စားလှယ်များမှလည်း ရောင်းချလျက်ရှိသည်။ ပြည်ပတင်ပို့မှုအနေဖြင့် Hass Extra Virgin နှင့် Local Extra Virgin (cooking oil) 1 liter လျှင် အမေရိကန်ဒေါ်လာ ၉ ဒသမ၅၀ ဒေါ်လာ ရရှိပြီး Crude (Cosmetic Grade) မှာ 1 liter လျှင် ၅ ဒသမ ၅၀ ဒေါ်လာ ရရှိကြောင်းသိရသည်။ ထောပတ်သီးဆီ စားသုံးမှုအနေဖြင့် မြောက်အမေရိကတိုက် နိုင်ငံများတွင် အများဆုံး စားသုံးပြီး အာရှတိုက်တွင် ဒုတိယအများဆုံး စားသုံးကြသည်ဟု သိရှိရသည်။

ကျန်းမာရေးအတွက်အထောက်အကူဖြစ်သည့် ထောပတ်သီးဆီထုတ်လုပ်သည့် စက်ရုံ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထောပတ်သီးစိုက်ပျိုးသူတောင်သူများနှင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပြီး ပို့ကုန် တိုးမြှင့်ရေးအတွက် ပစ္စည်းအမယ်သစ် တိုးမြှင့်နိုင်မည်ဖြစ်သည့်အတွက် များစွာအကျိုးရှိမည်ဖြစ်သည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

# ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၏ စက်တင်ဘာ ၉ ရက်မှ ၁၉ ရက်အထိ ကုန်သွယ်မှု

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ စက်တင်ဘာ ၉ ရက် မှ ၁၉ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုမှာပို့ကုန် ၈ ဒသမ ၅၉၈ ဒေါ်လာသန်း၊ သွင်းကုန် ၂၂ ဒသမ ၃၈၇ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၃၀ ဒသမ ၉၈၅ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ရော်ဘာ ၁၈၄၀ ဒသမ ၃၅ တန်၊ တန်ဖိုး ၂ ဒသမ ၂၄၃ ဒေါ်လာသန်း၊ ပဲယင်း ၁၇၈၀ ဒသမ ၉၀ တန်၊ တန်ဖိုး ၁ ဒသမ ၃၈၁ ဒေါ်လာသန်း၊ ပဲတီစိမ်း ၁၄၇၈ ဒသမ ၅၀ တန်၊ တန်ဖိုး ၁ ဒသမ ၁၃၈ ဒေါ်လာသန်း၊ ပြောင်း ၂၂၉၄ တန်၊ တန်ဖိုး သုည ဒသမ ၆၄၄ ဒေါ်လာသန်း၊ ပဲလွန်းဖြူ ၈၃၅ တန်၊ တန်ဖိုး သုည ဒသမ ၅၁၆ ဒေါ်လာသန်း၊ မြေထောက်ပဲ ၃၀၀ ဒသမ ၅၀ တန်၊ တန်ဖိုး သုည ဒသမ ၄၄၇ ဒေါ်လာသန်း၊ ပဲနီကြား ၇၄၈ ဒသမ ၀၃၄ တန်၊ တန်ဖိုး သုည ဒသမ ၃၉၅ ဒေါ်လာသန်း၊ ဆန်ကွဲ ၇၂၈ တန်၊ တန်ဖိုး သုည ဒသမ ၂၉၄ဒေါ်လာသန်း၊ စွန်တာနီပဲ ၄၄၁ ဒသမ ၉၈၉ တန်၊ တန်ဖိုး သုည ဒသမ၂၆၄ ဒေါ်လာသန်းနှင့် နှမ်း(နက်) ၁၂၉ ဒသမ ၃၅ တန်၊ တန်ဖိုး သုည ဒသမ၂၀၈ ဒေါ်လာသန်းနှင့် တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ချည်ထည်များ ၅ဒသမ ၀၄၉ ဒေါ်လာသန်း၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ ၃ ဒသမ ၀၉၂ ဒေါ်လာသန်း၊ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ ၁ ဒသမ ၂၅၁ ဒေါ်လာသန်း၊ ဓာတ်မြေဩဇာ သုည ဒသမ ၇၁၅ ဒေါ်လာသန်း၊ စက်နှင့်စက်ပစ္စည်းများ သုည ဒသမ ၅၄၂ ဒေါ်လာသန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ သုည ဒသမ ၃၆၃ ဒေါ်လာသန်း၊ သားရေ၊ သားရေတုဖြင့်ပြုလုပ်သော ပစ္စည်းများ သုည ဒသမ ၂၃၄ ဒေါ်လာသန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ သုည ဒသမ ၁၈၀) ဒေါ်လာသန်း၊ ဓာတုဗေဒချည်ခင်များ သုည ဒသမ ၁၇၃ ဒေါ်လာသန်းနှင့် ဆေးဝါးပစ္စည်းများ သုည ဒသမ ၁၃၉ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။

ကုန်စည်သယ်ယူစရိတ်အနေဖြင့် မန္တလေးမှ ချင်းရွှေဟော်သို့ ယခုတစ်ပတ်တွင် အတက်ကုန်ကားခ တစ်ပိဿာလျှင် ကျပ် ၈၀ ရှိကြောင်း သိရှိရသည်။ အဆင်းကုန် ကုန်ကျစ်ကားခ တစ်ပိဿာလျှင် ကျပ် ၁၇၀၊ ကုန်ပွကားခ တစ်ပိဿာလျှင် ၁၈၅ ကျပ်ရှိကြောင်း သိရသည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၏တစ်တန်ဈေးနှုန်းမှာ ဆန် ၄၅၇ ဒေါ်လာနှုန်း၊ ဆန်ကွဲ ၄၄၂ ဒေါ်လာနှုန်း၊ ပဲတီစိမ်း ၈၄၂ ဒေါ်လာနှုန်း၊ မြေထောက်ပဲ ၁၁၄၂ ဒေါ်လာနှုန်း၊ ပဲလွန်းဖြူ ၆၇၁ ဒေါ်လာနှုန်း၊ ပြောင်း ၃၂၈ ဒေါ်လာနှုန်း၊ နှမ်း ၁၇၁၄ ဒေါ်လာနှုန်း၊ ရော်ဘာ ၁၁၄၂ ဒေါ်လာနှုန်း၊ ငရုတ်အစို ၇၁၄ ဒေါ်လာနှုန်း၊ ငရုတ်ခြောက် ၁၂၈၅ ဒေါ်လာနှုန်းရှိခဲ့ကြောင်း သိရှိရသည်။

မန္တလေး၊ လားရှိုး၊ သိန်းနီ၊ ကွမ်းလုံ၊ ချင်းရွှေဟော်ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်ပြီး ပို့ကုန်ယာဉ်၊ သွင်းကုန်ယာဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြောင်း သိရှိရသည်။

**ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း**

# ယခုတစ်ပတ်အတွင်း ဓာတ်မြေသြဇာနှင့် ဘိလပ်မြေ တင်သွင်းမှုအခြေအနေ

**ဓာတ်မြေသြဇာ**

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၂၈ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၁၇၀၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၄၀၀၀ ခန့်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ ထိုင်ဝမ်မှ တန်ချိန် ၈၀၀ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ နော်ဝေနိုင်ငံမှ တန်ချိန် ၆၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၂၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေသြဇာတန်ချိန် ၁၃၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှု မှ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၀၀ သန်းတန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၂၅၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် ထိုင်းနိုင်ငံမှ တန်ချိန် ၃၀၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၂၂၀၀ ခန့် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်ကုန်သွယ်မှုမှ ဓာတ်မြေသြဇာ တန်ချိန် ၅၀၀ ကျော် လျော့နည်း တင်သွင်းခဲ့ကြောင်း သိရသည်။

**ဘိလပ်မြေ**

နယ်စပ်မှ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၀ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၃၅၀၀ ခန့် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေတန်ချိန် ၅၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**



# ယခုတစ်ပတ်အတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

**နို့ဆီ**

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၀ သန်းတန်ဖိုးရှိ နို့ဆီ တန်ချိန် ၆၀၀ခန့် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့ဆီတန်ချိန် ၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**နို့မှုန့်**

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၅ သန်း တန်ဖိုးရှိ နို့မှုန့် တန်ချိန် ၂၅၀ခန့် နယူးဇီလန်နိုင်ငံမှ တင်သွင်း ခဲ့သည်။

**ဆေးဝါးပစ္စည်းများ**

စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၇၀ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၅၀၀ ခန့် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။

အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၂၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၁၈.၉.၂၀၂၃)ရက်နေ့မှ (၂၄.၉.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 930 |
| ပျမ်းမျှငွေလဲနှုန်း | 2513 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 2,921,363 | 4.77 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ပျမ်းမျှငွေလဲနှုန်း | 23,370,900 | 38.16 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 97,650,000 | 159.46 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,915,950 | 12.93 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| | Local cost | | **152,825,903** | **249.56** |
| ၁၁ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | 2,337,090,000 | 3,816.34 |
| ၁၂ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 39,060,000 | 63.78 |
| ၁၃ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၄ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၅ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 1.167% | 27,273,840 | 44.54 |
| ၁၆ | သင်္ဘောစောင့်ဆိုင်းခ (Dumerage Charge) | 1000 MT x USD 2 x 5 Day x ပြင်ပငွေလဲနှုန်း | 29200000 | 47.68 |
| | စရိတ်စုစုပေါင်း | | **2,634,440,943** | **4,301.90** |

# ရွှေရည်ညွှန်းဈေး ကျပ် ၂၂၇၁၄၀၀ ရှိ

ပြည်တွင်း ရွှေရည်ညွှန်းဈေး ကျပ်သိန်း ၂၂၇၁၄၀၀ ပေါက်ဈေးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရွှေရည်ညွှန်းဈေးနှုန်းများအနေဖြင့် စက်တင်ဘာ ၁၄ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၂၂၅၆၁၀၀၊ ၁၅ ရက်တွင် ကျပ် ၂၂၅၉၆၀၀၊ ၁၆ ရက်တွင် ကျပ် ၂၂၆၆၇၀၀၊ ၁၈ ရက်တွင် ကျပ် ၂၂၆၉၀၀၀၊ ၁၉ ရက်တွင် ကျပ် ၂၂၇၈၅၀၀၊ ၂၀ ရက်တွင် ကျပ် ၂၂၇၁၄၀၀ ဖြစ်ကြောင်း သိရသည်။

ထို့အတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ စက်တင်ဘာ ၁၄ ရက်တွင် ၁၉၀၅ ဒေါ်လာ၊ ၁၅ ရက်တွင် ၁၉၁၈ ဒေါ်လာ၊ ၁၆ ရက်တွင် ၁၉၂၄ ဒေါ်လာ၊ ၁၈ ရက်တွင် ၁၉၂၆ ဒေါ်လာ၊ ၁၉ ရက်တွင် ၁၉၃၄ ဒေါ်လာ၊ ၂၀ ရက်တွင် ၁၉၂၈ ဒေါ်လာ ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနှင့် လက်ရှိတွင် ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ရေး လုပ်ငန်းကော်မတီဖြင့် ရွှေဈေးနှုန်းတည်ငြိမ်စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး လိုင်စင်လျှောက်ထားခြင်းမရှိဘဲ ဖွင့်လှစ်ထားသည့် ရွှေဆိုင်များကို အရေးယူ ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွှေဆိုင်လုပ်ငန်းပေါင်း တစ်သောင်းကျော်ရှိပြီး ဆိုင်အားလုံးနီးပါး လိုင်စင်များရှိကာ တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးရကြောင်း သိရသည်။ **ပန်းဆု**

# ငွေကြေးဈေးကွက်အတွင်း ကြိုက်ရောင်း၊ ကြိုက်ဝယ် စနစ်ဖြင့်သာ အရောင်းအဝယ် ပြုလုပ်လျက်ရှိ

လက်ရှိ ငွေကြေးဈေးကွက်အတွင်း ကြိုက်ရောင်း၊ ကြိုက်ဝယ် စနစ်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံက သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အမေရိကန်တစ်ဒေါ်လာလျှင် ရည်ညွှန်း ဈေး ကျပ် ၂၁၀၀၊ Online Trading ဈေး ကျပ် ၂၉၂၀ သတ်မှတ်ထားခြင်း ဖြစ်သည်။

ဗဟိုအနေဖြင့် လက်ရှိတွင် ၎င်းတို့ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များကို မလိုက်နာသည့်အတွက် နိုင်ငံခြားသုံးငွေ လဲလှယ်သည့် Money Changer ကုမ္ပဏီ ၁၂၀ ကျော်ကို လိုင်စင်ရုပ်သိမ်းလိုက်ကြောင်း စက်တင်ဘာ ၁၉ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားသည်။

အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသည့် နိုင်ငံခြားသုံးငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့်လိုင်စင်ရ ကုမ္ပဏီ ၁၂၃ ခုတို့ကို နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ခွင့်လိုင်စင် (Money Changer License) ရုပ်သိမ်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ရုပ်သိမ်းခံလိုက်ရသည့် ကုမ္ပဏီများထဲတွင် ဆီဒိုးနားဟိုတယ်လည်း ပါဝင်ပြီး ဒေါ်လာငွေကြေး လဲလှယ်ရောင်း ဝယ်ရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် Money Changer အများအပြားလည်း ပါဝင်လာကြောင်း သိရသည်။ **ပန်းဆု**

# စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် စက်တင်ဘာ ၇ ရက်မှ ၂၀ ရက်အထိ စာရင်းဝင် ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၃၀၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။ အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၁၁၀၃၉၅ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၃၀၁ ဒသမ ၇၇ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၇၇၁၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆၉ ဒသမ ၃၅ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၂၅၉၁၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၈၀ ဒသမ ၀၅ သန်း ရရှိခဲ့ကြောင်း သိရသည်။ အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၁၄၀၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၀ ဒသမ ၆၄ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၃၈၅၄၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးကျပ် ၆၅ ဒသမ ၅၁ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၁၅၀၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ ဒသမ ၅၄ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၄၈၉၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၀ ဒသမ ၈၈ သန်း ရရှိခဲ့သည်။ ယင်းအပြင် Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၂၄၃၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၁ ဒသမ ၉၀ သန်း၊ Myanmar Agro Exchange Public Co.,Ltd. (MAEX) က အစုရှယ်ယာ ၂၇၉၉၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၉ ဒသမ ၈၉ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။ **ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၉၀၅ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ စက်တင်ဘာ ၂၀ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၈ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၄ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၅၇၅၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၃၅၅၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုနှစ် ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) သည် တိုးတက်မှုနှုန်း ၃ ဒသမ ၃ ရာခိုင်နှုန်းရှိလာမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မှုရှိလာနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)မှ ခန့်မှန်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၁၄ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၄ ရက် မှ စက်တင်ဘာ ၂၀ ရက်ထိ ရက်သတ္တပတ်အတွင်း ကျပ် ၃၄၀၀-၃၄၃၀ ကြားရှိနေကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၄-၉-၂၀၂၃ | ၁၅-၉-၂၀၂၃ | ၁၈-၉-၂၀၂၃ | ၁၉-၉-၂၀၂၃ | ၂၀-၉-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၅.၇၉၀ | ၃၅.၈၂၀ | ၃၅.၇၂၅ | ၃၅.၉၄၅ | ၃၆.၀၄၀ | ၀.၇၀ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၆၁ | ၁.၃၆၃ | ၁.၃၆၄ | ၁.၃၆၃ | ၁.၃၆၄ | ၀.၂၂ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၆၈၂ | ၄.၆၈၄ | ၄.၆၈၉ | ၄.၆၉၆ | ၄.၆၈၆ | ၀.၀၉ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၅၃၅၅ | ၁၅၃၅၂ | ၁၅၃၇၀ | ၁၅၃၈၀ | ၁၅၃၈၀ | ၀.၁၆ | ⬆ |
| ၆ | Chinese Yuan | CNY | ၇.၂၇၉ | ၇.၂၇၉ | ၇.၂၉၆ | ၇.၂၉၁ | ၇.၂၉၆ | ၀.၂၃ | ⬆ |
| ၇ | Indian Rupee | INR | ၈၃.၀၃၀ | ၈၃.၁၆၂ | ၈၃.၂၆၁ | ၈၃.၂၁၄ | ၈၃.၀၆၃ | ၀.၀၄ | ⬆ |
| ၈ | Japanese Yen | JPY | ၁၄၇.၃၅၈ | ၁၄၇.၈၁၄ | ၁၄၇.၅၉၆ | ၁၄၇.၇၁၀ | ၁၄၇.၉၇၁ | ၀.၄၂ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၅၅၃ | ၁.၅၅၀ | ၁.၅၅၃ | ၁.၅၄၈ | ၁.၅၄၆ | -၀.၄၅ | ⬇ |
| ၁၀ | Euro | EUR | ၀.၉၃၂ | ၀.၉၃၈ | ၀.၉၃၇ | ၀.၉၃၅ | ၀.၉၃၅ | ၀.၃၂ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၈၀၂ | ၀.၈၀၄ | ၀.၈၀၆ | ၀.၈၀၇ | ၀.၈၀၈ | ၀.၇၅ | ⬆ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၂ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၄ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၂ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၂ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၇ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ မြင့်တက်ခဲ့ပြီး ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအရဖြင့် အရှေ့တောင်အာရှ၏ လူဦးရေ အများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ အစိုးရသည် ဆန်သိုလှောင်မှု ဖြည့်တင်းရန် ရည်မှန်းထားခြင်းကြောင့် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လထိ ပထမ ရှစ်လတွင် ၂၀၂၂ အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ဆန်အများအပြား ပိုမိုတင်သွင်းကြောင်း အင်ဒိုနီးရှားနိုင်ငံ စာရင်းအင်းဌာနမှ ထုတ်ပြန်ချက်အရ သိရှိရသည်။

အာရှနိုင်ငံအနှံ့ရှိ အဓိက စပါးစိုက်ဒေသများတွင် ပူပြင်းရာသီကြောင့် ရိတ်သိမ်းမှုကို စိုးရိမ်နေရပြီး ထိပ်တန်းဆန်တင်ပို့သည့် အိန္ဒိယနိုင်ငံကလည်း ဆန်ဈေးနှုန်း ကြီးမြင့်မှုနှင့် ၎င်း၏ ပြည်သူများ စားနပ်ရိက္ခာ ဖူလုံရေးတို့အတွက် တင်ပို့မှုများကို ကန့်သတ်ချက်များ ချမှတ်လာခြင်းကြောင့် နိုင်ငံအများအပြားတွင် ဆန်ဈေးနှုန်းသည် ၂၀ ရာခိုင်နှုန်း အထိ မြင့်တက်နေကြောင်း သိရှိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွက် စုစုပေါင်း ဆန်တန်ချိန် ၂ဒသမ၉ သန်းခန့် တင်သွင်းမည်ဟု ၎င်းတို့ အမျိုးသားစားနပ်ရိက္ခာဌာနမှ ပြောပြချက်အရ သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ကြား ပေါက် ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ မှ ၆၈၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန်တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ မှ ၆၉၀၀၀ ကြား ပေါက်ဈေးရှိကာ ယခုတစ်ပတ်တွင် ဆန်ကြမ်းဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ စက်တင်ဘာ ၁၅ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၁၉၉၄၀၆ ဒသမ ၃၆၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၁၁၉ သန်း၊ ဆန်ကွဲတန်ချိန် ၂၁၁၄၀၆ ဒသမ ၇၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၉၇၈ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၄၁၀၈၁၃ ဒသမ ၀၆၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၁ ဒသမ ၁၉၇ သန်း ရရှိထားပြီး၊ ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၄၉၀၂၀၁ ဒသမ ၂၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၈ ဒသမ ၈၁၄ သန်း၊ ဆန်ကွဲ တန်ချိန် ၁၆၂၈၅၁ ဒသမ ၄၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၅၅၁ သန်း၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၈၅၃၀၅၄ ဒသမ ၆၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၆ ဒသမ ၃၈၅ သန်း တင်ပို့ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၂၉၀၇၉၄ ဒသမ ၈၃၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၆၁၅ သန်းနှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲ တန်ချိန် ၁၁၁၄၄၆ ဒသမ ၇၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅၇၃ သန်း လျော့နည်းတင်ပို့ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် စက်တင်ဘာ ၂၀ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထ ဆန်တစ်အိတ်လျှင် ၂၀၀ ယွမ်ရှိပြီး (ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၅၅ ကျပ်နှုန်း ရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၉၁၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း အနေဖြင့် ၁ ဘတ်လျှင် ၉၄ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၆၈၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၇၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၅၁ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာ တတိယပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ဘားအံမြို့ မြို့မဈေးတွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော သစ်သီးဝလံဈေးနှုန်းများ

ဘားအံမြို့ မြို့မဈေးတွင် ရောင်းချနေသော သစ်သီးဝလံများမှာ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့နှင့် မြဝတီမြို့ရှိ သစ်သီးဝလံပွဲရုံများမှ အသီးသီးဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။ စက်တင်ဘာလ တတိယပတ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော သစ်သီးဝလံ ဈေးနှုန်းများမှာ နဂါးမောက်သီး(သေး) တစ်လုံးလျှင် ကျပ် ၂၅၀၀၊ နဂါးမောက်သီး(ကြီး) တစ်လုံးလျှင် ကျပ် ၃၅၀၀၊ စပျစ်သီး(အလုံးကြီး) တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀၊ စပျစ်သီး(အလုံးသေး) တစ်ပိဿာလျှင် ၂၅၀၀၀ ကျပ်၊ ပန်းသီး(ရိုးရိုး) တစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ၁၅၀၀၊ ပန်းသီး(ယိုးဒယား) တစ်လုံးလျှင် ကျပ် ၂၅၀၀၊ ပန်းသစ်တော် တစ်လုံးလျှင် ကျပ် ၃၀၀၀ မှ ၃၅၀၀၊ သရက်သီး တစ်လုံးလျှင် ကျပ် ၁၀၀၀၊ မာလကာသီး တစ်လုံးလျှင် ကျပ် ၁၀၀၀၊ ဆန်းကစ်သီး တစ်လုံးလျှင် ကျပ် ၁၅၀၀၊ ဖီးကြမ်းငှက်ပျော တစ်ဖီးလျှင် ကျပ် ၂၀၀၀ မှ ၂၅၀၀၊ သီးမွှေးငှက်ပျော တစ်ဖီးလျှင် ကျပ် ၃၀၀၀ မှ ၃၅၀၀၊ သြဇာသီး တစ်လုံးလျှင် ကျပ် ၇၀၀၊ ကြက်မောက်သီးတစ်ကီလိုလျှင် ကျပ် ၈၀၀၀၊ ဖရဲသီးတစ်လုံးလျှင် ကျပ် ၃၀၀၀ မှ ၅၀၀၀၊ နာနတ်သီး(ကြီး)တစ်လုံးလျှင် ကျပ် ၃၅၀၀၊ နာနတ်သီး(သေး)တစ်လုံးလျှင် ကျပ် ၂၀၀၀၊ ဒူးရင်းသီး(ကြီး)ယိုးဒယား တစ်လုံးလျှင်ကျပ် ၇၀၀၀၀၊ ဒူးရင်းသီး(သေး)ယိုးဒယား တစ်လုံးလျှင် ကျပ် ၄၀၀၀၀၊ ကျွဲကောသီး(သေး) တစ်လုံးလျှင် ကျပ် ၁၅၀၀၊ ကျွဲကောသီး(ကြီး) တစ်လုံးလျှင် ကျပ် ၂၅၀၀ ဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဘားအံမြို့ မြို့မဈေး တွင် ရောင်းချ လျက်ရှိသော သစ်သီးဆိုင်များထံမှ သိရှိရသည်။

ဇာခြည်အောင်(ကရင်)

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် စက်တင်ဘာ ၁၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံအနက် ဘူရွန်ဒီနိုင်ငံသည် ယခုတစ်ပတ်တွင် ၁၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး Grenada နိုင်ငံတွင် ၁၀ ဒသမ ၈၀ ရာခိုင်နှုန်း၊ Botswana နိုင်ငံတွင် ၉ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ကင်ညာနိုင်ငံတွင် ၈ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၇ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ ဘာဘေဒို၊ ဘူလ်တန်၊ ဂျော်ဒန်၊ နယ်သာလန်နှင့် နော်ဝေ စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၉ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဘရာဇီး၊ Cayman Islands၊ လစ်သူယေးနီးယား၊ ဂွါတီမာလာနှင့် ဖင်လန်အပါအဝင် နိုင်ငံပေါင်း ခုနစ်နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ စက်တင်ဘာ ၁၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် အာဆီယံနိုင်ငံများအားလုံး ဈေးနှုန်းအပြောင်း အလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံအနက် Botswana နိုင်ငံသည် ယခုတစ်ပတ်တွင် ၁၈ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး Grenada နိုင်ငံတွင် ၁၅ ဒသမ ၃၀ ရာခိုင်နှုန်း၊ ဘာရွန်ဒီနိုင်ငံတွင် ၁၂ ရာခိုင်နှုန်းနှင့် ကင်ညာနိုင်ငံတွင် ၁၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၀ ရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ ကင်မရွန်း၊ မက္ကဆီကို၊ နော်ဝေနှင့် ပိုလန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၇ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂါနာ၊ ခရိုအေးရှား၊ လူဇင်ဘတ်၊ ဖင်လန်နှင့် Bahamas အပါအဝင် နိုင်ငံပေါင်း ခြောက်နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် အာဆီယံနိုင်ငံများအားလုံး ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာ တွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၁၉ | ၁.၂၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၆ | ၁.၁၀ |
| ၃ | ထိုင်း | လီတာ | ၁.၃၄ | ၀.၈၉ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၄ | ၀.၉၆ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၇ | ၁.၉၁ |
| ၆ | မလေးရှား | လီတာ | ၀.၄၄ | ၀.၄၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၃၃ | ၁.၁၆ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၇ | ၁.၁၅ |
| ၉ | လာအို | လီတာ | ၁.၅၅ | ၁.၀၅ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၉ | ၁.၀၇ |
| ၂ | ဂျပန် | လီတာ | ၁.၂၅ | ၁.၁၁ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၅ | ၁.၁၂ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၂၃၃၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၄၃၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၅၃၀ နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၆၁၀ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၅၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၃၅၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၄၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၄၁၅ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၄၉၀၊ ဒီဇယ် တစ်လီတာလျှင် ၂၅၂၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၅၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၅၃၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၇၀ ကျပ်နှင့် ဒီဇယ် တစ်လီတာလျှင် ၆၅ ကျပ်သို့ ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန် ကဏန်းဈေးကွက်

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်နေသော တိုင်းဒေသကြီးတစ်ခုဖြစ်သည့်အပြင် ပင်လယ်နှင့် နီးကပ်လျက်ရှိသော ကမ်းခြေဒေသမှထွက်ရှိသည့် ရေထွက်ကုန်များသာမက ငါး၊ ပုစွန်၊ ကဏန်းများကိုလည်း မွေးမြူလျက်ရှိပြီး ရေထွက်ပစ္စည်းများကို ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံသည်များကို ပြည်ပသို့လည်း တင်ပို့လျက်ရှိနေသည်။ ကဏန်းကောင်များသည် ရေချို၊ ရေငန်စပ်ဒေသများတွင်ပေါက်ဖွား၍ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းတစ်လျှောက် ဒီရေရောက်သည့် နေရာများတွင်လည်း တွေ့ရှိနိုင်ပြီး ဧရာဝတီတိုင်းဒေသကြီး ငပုတော၊ မြောင်းမြ၊ လပွတ္တာ၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဒေးဒရဲ စသည့် မြို့နယ်များတွင်လည်းထွက်ရှိသည်။

လပွတ္တာခရိုင် လပွတ္တာ မြို့နယ်ရှိ မွေးမြူရေးကုမ္ပဏီများဖြစ်သည့် TMIL ကုမ္ပဏီ၊ MEF ကုမ္ပဏီ၊ စူပါရွှေရောင်ကုမ္ပဏီများမှ မွေးမြူထားသောကဏန်းများကို အအေးခန်းစက်ရုံများမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ကဏန်းများကို စတင်မွေးမြူချိန်မှ ၄၅ ရက်ပြည့်လျှင် ရောင်းတန်းဝင်ကြောင်းနှင့် အရေခွံများလဲလျှင်လည်း ရောင်းချနိုင်ကြောင်း သိရသည်။ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် အရောင်းအဝယ်များပြီး ကျန်လများ၌ နည်းပါးကြောင်း သိရသည်။ တင်ပို့မှုအနေဖြင့် ရန်ကုန်မြို့ ဈေးကွက်



သို့ အဓိကတင်ပို့နေသည့်အပြင် ရွှေရောင်ကုမ္ပဏီမှ ပြည်တွင်းဈေးကွက်၊ TMIL ကုမ္ပဏီမှ အာရှဈေးကွက်နှင့် MES ကုမ္ပဏီမှ ဥရောပဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

လပွတ္တာမြို့နယ်မှ ကဏန်းများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချမှုမှာ ၂၀၂၃ ခုနှစ် ဧပြီလတွင် ၄၃၄၀၄ ပိဿာ၊ မေလတွင် ၂၉၂၉၃ ပိဿာ ၊ ဇွန်လတွင် ၃၃၇၁၅ ပိဿာ၊ ဇူလိုင်လတွင် ပိဿာ ၂၉၄၈၀ နှင့် ဩဂုတ်လတွင် ၃၈၄၂၁ ပိဿာ တင်ပို့ခဲ့သည်။ ကဏန်းပျော့ တစ်ပိဿာ ကျပ် ၁၅၃၀၀ နှင့် ကဏန်းမာ တစ်ပိဿာလျှင် ကျပ် ၁၄၅၀၀ ဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **မင်းမင်းဦး(ပသ)**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၂၂-၉-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၆၃၅ | ၆၅၄ | ↑ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၆၂၀ | ၆၁၂ | ↓ | ၆၃၂ | ၆၂၂ | ↓ | | | | ၆၁၂ | ၆၁၂ | - |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၅၇၉ | ၅၇၀ | ↓ | ၆၁၇ | ၆၀၇ | ↓ | | | | ၅၄၂ | ၅၄၂ | - |
| ပေါင်းဆန် | ၆၂၄ | ၆၁၅ | ↓ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*

## ပြည်တွင်းဆီဈေးနှုန်းများ (၂၂-၉-၂၀၂၃)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၁၅၂၀၀ | ၁၅၂၀၀ | - | ၁၂၅၀၀ | ၁၂၅၀၀ | - | ၅၆၀၀ | ၅၆၀၀ | - |
| ရန်ကုန် | ၁၅၂၀၀ | ၁၅၂၀၀ | - | ၁၂၅၀၀ | ၁၂၅၀၀ | - | ၅၆၀၀ | ၅၆၀၀ | - |
| မန္တလေး | ၁၅၀၀၀ | ၁၅၀၀၀ | - | ၁၃၅၀၀ | ၁၃၅၀၀ | - | ၅၆၅၀ | ၅၆၅၀ | - |
| ပဲခူး | ၁၅၅၀၀ | ၁၅၅၀၀ | - | ၁၄၅၀၀ | ၁၄၅၀၀ | - | ၄၇၅၀ | ၄၇၀၀ | ↓ |
| မကွေး | ၁၁၅၀၀ | ၁၁၅၀၀ | - | ၁၁၅၀၀ | ၁၁၅၀၀ | - | ၇၀၀၀ | ၆၇၀၀ | ↓ |
| မုံရွာ | ၁၄၅၀၀ | ၁၃၅၀၀ | ↓ | ၁၃၀၀၀ | ၁၁၀၀၀ | ↓ | ၄၆၀၀ | ၇၄၀၀ | ↑ |

# အနာဂတ်စီးပွားရေးနှင့် AI နည်းပညာ

**သော်ဇင်ဟိန်း (DOCA TGI)**




ကမ္ဘာ့နိုင်ငံများသည် ခေတ်မီနည်းပညာများကို ပိုင်ဆိုင်ရန် အပြင်းအထန် ကြိုးစားနေကြသည်။ ခေတ်မီနည်းပညာများကို ပိုင်ဆိုင်နေခြင်းအားဖြင့် နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စစ်ရေးအရပါ အခြားသောနိုင်ငံများထက် သာလွန်နေမည်ဖြစ်သည်။ AI ဟူသော ဉာဏ်ရည်တုနည်းပညာမှာ မျက်မှောက်ခေတ်ကာလတွင် အလွန်အရေးပါသော နည်းပညာဖြစ်ပြီး ကဏ္ဍပေါင်းစုံတွင် ထိုး ဖောက်ဝင်ရောက်လျက်ရှိသော နည်းပညာဖြစ်သည်။ AI နည်းပညာသည် ၁၉၅၀ ပြည့်နှစ်တွင် စတင်ပေါ်ပေါက်ခဲ့သော နည်းပညာဖြစ်သည်။

AI နည်းပညာကို အများသောအားဖြင့် အဆင့်သုံးမျိုးဟု သိရသည်။ Artifitial Narrow Intelligence(ANI) Artifitial General Intelligence(AGI) နှင့် Artifitial super Intelligence (ASI) တို့ဖြစ်ကြသည်။ ANI မှာလူသားများ၏ ဉာဏ်ရည် (သို့) ကျော်လွန်သော AI ဖြစ်ပြီး (ဥပမာ-Google translate Google Search နှင့် စစ်တုရင်ကစားခြင်း၊ မောင်းသူမဲ့ကားများ)၊ Narrow AI မှာ လူသားများထက် ပိုမိုထက်မြက်ပြီးလူသားများကဲ့သို့ တွေးခေါ်နိုင်သော AI ဖြစ်ပြီး ယခုအဆင့်ထိရောက်အောင် သိပ္ပံပညာရှင်များက ကြိုးစားနေကြဆဲဖြစ်သည်။ သို့သော် မိမိသိရှိလိုသမျှကို အချက်အလက်များစွာဖြင့် ပြသပေးသော ChatGpt ကဲ့သို့သော App မှာ ရှေ့ပြေး General AI အဖြစ် အသုံးပြုနေကြပြီဖြစ်သည်။ Super AI မှာ လူသားများ၏ ဉာဏ်ရည်ထက် များစွာသာလွန်သော AI များဖြစ်ပြီး အနာဂတ်တွင် လူသားများ လုပ်ကိုင်ရန်မလွယ်ကူသော အလုပ်များကို အလွယ်တကူ လုပ်ဆောင်နိုင်သော Robot များဖြစ်ကြပြီး ထိုအဆင့်သို့ရောက်ရှိရန် များစွာအချိန်ယူရဦးမည်ဖြစ်သည်။

AI နည်းပညာကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာမက ကုန်ပစ္စည်းထုတ်လုပ်သော လုပ်ငန်းစဉ်များတွင် အသုံးပြုခြင်း၊ မောင်းသူမဲ့ကားများ၊ ဒရုန်းများနှင့် တွဲဖက်အသုံးပြုခြင်း၊ သက်ကြီးရွယ်အိုများကို စောင့်ရှောက်သော Robot များနှင့် လူသားများအတွက် အန္တရာယ်ရှိသော ကယ်ဆယ်ရေးလုပ်ငန်းများ သုတေသနလုပ်ငန်းများတွင် အသုံးချလျက်ရှိနေပြီဖြစ်သည်။ ထို့အပြင် လူသားများ နေ့စဉ်ထိတွေ့နေရသော Smart Phone နှင့် ကွန်ပျူတာများတွင်ပါ AI နည်းပညာများကို ထိတွေ့သုံးစွဲနေကြပြီဖြစ်သည်။

ယနေ့ခေတ်တွင် AI နည်းပညာမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက်ပါ အရေးပါသော အခန်းကဏ္ဍမှပါဝင်လာပြီဖြစ်ပြီး AI နည်းပညာ၏အကျိုးကို စတင်ခံစားနေကြပြီဖြစ်သည်။ အစ္စရေးနိုင်ငံရှိ လယ်သမားများသည် AI နည်းပညာ Alorithms ကို ဒရုန်းများတွင် တပ်ဆင်ပြီးလျှင် ရောဂါရှိသောအပင်များကို ရှာဖွေခြင်း၊ ပိုးမွှားဝင်ရောက်မှုများကို စောင့်ကြည့်ခြင်းနှင့် လိုအပ်သော ရေသွင်းစနစ်ကိုသိရှိခြင်း စသည့် အဖိုးတန်ဒေတာများကို သိရှိနိုင်ပြီး ပိုးမွှားဝင်ရောက်မှုကို ကြိုတင်သိရှိနိုင်ခြင်းကြောင့် မလိုအပ်သော မြေသြဇာ၊ ပိုးသတ်ဆေး ထည့်သွင်းခြင်းမှ ကာကွယ်နိုင်ခြင်းကြောင့် ကုန်ကျစရိတ်များကို များစွာလျှော့ချနိုင်ရုံသာမက တစ်နှစ်အတွင်း လယ်ယာများအတွက် ရေသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ ဓာတုမြေသြဇာများ သုံးစွဲမှု ၄၀ရာနှုန်း လျှော့ချနိုင်ခြင်းနှင့် သီးနှံ အထွက်နှုန်း ၇၀ ရာနှုန်းအထိ တိုးလာခဲ့ကြောင်း သိရသည်။

မွေးမြူရေးလုပ်ငန်းများတွင်လည်း AI နည်းပညာ၏ အကူအညီဖြင့် နို့စားနွားမွေးမြူရေး၊ ကြက်မွေးမြူရေး၊ ငါးမွေးမြူရေးနှင့် ဝက်မွေးမြူရေး လုပ်ငန်းများတွင်ပါ အသုံးပြုပြီး အကျိုးအမြတ်များစွာရှိနေပြီဖြစ်သည်။ ဥပမာ နို့စားနွားမွေးမြူရေးတွင် နွားတစ်ကောင်စီ နို့ထွက်နှုန်းနှင့် ရေရှည်ထုတ်လုပ်ရေးအတွက် အရေးပါသော အစာကျွေးစနစ်၊ နွားတစ်ကောင်စီ၏ လှုပ်ရှားမှု၊ အစာစားနှုန်း၊ မစင်စွန့်ချိန်ထိ စောင့်ကြည့်အာရုံခံစနစ်ဖြင့် နွားများ၏ ကျန်းမာရေးကိုပါ သိရှိနိုင်ခြင်းတို့ကြောင့် အစာစရိတ်နှင့် အခြားသော ကုန်ကျစရိတ်များကိုပါ သက်သာစေပြီး နို့ထွက်နှုန်းကို ရေရှည်ထိန်းသိမ်းနိုင်ခြင်းကြောင့် AI နည်းပညာမှာ မွေးမြူရေးလုပ်ငန်းရှင်များအတွက် အရေးပါလာပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း AI နည်းပညာဖြင့် မေထုန်မဲ့ နွားသားစပ်ခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင်လျက်ရှိပြီး အောင်မြင်လျက်ရှိကြောင်းသိရသည်။ AI နည်းပညာမှာ အားသာချက်များစွာရှိသကဲ့သို့ အားနည်းချက်များလည်း ရှိနေပါသေးသည်။ AI နည်းပညာကြောင့် စက်ရုံလုပ်ငန်းများတွင် လူသားများအစား AI robo t များဖြင့် အစားထိုးခြင်း၊ Hollywood ကဲ့သို့သော ရုပ်ရှင်ရုပ်ဝန်းတွင်ဖြစ်ပွားခဲ့သော AI ဖြင့် ဖြတ်လျှောက် သရုပ်ဆောင်များနေရာတွင် အစားထိုးခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများအထိပါ လူသားများ ပါဝင်လုပ်ဆောင်မှုကို လျှော့ချနိုင်ခြင်းတို့မှာ လူသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးနိုင်ခြင်းမှာ AI နည်းပညာ၏ ဆိုးကျိုးများပင်ဖြစ်သည်။ လူသားများအနေဖြင့် AI နည်းပညာကို ကောင်းမွန်စွာ အသုံးချလျက် ကောင်းကျိုးများစွာဖြစ်ထွန်းနိုင်ကြပါစေကြောင်း ဆန္ဒပြု ရေးသားလိုက်ရပါသည်။

**Source : Internet**

## မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိကာလအတွင်း ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၃ ဒသမ ၁၆၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၉၀ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၃၅၉ သန်းဖြစ်ကာ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄၇ သန်းလျော့နည်းပြီး သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၉၇၈ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆၉ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ပို့ကုန်အနေဖြင့် ယခုတစ်ပတ်တွင် ရေထွက်ပစ္စည်းအုပ်စုမှ ယခင်ပတ်ထက် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၅ သန်း တင်ပို့မှုပိုမိုခဲ့သော်လည်း လယ်ယာထွက်ပစ္စည်းအုပ်စုမှ ယခင်တစ်ပတ်ထက် တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၁ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုမှ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၈ သန်း၊ စက်မှုကုန်ချောပစ္စည်းအုပ်စုမှ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၀ သန်း၊ အခြားပစ္စည်းမှ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၂ သန်း လျော့နည်းခဲ့သောကြောင့် ပို့ကုန်ပိုင်းတွင် လျော့နည်းခြင်းဖြစ်သည်။

သွင်းကုန်အနေဖြင့် ယခုတစ်ပတ်တွင် ရင်းနှီးမြှုပ်နှံမှုအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၆ သန်း လျော့နည်းခဲ့သော်လည်း လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၈ သန်း၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၁၄၆ သန်း တင်သွင်းမှု ပိုမိုခဲ့သောကြောင့် သွင်းကုန်ပိုင်း တင်သွင်းမှုပိုမိုခြင်းဖြစ်သည်။

**အိမ့် (DOT)**

## မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၏ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၃၄ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၈၅ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၄၁၉ သန်းဖြစ်သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၀ သန်း၊ သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၂ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ဒသမ ၃၆၂ သန်း ပိုမိုခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် ပို့ကုန်တင်ပို့မှုတွင် ယခင်တစ်ပတ်ထက် ပဲတီစိမ်း၊ မြေထောက်ပဲ၊ နှမ်းနက်၊ နနွင်းတက်၊ ကြက်သွန်နီ၊ ကွမ်းသီး၊ ရှားကောသီး တင်ပို့မှုလျော့နည်းခဲ့သော်လည်း ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာ၊ ပဲလွမ်းဖြူ မြေပဲဆန်၊ ဖရဲသီး၊ သီဟိုဠ်စေ့၊ ငါးရှဉ့်၊ ငါးမျိုးစုံနှင့် ခဲသွပ် အရောသတ္တု တင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့် ပို့ကုန်ပိုင်းတွင်ပိုမိုရခြင်းဖြစ်သည်။


သွင်းကုန် တင်သွင်းမှုအနေဖြင့် ယခင်ပတ်ထက် တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ ရုပ်မြင်သံကြားစက်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဖန်ဆောက်လုပ်ရေး ပစ္စည်းများ၊ သတ္တုကုန်ချော ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ် ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ သံနှင့် သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ စက်ဘီး အပိုပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဘက်ထရီအခြောက်များ၊ ချုပ်ပြီး အဝတ်အထည်များနှင့် မီးဖိုးချောင်သုံးပစ္စည်းများ တင်သွင်းမှု လျော့နည်းခဲ့သော်လည်း မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ လေအေးစက်များ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိ ပစ္စည်းများနှင့် တာယာနှင့် ကျွတ်များ တင်သွင်းမှုပိုမိုခဲ့ခြင်းကြောင့် သွင်းကုန်ပိုင်းတွင် ပိုမိုခြင်းဖြစ်သည်။

**အိမ့် (DOT)**

ဆန်စပါးကုန်စည်ဒိုင် ဝါးတန်း၏ ၂၀၂၃ ခုနှစ် လအလိုက်ဖြစ်ပေါ်နေသော ပြည်တွင်းတစ်အိတ်ဈေးနှုန်းကာလတူ နှိုင်းယှဉ်ချက်

ရေတွက်ပုံ- အိတ်/ကျပ်

| စဉ် | လအမည် | ပေါ်ဆန်း | ခွံနီ(ပေါ်ကွဲ) | ဧည့်မထ | ငစိန် |
|---|---|---|---|---|---|
| ၁ | ဇန်နဝါရီ | ၆၃၀၀၀ | ၅၃၀၀၀ | ၄၆၀၀၀ | ၄၅၅၀၀ |
| ၂ | ဖေဖော်ဝါရီ | ၇၀၀၀၀ | ၆၄၀၀၀ | ၅၆၀၀၀ | ၅၀၀၀၀ |
| ၃ | မတ် | ၇၂၀၀၀ | ၆၄၀၀၀ | ၅၅၀၀၀ | ၅၄၀၀၀ |
| ၄ | ဧပြီ | ၇၂၀၀၀ | ၆၈၀၀၀ | ၅၄၀၀၀ | ၅၄၀၀၀ |
| ၅ | မေ | ၈၆၀၀၀ | ၇၅၀၀၀ | ၅၈၀၀၀ | ၅၈၀၀၀ |
| ၆ | ဇွန် | ၈၈၀၀၀ | ၈၀၀၀၀ | ၆၂၅၀၀ | ၅၈၀၀၀ |
| ၇ | ဇူလိုင် | ၉၀၀၀၀ | ၈၂၀၀၀ | ၆၁၅၀၀ | ၆၁၀၀၀ |
| ၈ | သြဂုတ် | ၁၁၀၀၀၀ | ၉၈၀၀၀ | ၆၉၀၀၀ | ၇၀၀၀၀ |
| ၉ | စက်တင်ဘာ | ၁၀၀၀၀၀ | ၉၈၀၀၀ | ၆၉၀၀၀ | ၇၀၀၀၀ |




ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင် ဝါးတန်း၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ကာလတူ လအလိုက်ဖြစ်ပေါ်သော ပြည်တွင်း ဆန်ဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ဇန်နဝါရီလတွင် ကျပ် ၆၃၀၀၀ ရှိရာမှ စက်တင်ဘာလတွင် ကျပ် ၁၀၀၀၀၀ သို့လည်းကောင်း၊ ခွံနီ(ပေါ်ကွဲ) ဆန်တစ်အိတ်လျှင် ဇန်နဝါရီလတွင် ကျပ် ၅၃၀၀၀ မှ စက်တင်ဘာလတွင် ကျပ် ၉၈၀၀၀ သို့လည်းကောင်း၊ ဧည့်မထဆန် တစ်အိတ်လျှင် ဇန်နဝါရီလတွင် ကျပ် ၄၆၀၀၀ မှ စက်တင်ဘာလတွင် ကျပ် ၆၉၀၀၀ သို့လည်းကောင်း၊ ငစိန်ဆန်တစ်အိတ်လျှင် ဇန်နဝါရီလတွင် ကျပ် ၄၅၅၀၀ မှ စက်တင်ဘာလတွင် ကျပ် ၇၀၀၀၀ သို့လည်းကောင်း အသီးသီးဈေးမြင့်တက်လျက်ရှိကြောင်း သိရှိရသည်။


**ဇာစ်မြစ်။ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ၏ ၂၂. ၉ . ၂၀၂၃ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ဆန်ဈေးနှုန်းများ၏ အမြင့်ဆုံးဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

ခင်ခင်သော် (MT)

# ရော်ဘာပြည်ပပို့ကုန် သုံးသပ်ချက်

ရေတွက်ပုံ-တန်/ ဒေါ်လာ

| | RSS-1 | RSS-2 | RSS -3 | RSS -4 | RSS-5 |
|---|---|---|---|---|---|
| ဇန်နဝါရီ | ၁၂၅၀ | ၁၂၀၀ | ၁၁၅၀ | ၁၁၀၀ | ၁၀၅၀ |
| ဖေဖော်ဝါရီ | ၁၂၂၅ | ၁၁၇၅ | ၁၁၂၅ | ၁၀၇၅ | ၁၀၂၅ |
| မတ် | ၁၂၅၀ | ၁၂၀၀ | ၁၁၅၀ | ၁၁၀၀ | ၁၀၅၀ |
| ဧပြီ | ၁၂၇၅ | ၁၂၂၅ | ၁၁၇၅ | ၁၁၂၅ | ၁၀၇၅ |
| မေ | ၁၃၅၀ | ၁၃၀၀ | ၁၂၅၀ | ၁၂၀၀ | ၁၁၅၀ |
| ဇွန် | ၁၃၅၀ | ၁၃၀၀ | ၁၂၅၀ | ၁၂၀၀ | ၁၁၅၀ |
| ဇူလိုင် | ၁၃၅၀ | ၁၃၀၀ | ၁၂၅၀ | ၁၂၀၀ | ၁၁၅၀ |
| သြဂုတ် | ၁၃၅၀ | ၁၃၀၀ | ၁၂၅၀ | ၁၂၀၀ | ၁၁၅၀ |
| စက်တင်ဘာ | ၁၄၅၀ | ၁၄၀၀ | ၁၃၅၀ | ၁၃၀၀ | ၁၂၅၀ |




ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ပြည်ပပို့ကုန်ရော်ဘာ၏ ကာလတူဈေးနှုန်းများနှိုင်းယှဉ်ရာတွင်RSS-1 တစ်တန်ဈေးမှာ ဇန်နဝါရီလတွင်ဒေါ်လာ ၁၂၅၀ရှိရာမှ စက်တင်ဘာလတွင် ၁၄၅၀ ဒေါ်လာသို့လည်းကောင်း၊ RSS-2 တစ်တန်ဈေးမှာ ဒေါ်လာ ၁၂၀၀ ရှိရာမှ စက်တင်ဘာလတွင် ဒေါ်လာ ၁၄၀၀ သို့လည်းကောင်း၊ RSS-3 တစ်တန်ဈေးမှာ ဒေါ်လာ ၁၁၅၀ မှ စက်တင်ဘာလတွင် ၁၃၅၀ ဒေါ်လာသို့ လည်းကောင်း၊ RSS-4, တစ်တန်ဈေးမှာ ဒေါ်လာ ၁၁၀၀ ရှိရာမှ စက်တင်ဘာလတွင် ၁၃၀၀ သို့လည်းကောင်း၊ RSS-5 တစ်တန်ဈေးမှာ ဒေါ်လာ ၁၀၅၀ ရှိရာမှ စက်တင်ဘာလတွင်း ၁၂၅၀ဒေါ်လာ သို့လည်းကောင်း ဒေါ်လာ ၂၀၀ စီအသီးသီး ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

**ဇာစ်မြစ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ၂၂. ၉ . ၂၀၂၃ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ရော်ဘာများ၏ အမြင့်ဆုံးဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်သည်။**

ခင်ခင်သော် (MT)

# ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်တွင် လအလိုက် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ ကာလတူနှိုင်းယှဉ်ချက်

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ပြည်တွင်းပဲမျိုးစုံ ကာလတူဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲ တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလတွင် ကျပ် ၁၆၈၈၀၀၀ ရှိရာမှ စက်တင်ဘာလတွင် ကျပ် ၂၆၃၄၀၀၀ သို့ ကျပ် ၉၄၆၀၀၀ သို့လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလတွင် ကျပ် ၁၃၂၈၉၀၀ရှိရာမှ သြဂုတ်လတွင် ကျပ် ၂၂၉၆၅၀၀ သို့ ကျပ် ၉၆၇၆၀၀ သို့လည်းကောင်း၊ ပဲစင်းငုံ တစ်တန်ဈေး နှုန်းမှာ ဇန်နဝါရီလတွင် ကျပ် ၁၈၂၀၀၀၀ ရှိရာမှ စက်တင်ဘာလတွင် ကျပ် ၄၀၅၀၀၀၀ သို့ ကျပ် ၁၈၂၀၀၀၀ သို့ လည်းကောင်း၊ ကုလားပဲအနေဖြင့် မတ်လတွင် ၂၁၄၃၄၀၀ ကျပ်မှ စက်တင်ဘာလတွင် ကျပ် ၂၈၉၀၅၀၀ သို့ ငွေ ၇၄၇၁၀၀ သို့လည်းကောင်း အသီးသီးဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။


တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံမှာ ဈေးကောင်းရရှိနေသဖြင့် အရိပ်ရ လေကာပင်အဖြစ်မှ ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ်၊ လအလိုက် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်း တစ်တန်ဈေးနှုန်း ကာလတူ နှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲတီစိမ်း | ပဲစင်းငုံ | ကုလားပဲ |
|---|---|---|---|---|---|
| ၁ | ဇန်နဝါရီ | ၁၆၈၈၀၀၀ | ၁၃၂၈၉၀၀ | ၁၈၂၀၀၀၀ | ၂၁၄၃၄၀၀ |
| ၂ | ဖေဖော်ဝါရီ | ၁၈၈၃၀၀၀ | ၁၅၈၃၀၀၀ | ၂၀၀၀၀၀၀ | ၂၀၃၉၃၀၀ |
| ၃ | မတ် | ၁၉၆၅၀၀၀ | ၁၄၈၂၀၀၀ | ၂၂၃၅၀၀၀ | ၂၁၄၃၄၀၀ |
| ၄ | ဧပြီ | ၂၀၆၇၀၀၀ | ၁၄၈၂၀၀၀ | ၂၃၉၅၀၀၀ | ၂၂၇၈၀၀၀ |
| ၅ | မေ | ၂၂၄၅၀၀၀ | ၁၄၈၂၀၀၀ | ၂၅၇၀၀၀၀ | ၂၄၀၀၆၀၀ |
| ၆ | ဇွန် | ၂၄၄၇၅၀၀ | ၁၅၈၃၀၀၀ | ၃၂၂၅၀၀၀ | ၂၉၀၈၉၀၀ |
| ၇ | ဇူလိုင် | ၂၂၉၀၀၀၀ | ၁၆၃၅၁၀၀ | ၃၁၃၀၀၀၀ | ၂၆၅၄၇၀၀ |
| ၈ | သြဂုတ် | ၂၃၉၉၀၀၀ | ၂၂၉၆၅၀၀ | ၃၃၅၀၀၀၀ | ၂၈၅၉၅၀၀ |
| ၉ | စက်တင်ဘာ | ၂၆၃၄၀၀၀ | ၁၉၉၀၃၀၀ | ၄၀၅၀၀၀၀ | ၂၈၉၀၅၀၀ |

စစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၂-၉-၂၀၂၃ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။




ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၂-၉-၂၀၂၃ရက်နေ့ တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်း ဖြစ်သည်။

SWTun (Domestic YGN TC)

# GESTROCID

Orange, Strawberry, Mix Fruit and Pineapple flavour for Antacid

လိမ္မော်၊စတော်ဘယ်ရီ၊ သီးစုံ၊ နာနတ်သီး အရသာ

## အစာအိမ်လေဆေး




လေထိုး/ လေအောင့်၊ အစာအိမ်ရောင်ခြင်း၊ အစာအိမ်နာခြင်း၊ အစာအိမ်အနာပေါက်ခြင်း၊
အစာအိမ်အချဉ်ဖောက်ခြင်းတို့ကို ပျောက်ကင်းစေပါသည်။

Marketed & Distributed by:
GRACEWIN CO., LTD.

No.83, 3rd Floor, Ye Kyaw Road,
Mingalar Taung Nyunt Township,
Yangon, Myanmar.
Tel: +951 8203434, 8203082, 8297515

# GL

# GREAT LINE CO.,LTD.

## EXPORTER & IMPORTER

**Mr.Mahender**
(Managing Director)

Add : No.(142) , 1st Floor, 47 Street, Botataung, Township, Yangon, Myanmar.
Ph : 09 421019905, 09254127211
Email : kmahendar83@gmail.com

# PETROL STAR COMPANY LIMITED

PETROL

Address ; No-93 B ,Hledan Road , (8)Ward, Kamaryut Township Yangon.
Phone ; 09-5129996 , 09445129996
E-Mail ; petrolstar71@gmail.com

# Mainstream
Company Limited



PP/PE/HDPE/LDPE/PET (RECYCLE)

ကော်စေ့ထုတ်လုပ် ဖြန့်ချီရေး


Add ; No(301), 7th street , yangon Industrial Zone, Mingalardon, Yangon , Myanmar.
Ph ; 09 5009288 , 0943033488
Mail ; htinkyaw86@gmail.com


ထိန်းချုပ်ကြယ်
ကုမ္ပဏီလီမိတက်
CONTROL STAR
Export & Import Co., Ltd.
ORCHID ဟင်းခတ်မှုန့်
အရသာရှိဆုံး ဟင်းလျာတိုင်းဖန်တီးနိုင်တဲ့
ORCHID
Jasmine
Refined Sugar
JASMINE Refined Sugar
JASMINE PRAWN Cooking Oil
Nya-55, Yuzana Street, Bayintnaung, Mayangone Township, Yangon,
Myanmar. Tel : 01-680659, 01-528733, 09-791252060


မင်္ဂလာ
မင်္ဂလာ ဟာသာ ကုမ္ပဏီလီမိတက်
အရည်အသွေးမြင့် စိုက်ပျိုးရေးဆေးများ
အထွက်တိုးရွက်ဖျန်းအထူးအားဆေးများ
စပါးရွေးချယ်
ပေါင်းသတ်ဆေး
မှို/ဘက်တီးရီးယားကာကွယ်ကုသဆေး
အစွမ်းထက်ပိုးသတ်ဆေးများ
တောင်သူ ချမ်းသာ မင်္ဂလာ


ရွှေငါးမောင်မောင်
ပင်လယ်စာဖြန့်ချိရေး
ဆိုင်(၁) ပင်ရင်း အမှတ်(၇၁၆)၊ မဟာဗန္ဓုလလမ်း (၁၈)လမ်းထိပ်၊ လသာမြို့နယ်။
PH : 01-251630, 251616, 251564, 250669, 09-770909760, 09-880110334, 09-880110336, 09-5178118
ဆိုင်(၂) အမှတ် (၁၄၀)၊ ဦးချစ်မောင်လမ်း၊ အရှေ့ဗဟိုလမ်းထောင့်၊ ဈေးကွေ့မှတ်တိုင်အနီး၊ ပဟန်းမြို့နယ်။
PH : 09-443049655, 09-258740179
ဆိုင်(၃) အမှတ်(၆၀၁)၊ (၁)ဘိုးရာဇာလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
PH : 880111637, 09-763567177
ဆိုင်(၄) အမှတ်(၄၈၈)၊ မာန်ပြေ(၁၁)လမ်းအရှေ့၊ သာကေတမြို့နယ်။
PH : 09-761433701, 09-880177015

# အိန္ဒိယ၊ တရုတ်၊ အာဆီယံနှင့် ဂျပန်တို့၏ စီးပွားရေးအခြေအနေ လျှပ်တစ်ပြက်




စောနိုင်(အသုံးချဘောဂဗေဒ)

ပထဝီနိုင်ငံရေးအလှုပ်အရှားများနှင့် အလျင်အမြန် ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေးအခြေအနေတွင် အိန္ဒိယနိုင်ငံက ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်မှုအသစ်ကိုပေးနိုင်တော့မည်လော။

လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်ကာလများက အိန္ဒိယနိုင်ငံသည် အခက်အခဲ၊ အကျပ်အတည်းများနှင့် ရုန်းကန်ကြိုးစားနေခဲ့ရသည်။ ဆင်းရဲနွမ်းပါးမှု၊ အလုပ်လက်မဲ့အခြေအနေ၊ ချုပ်ကိုင်မှုကြီးမားသော အစိုးရယန္တရား၏ ကြိုးနီစနစ်၊ တည်ငြိမ်မှုမရှိသော စီးပွားရေး စသည့်အကြောင်းများသည် အိန္ဒိယနိုင်ငံ၏သတင်းများတွင် ခေါင်းကြီးပိုင်းနေရာများ၌ အမြဲတမ်းဖြစ်နေသည်။

ထိုအခြေအနေများကို ယခုတော့ ကျော်လွန်နေခဲ့ပြီ။ ၂၀၁၄-၂၀၁၅ခုနှစ်က အိန္ဒိယသည် ကမ္ဘာ့စီးပွားရေးပမာဏတွင် ၁၀နိုင်ငံမြောက် အဆင့်၌သာရှိနေခဲ့ရာမှ ယခုအချိန်တွင် ပဉ္စမမြောက်နိုင်ငံမြောက် အကြီးဆုံးနိုင်ငံဖြစ်နေခဲ့ပြီ။ ၂၀၁၄-၂၀၁၅မှ ၂၀၂၂-၂၀၂၃ အထိ နိုင်ငံ၏နှစ်စဉ်ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ပျမ်းမျှအားဖြင့် ၆ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ ထိုအခြေအနေသည် ဆက်လက် အရှိန်တက်နေ၏။ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာမိုဒီ(Narendra Modi)က အိန္ဒိယသည် ၂၀၂၇ခုနှစ်တွင် ကမ္ဘာ့တတိယအကြီးဆုံးစီးပွားရေး ကျိန်းသေပေါက်ဖြစ်လာမည်ဟု ဆိုနေသည်။

ကမ္ဘာ့စီးပွားရေးဒုတိယအကြီးဆုံး တရုတ်နိုင်ငံတွင် သက်ကြီးဦးရေ ဝန်ထုပ်ကြီးမားလာနေစဉ် အိန္ဒိယသည်လုပ်သားဦးရေအများဆုံးနိုင်ငံဖြစ်လာနေသည်။ ၂၀၁၁- ၂၀၁၉ကာလများအတွင်း အိန္ဒိယနိုင်ငံ၏ အလွန်အမင်း ဆင်းရဲနွမ်းပါးသော လူဦးရေပမာဏသည် ထက်ဝက်မျှ ကျဆင်းသွားခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏စာရင်းဇယားများက ဖော်ပြနေသည်။ အိန္ဒိယရှိ လူအများစုသည် ဆင်းရဲနွမ်းပါးမှုမျဉ်းအထက်ကို ရောက်ရှိနေကြပြီဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း ၄ ရာခိုင်နှုန်းနီးပါးအထိရှိပြီး ငွေကြေးဖောင်းပွမှုသည် ၂၀၁၄ခုနှစ်ကတည်းက ၅ရာခိုင်နှုန်းနှင့် ၆ ရာခိုင်နှုန်းကြားတွင် ဖြစ်ပေါ်နေခဲ့သည်။ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးချဲ့မှုလာမှုကြောင့် ဝင်ငွေနည်းပါးသူများပင် ဘဏ်အသုံးပြုလာတတ်ကြပြီး ကျေးလက်ဒေသလူများ၏ စားသုံးမှုများလည်း အားကောင်းလာနေသည်။ လက်ရှိအခြေ အနေတွင် လူဦးရေ၏ ၇၈ ရာခိုင်နှုန်းသည် ဘဏ်လုပ်ငန်းနှင့် ဆက်စပ်မှုရှိနေကြပြီး ငွေကြေးစုဆောင်းမှုများကိုလည်း စနစ်တကျ လုပ်ဆောင်နိုင်နေကြပြီဖြစ်သည်။

အိန္ဒိယစီးပွားရေးဖွံ့ဖြိုးမှုအတွက် ယခင်ကာလများက အားကိုးအားထားမပြုခဲ့သော ပို့ကုန်ကဏ္ဍသည် ကိုဗစ်ကပ်ရောဂါကာလအတွင်း အားကောင်းလာခဲ့သည်။ ၂၀၂၀-၂၀၂၃ ကာလများတွင် ၄၅ ဒသမ၁၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆက်လက်မြင့်တက်ခဲ့သည်။ ထိုအခြေအနေသည် တစ်ဖက်တွင် ကမ္ဘာ့ဈေးကွက်၌ အိန္ဒိယပို့ကုန်၏ အရေးပါမှုအခန်းကဏ္ဍကို ပေါ်လွင်လာစေပြီးနှင့် အခြားတစ်ဖက်တွင် အာဆီယံအပါအဝင် နိုင်ငံငယ်များအတွက် စိန်ခေါ်မှုသစ်အဖြစ် ထင်ဟပ်လာနေသည်။

တရုတ်နိုင်ငံမှာမူ ငွေကျုံ့မှု(ဒီဖလေးရှင်း)ဒဏ်ကို စိုးရိမ်ထိတ်လန့်လျက်ရှိနေပြီး စီးပွားရေးတိုးတက်မှုမှာ တစ်ဟုန်ထိုး ကျဆင်းနေခဲ့သည်။ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် ၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ပြီးနောက် ၂၀၂၃ခုနှစ်တွင်လည်း ဆက်လက်ကျဆင်းနိုင်မည်ဟုလည်း ခန့်မှန်းနေကြသည်။ သက်ကြီးရွယ်အို လူဦးရေမြင့်တက်လာမှု၊ ကျေးလက် မြို့ပြကွာဟလာမှု၊ မဖွံ့ဖြိုးသေးသော ဘဏ္ဍာရေးစနစ်အပါအဝင် ပြည်တွင်းစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က သုံးသပ်ထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများနှင့် နိုင်ငံရေးအရ ဆက်ဆံမှုများ ယိုယွင်းလာခြင်းသည်လည်း တရုတ်နိုင်ငံ၏စီးပွားရေးမျှော်လင့်ချက်များကို အားလျော့စေလျက်ရှိသည်။ အထူးသဖြင့် ပို့ကုန်မျှော်လင့်ချက်များကို ပျက်စီးသွားခြင်းဖြစ်သည်ဟုဆိုသည်။ယခုအချိန်အထိ နိုင်ငံရေး၊စီးပွားရေး အပူအအေး မမျှတဖြစ်လျက် စီးပွားဖက်၊ကုန်သွယ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးများ မူလအခြေအနေ ပြန်လည်ရောက်ရှိရေးအတွက် အရှိန်မြှင့်လျက် အားထုတ်လုပ်ဆောင်နေရသည်။ အမှန်တွင် တရုတ်နိုင်ငံသည် ကုန်ကျစရိတ်သက်သာသည့် ထုတ်လုပ်မှုကြောင့် အမေရိကန်၊ အနောက်အုပ်စုနိုင်ငံများနှင့် ဂျပန်တို့အတွက် အကြီးမားဆုံး အလုပ်ရုံကြီးဖြစ်လာခဲ့ခြင်းဖြစ်သည်။

ယခုအချိန်တွင် အမေရိကန်-တရုတ် ထိပ်တိုက်တွေ့မှု၊ ရုရှား-ယူကရိန်း စစ်ပွဲဖြစ်ပွားမှုနှင့် တရုတ်နှင့် ရုရှားနှစ်နိုင်ငံ ဆက်ဆံရေးစိပ်လာခြင်းသည်တရုတ်ပို့ကုန်များအပေါ် အတားအဆီးများ ပိုမိုဖြစ်လာခဲ့ပြီး လုံခြုံရေး စိုးရိမ်မှုများလည်း တိုးလာခဲ့စေခဲ့သည်။ ထို့အပြင် ကိုဗစ်ပေါ်လစီအမှားအယွင်းများကလည်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် အကန့်အသတ်များ၊ အခြေခံစက်မှုလုပ်ငန်းများမှုအပေါ် ထိခိုက်ပျက်စီးများရှိခဲ့သည်။

လူမှုရေးကဏ္ဍရှိ သက်ကြီးရွယ်အိုဦးရေ များပြားလာခြင်းကြောင့် အလုပ်လုပ်ကိုင်သူဦးရေ ရှားပါးလာခြင်းသည်လည်း တရုတ်နိုင်ငံတွင် စိုးရိမ်စရာတစ်ခုပင်။ ထိုအခြေအနေ၏အကျိုးဆက်များသည် ထုတ်လုပ်မှုစရိတ်မြင့်တက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်ထိခိုက်လွယ်မှုများကို ဦးတည်သွားသည်။ တရုတ်နိုင်ငံ၏ အလုပ်လုပ်နေသော အသက်အရွယ်ဦးရေသည် ၂၀၂၀ ခုနှစ်တွင် သန်း ၈၈၀ခန့် ရှိခဲ့ပြီး ၂၀၃၅ ခုနှစ်တွင် သန်း၈၂၀ သို့ကျဆင်းသွားလိမ့်မည်ဟု ခန့်မှန်းထားကြသည်။ ကြိုတင်မှန်းဆနေသူများက ကလေးမွေးဖွားနှုန်းသည် ၁၉၈၀ပြည့်နှစ်များတွင် ၂ ဒသမ ၆ရှိရာမှာ ၂၀၂၁ခုနှစ်တွင် ၁ ဒသမ၁၅ သို့ကျဆင်းခဲ့သည်ကို တွေ့ရှိလျက် ၂၀၈၀ခုနှစ်တွင် တရုတ်နိုင်ငံ၏ သက်ကြီးရွယ်အိုဦးရေသည် အလုပ်လုပ်သူဦးရေကို ကျော်လွန်သွားလိမ့်မည်ဟုလည်း ခန့်မှန်းထားသည်။

တရုတ်နိုင်ငံသည် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ မညီမျှမှုများအပါအဝင် စိန်ခေါ်မှုမျိုးစုံကို လောလောလတ်လတ် ရင်ဆိုင်နေရသည်။ အလုပ်လုပ်နိုင်သည့်လူဦးရေ ရှားပါးမှု၊ ကုန်ထုတ်စွမ်းအား ကျဆင်းမှု၊ ပိတ်ဆို့အရေးယူမှုများကြောင့် နည်းပညာလွှဲပြောင်းမှုကန့်သတ်ချက်များ၊ အိမ်ခြံမြေကဏ္ဍ ပူဖောင်းနှင့် လုပ်သားငယ်များအကြား အလုပ်လက်မဲ့ မြင့်မားမှုတို့သည် တရုတ်နိုင်ငံ၏ တိုးတက်မှုကို နှောင့်နှေးစေလျက်ရှိသည်။ တရုတ်အစိုးရ၏ ရည်မှန်းချက်များကိုပင် လှုပ်ခါမှုများဖြစ်လာနိုင်သည်။ တရုတ်နိုင်ငံသား တစ်ဦးချင်းလည်းကောင်း၊ အိမ်ထောင်စုများသည်လည်းကောင်း မသေချာမရေရာမှုများဖြင့် ကြုံတွေ့လာရနိုင်သည်။ အသုံးစရိတ်များ ကျဆင်းလာမှု၊ ဘဏ်တွင် အပ်နှံငွေများ ပိုမိုထားရှိလာမှုတို့သည် ပြည်တွင်းဝယ်လိုအား အကြီးအကျယ်ကျဆင်းကာ ဂျပန်နိုင်ငံစီးပွားရေးကျဆင်းသကဲ့သို့ဖြစ်လာနိုင်သည်ဟု သုတေသီအချို့က သုံးသပ်နေကြသည်။

ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ဆက်ဆံရေးအခြေအနေမှာလည်း မတည်ငြိမ်။ နိုင်ငံရေး၊ စီးပွားရေးအပူအအေးအခြေအနေများကြားတွင်နှစ်နိုင်ငံ ဆက်ဆံရေးသည် ရိုလာကိုစတာ စီးသကဲ့သို့ပင် သမိုင်းတစ်လျှောက် အတက်အကျ၊ အနိမ့်အမြင့် မကြာခဏဖြစ်နေခဲ့သည်။

၂၀၂၂ ခုနှစ် ဂျပန်နိုင်ငံ၏စုစုပေါင်းကုန်သွယ်မှုတွင် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုမှာ ၂၀ ရာခိုင်နှုန်းခန့်ရှိသည်။ ဂျပန်နိုင်ငံ၏ သွင်းကုန်ပမာဏ ငါးပုံတစ်ပုံနီးပါးသည်လည်း တရုတ်နိုင်ငံမှ တင်သွင်းနေသည်။ တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းသည့် ကုန်ပစ္စည်းအုပ်စုမှာ စက်ယန္တရားများဖြစ်ပြီး ၂၀၁၉ခုနှစ်တွင် တရုတ်နိုင်ငံမှ တင်သွင်းမှု၏ ၄၁ ရာခိုင်နှုန်းနီးပါးသည် အရင်းအနှီး ကုန်စည်များဖြစ်သည်။ ထိုအခြေအနေသည် ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုအခြေခံ ခိုင်မာတည်တံ့စေရေးအတွက် လိုအပ်သည့် ရောင်းလိုအား ကွင်းဆက်တည်ရှိမှုတွင် တရုတ်နိုင်ငံသည် အရေးပါသည့်နိုင်ငံဖြစ်နေသည်ကို ဖော်ပြနေသည်။ ထိုသို့ တရုတ်နိုင်ငံပေါ် မှီခိုမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်လျော့ပါးလာစေရန် ဂျပန်နိုင်ငံသည် ရှင်ဇိုအာဘေး၏အိုင်ဒီယာအမွေဖြစ်သည့် အာဘေးနောမစ်(Abenomics) အယူအဆကို အသုံးပြုလျက်ရှိသည်။ တရုတ်နိုင်ငံနှင့် အချိတ်အဆက် ဖြတ်တောက်၍ အာဆီယံဒေသနှင့် ဂျပန်ပြည်တွင်းသို့ လမ်းကြောင်းပြောင်းလဲ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ပြည်တွင်းထုတ်လုပ်သူများကို အားပေးချီးမြှောက်မှုများပြုလုပ်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံသည် အာဆီယံဒေသမှ တင်သွင်းမှု ၁၈ ဒသမ ၆ ရာခိုင်နှုန်း( ၂၀၂၁ ခုနှစ်က ၁၄ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သည်)မြင့်တက်လာခဲ့ပြီး တရုတ်နိုင်ငံမှတင်သွင်းမှုမှာ ၂ ရာခိုင်နှုန်း (၂၀၂၁ခုနှစ် က ၁၃ဒသမ၆ ရာခိုင်နှုန်းဖြစ်သည်) သာ တိုးမြင့်လာခဲ့သည်။ ထိုအခြေအနေသည် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ဆက်စပ်မှုနည်းလာခြင်းကိုပြသနေသည်။

ရင်းနှီးမြှုပ်နှံမှုတွင်လည်း ၂၀၂၁ခုနှစ်က ၁၀ဒသမ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း ၂၀၂၂ခုနှစ်တွင် ၂၅ဒသမ၂ ရာခိုင်နှုန်းကျဆင်းခဲ့၏။ တရုတ်နိုင်ငံရှိ ဂျပန်ရင်းနှီးမြှုပ်နှံမှုများသည် ယခင်အခြေအနေမတူ ပြောင်းလဲမှုများရှိနေခဲ့ပြီး ဂျပန်နိုင်ငံနှင့်တရုတ်နိုင်ငံတို့ကြား တဖြည်းဖြည်းအတွဲပြုတ်လာနေသည်ကို တွေ့နေရသည်။ အာဆီယံဒေသတွင်လည်း အပြောင်းအလဲအချို့ရှိခဲ့ရာ ၂၀၂၂ ခုနှစ်တွင် စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့်မလေးရှားတို့တွင် ဂျပန်ရင်းနှီးမြှုပ်နှံမှု ရုတ်တရက် ကျဆင်းလာခဲ့ပြန်သည်။ ဂျပန်သုတေသီကာဇူနိုဘုဟာရာကာဝါ(Kazunobu Hayakawa)ကမူ နောက်ဆုံးတွင် အာဆီယံသို့ တဖြည်းဖြည်း ကူးပြောင်းသွားခဲ့သည်ဟု မှတ်ချက်ပြုထားသည်။

အာဆီယံဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု ပြန်လည်မြင့်တက်လာသည်မှာ သံသယဖြစ်ဖွယ်မရှိ။ သို့သော် ခံနိုင်စွမ်းရှိရန် အချိန်ယူရလိမ့်မည်။ အိုအီးစီဒီ(OECD)အဖွဲ့ကြီး၏အဆိုအရ အာဆီယံ၏ ဂျီဒီပီသည် ၂၀၂၂ ခုနှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ၄ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ဖွယ်ရှိသည်ဟုလည်း ခန့်မှန်းထားသည်။

ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေများသည် မတည်ငြိမ်။ စဉ်းစားရခက်၊မှန်းဆရ ခက်ခဲမှုများရှိနေသည်။ အိန္ဒိယရှိ ဂျပန်ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၂၂ခုနှစ်တွင် ကျဆင်းမှုများရှိခဲ့သော်လည်း ဆိုးဆိုးရွားရွားအခြေအနေမျိုးမဟုတ်။ အိန္ဒိယသည် နှစ်စဉ် ပျမ်းမျှ တိုးတက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းဝန်းကျင်တွင်ရှိလျက် စဉ်ဆက်မပြတ် တိုးတက်မှုလမ်းကြောင်းပေါ်တွင် ဆက်လက်ရှိနေသေးကြောင်းလည်းဆိုနေကြ၏။ နှစ်စဉ်စစ်တမ်းများအရ အိန္ဒိယသည် တရုတ်နှင့် အမေရိကန်တို့ကို ကျော်ဖြတ်ခဲ့ကာ ၂၀၂၁နှင့် ၂၀၂၂ နှစ်ဆက်တိုက် ဂျပန်စီးပွားရေးလုပ်ငန်းအတွက် အလားအလာအရှိဆုံးနေရာတစ်ခုဖြစ်ခဲ့သည်ဟု သုံးသပ်ကြသည်။ ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးဘဏ်(JBIC)ကလည်း အိန္ဒိယ၏အလားအလာကောင်းများကို ချီးကျူး၏။

အချုပ်ဆိုရလျှင် အိန္ဒိယနိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် ကြိုးစားလှုပ်ရှားနေစဉ် တရုတ်နိုင်ငံသည် ငွေကျုံ့သည့် ဒီဖလေးရှင်း(deflation) ဒဏ်ကို စတင်ခံနေရပြီလော။ ဂျပန်စီးပွားရေးသည် စဉ်းစားရကျပ်နေသောအခြေအနေကို ရင်ဆိုင်နေရချိန်တွင် အာဆီယံဒေသသည် ယိုင်တိယိုင်တိုင်ဖြင့် ရုန်းကန်နေရသလော စသည့် အိန္ဒိယ၊တရုတ်၊ ဂျပန်နှင့် အာဆီယံဒေသတို့၏ စီးပွားရေးအခြေအနေများနှင့်ပတ်သက်၍ လျှပ်တစ်ပြက် စဉ်းစားမိခြင်းဖြစ်ပေသည်။ ။

https://www.eurasiareview.com

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး (Regional Director) ဖြစ်သူ Mr. Sanjay Mathur နှင့်အဖွဲ့အား စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့သည်။

တွေ့ဆုံရာတွင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS) တို့အကြား လက်ရှိဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**DICA**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များတွင် လအလိုက် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်း နှိုင်းယှဉ်ဖော်ပြချက်

| စဉ် | အမျိုးအမည် | အမျိုးအစား | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ (၂၀)ရက်နေ့ | အတက်/အကျ | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ ရေဦးမြို့ | | | | | | | | | |
| ၁ | ရွှေဘိုပေါ်ဆန်း | စပါးတင်း (၁၀၀)ဈေး | ၂,၈၀၀,၀၀၀ | ၂,၉၀၀,၀၀၀ | ၂,၉၀၀,၀၀၀ | ၃,၀၅၀,၀၀၀ | ၃,၇၀၀,၀၀၀ | ၃,၇၀၀,၀၀၀ | ↑ | ၃၂% |
| | | ဆန်(၁)အိတ်ဈေး | ၉၀,၀၀၀ | ၉၀,၀၀၀ | ၉၆,၀၀၀ | ၁၀၅,၀၀၀ | ၁၂၅,၀၀၀ | ၁၂၅,၀၀၀ | ↑ | ၃၉% |
| ၂ | ရေမာင်း | စပါးတင်း (၁၀၀)ဈေး | ၁,၉၀၀,၀၀၀ | ၁,၉၅၀,၀၀၀ | ၂,၄၀၀,၀၀၀ | ၂,၆၀၀,၀၀၀ | ၃,၁၅၀,၀၀၀ | ၃,၀၀၀,၀၀၀ | ↑ | ၅၈% |
| | | ဆန်(၁)အိတ်ဈေး | ၈၀,၀၀၀ | ၈၀,၀၀၀ | ၉၆,၀၀၀ | ၁၀၈,၀၀၀ | ၁၃၈,၀၀၀ | ၁၃၀,၀၀၀ | ↑ | ၆၃% |
| ၃ | ရွှေဝါထွန်း | စပါးတင်း (၁၀၀)ဈေး | ၁,၄၀၀,၀၀၀ | ၁,၄၅၀,၀၀၀ | ၁,၄၅၀,၀၀၀ | ၁,၆၀၀,၀၀၀ | ၁,၉၀၀,၀၀၀ | ၁,၉၀၀,၀၀၀ | ↑ | ၃၆% |
| | | ဆန်(၁)အိတ်ဈေး | ၅၄,၀၀၀ | ၅၈,၀၀၀ | ၅၈,၀၀၀ | ၇၀,၀၀၀ | ၈၀,၀၀၀ | ၈၀,၀၀၀ | ↑ | ၄၈% |
| | ကလေးခရိုင်၊ ကလေးမြို့ | | | | | | | | | |
| ၁ | ညို့မထ | စပါးတင်း (၁၀၀)ဈေး | ၁,၈၀၀,၀၀၀ | ၁,၉၀၀,၀၀၀ | ၁,၉၀၀,၀၀၀ | ၁,၉၅၀,၀၀၀ | ၃,၂၀၀,၀၀၀ | ၃,၂၀၀,၀၀၀ | ↑ | ၇၈% |
| | | ဆန်(၁)အိတ်ဈေး | ၆၅,၀၀၀ | ၇၂,၀၀၀ | ၇၂,၀၀၀ | ၇၅,၀၀၀ | ၁၂၀,၀၀၀ | ၁၁၀,၀၀၀ | ↑ | ၆၉% |
| ၂ | ငစိန် | စပါးတင်း (၁၀၀)ဈေး | ၁,၇၅၀,၀၀၀ | ၁,၈၀၀,၀၀၀ | ၁,၈၀၀,၀၀၀ | ၁,၉၀၀,၀၀၀ | ၃,၁၀၀,၀၀၀ | ၃,၁၀၀,၀၀၀ | ↑ | ၇၇% |
| | | ဆန်(၁)အိတ်ဈေး | ၆၀,၀၀၀ | ၇၀,၀၀၀ | ၇၀,၀၀၀ | ၇၃,၀၀၀ | ၁၁၀,၀၀၀ | ၁၀၀,၀၀၀ | ↑ | ၆၇% |
| ၃ | ရေမာင်း | စပါးတင်း (၁၀၀)ဈေး | ၁,၉၀၀,၀၀၀ | ၂,၀၀၀,၀၀၀ | ၂,၀၀၀,၀၀၀ | ၂,၁၀၀,၀၀၀ | ၃,၅၀၀,၀၀၀ | ၃,၅၀၀,၀၀၀ | ↑ | ၈၄% |
| | | ဆန်(၁)အိတ်ဈေး | ၇၀,၀၀၀ | ၈၀,၀၀၀ | ၈၀,၀၀၀ | ၈၁,၀၀၀ | ၁၃၀,၀၀၀ | ၁၂၀,၀၀၀ | ↑ | ၇၁% |
| ၄ | ဒေသမျိုး | စပါးတင်း (၁၀၀)ဈေး | ၈၀၀,၀၀၀ | ၈၅၀,၀၀၀ | ၈၅၀,၀၀၀ | ၉၀၀,၀၀၀ | ၁,၁၅၀,၀၀၀ | ၁,၁၀၀,၀၀၀ | ↑ | ၃၈% |
| | | ဆန်(၁)အိတ်ဈေး | ၇၅,၀၀၀ | ၈၀,၀၀၀ | ၈၀,၀၀၀ | ၈၂,၀၀၀ | ၈၇,၀၀၀ | ၈၅,၀၀၀ | ↑ | ၁၃% |
| | ကသာခရိုင်၊ အင်းတော်မြို့ | | | | | | | | | |
| ၁ | မှော်ဘီ-၂ | စပါးတင်း (၁၀၀)ဈေး | ၁,၆၅၀,၀၀၀ | ၁,၆၅၀,၀၀၀ | ၁,၉၀၀,၀၀၀ | ၁,၉၅၀,၀၀၀ | ၁,၉၅၀,၀၀၀ | ၂,၀၀၀,၀၀၀ | ↑ | ၂၁% |
| | | ဆန်(၁)အိတ်ဈေး | ၆၅,၀၀၀ | ၆၅,၀၀၀ | ၈၀,၀၀၀ | ၈၁,၀၀၀ | ၈၁,၀၀၀ | ၈၅,၀၀၀ | ↑ | ၃၁% |
| ၂ | ဆင်းကေရီ-၃ | စပါးတင်း (၁၀၀)ဈေး | ၁,၅၀၀,၀၀၀ | ၁,၅၀၀,၀၀၀ | ၁,၆၀၀,၀၀၀ | ၁,၇၀၀,၀၀၀ | ၂,၁၀၀,၀၀၀ | ၂,၁၅၀,၀၀၀ | ↑ | ၄၃% |
| | | ဆန်(၁)အိတ်ဈေး | ၆၃,၀၀၀ | ၆၃,၀၀၀ | ၇၀,၀၀၀ | ၇၅,၀၀၀ | ၈၅,၀၀၀ | ၈၇,၀၀၀ | ↑ | ၃၈% |
| ၃ | ရေမာင်း | စပါးတင်း (၁၀၀)ဈေး | ၁,၇၅၀,၀၀၀ | ၁,၇၅၀,၀၀၀ | ၂,၀၀၀,၀၀၀ | ၂,၀၂၀,၀၀၀ | ၂,၄၀၀,၀၀၀ | ၂,၄၅၀,၀၀၀ | ↑ | ၄၀% |
| | | ဆန်(၁)အိတ်ဈေး | ၇၅,၀၀၀ | ၇၅,၀၀၀ | ၉၀,၀၀၀ | ၉၆,၀၀၀ | ၁၁၀,၀၀၀ | ၁၂၀,၀၀၀ | ↑ | ၆၀% |
| ၄ | ဆင်းကေရီ-၃ (နှံ့) | စပါးတင်း (၁၀၀)ဈေး | ၁,၂၀၀,၀၀၀ | ၁,၃၀၀,၀၀၀ | ၁,၃၀၀,၀၀၀ | ၁,၃၀၀,၀၀၀ | ၁,၃၀၀,၀၀၀ | ၁,၃၀၀,၀၀၀ | ↑ | ၈% |
| | | ဆန်(၁)အိတ်ဈေး | ၆၀,၀၀၀ | ၆၅,၀၀၀ | ၆၅,၀၀၀ | ၆၅,၀၀၀ | ၆၅,၀၀၀ | ၆၅,၀၀၀ | ↑ | ၈% |
| စဉ် | အမျိုးအမည် | အမျိုးအစား | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ (၂၀)ရက်နေ့ | အတက်/အကျ | ရာခိုင်နှုန်း |
| | မုံရွာခရိုင်၊ မုံရွာမြို့ | | | | | | | | | |
| ၁ | ပေါ်ဆန်း | စပါးတင်း (၁၀၀)ဈေး | ၂,၅၀၀,၀၀၀ | ၂,၇၀၀,၀၀၀ | ၂,၈၀၀,၀၀၀ | ၃,၂၀၀,၀၀၀ | ၃,၇၀၀,၀၀၀ | ၃,၂၀၀,၀၀၀ | ↑ | ၂၈% |
| | | ဆန်(၁)အိတ်ဈေး | ၈၅,၀၀၀ | ၉၀,၀၀၀ | ၉၅,၀၀၀ | ၁၂၀,၀၀၀ | ၁၄၅,၀၀၀ | ၁၂၅,၀၀၀ | ↑ | ၄၇% |
| ၂ | ရေမာင်း | စပါးတင်း (၁၀၀)ဈေး | ၂,၁၀၀,၀၀၀ | ၂,၂၀၀,၀၀၀ | ၂,၄၀၀,၀၀၀ | ၂,၆၅၀,၀၀၀ | ၃,၃၀၀,၀၀၀ | ၃,၀၀၀,၀၀၀ | ↑ | ၄၃% |
| | | ဆန်(၁)အိတ်ဈေး | ၈၅,၀၀၀ | ၉၀,၀၀၀ | ၉၆,၀၀၀ | ၁၀၈,၀၀၀ | ၁၄၅,၀၀၀ | ၁၂၅,၀၀၀ | ↑ | ၄၇% |
| ၃ | မနောသုခ | စပါးတင်း (၁၀၀)ဈေး | ၁,၂၀၀,၀၀၀ | ၁,၆၀၀,၀၀၀ | ၁,၈၀၀,၀၀၀ | ၂,၀၀၀,၀၀၀ | ၂,၆၀၀,၀၀၀ | ၁,၉၀၀,၀၀၀ | ↑ | ၅၈% |
| | | ဆန်(၁)အိတ်ဈေး | ၆၅,၀၀၀ | ၆၅,၀၀၀ | ၇၅,၀၀၀ | ၈၅,၀၀၀ | ၉၅,၀၀၀ | ၈၅,၀၀၀ | ↑ | ၃၁% |
| | ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့ | | | | | | | | | |
| ၁ | ပေါ်ဆန်း | စပါးတင်း (၁၀၀)ဈေး | ၂,၈၀၀,၀၀၀ | ၂,၈၀၀,၀၀၀ | ၂,၈၀၀,၀၀၀ | ၃,၀၀၀,၀၀၀ | ၃,၅၃၀,၀၀၀ | ၃,၅၀၀,၀၀၀ | ↑ | ၂၅% |
| | | ဆန်(၁)အိတ်ဈေး | ၈၇,၀၀၀ | ၉၀,၀၀၀ | ၉၆,၅၀၀ | ၁၀၀,၀၀၀ | ၁၃၀,၀၀၀ | ၁၂၄,၀၀၀ | ↑ | ၄၃% |
| ၂ | ရေမာင်း | စပါးတင်း (၁၀၀)ဈေး | ၁,၉၀၀,၀၀၀ | ၁,၉၀၀,၀၀၀ | ၂,၄၀၀,၀၀၀ | ၂,၅၀၀,၀၀၀ | ၃,၀၀၀,၀၀၀ | ၃,၀၀၀,၀၀၀ | ↑ | ၅၈% |
| | | ဆန်(၁)အိတ်ဈေး | ၈၀,၀၀၀ | ၈၀,၀၀၀ | ၉၅,၀၀၀ | ၁၀၀,၀၀၀ | ၁၃၀,၀၀၀ | ၁၃၀,၀၀၀ | ↑ | ၆၃% |
| ၃ | ရေမာင်း | စပါးတင်း (၁၀၀)ဈေး | ၁,၅၀၀,၀၀၀ | ၁,၅၀၀,၀၀၀ | ၁,၅၀၀,၀၀၀ | ၁,၅၅၀,၀၀၀ | ၁,၈၅၀,၀၀၀ | ၁,၈၀၀,၀၀၀ | ↑ | ၂၀% |
| | | ဆန်(၁)အိတ်ဈေး | ၆၀,၀၀၀ | ၆၀,၀၀၀ | ၆၀,၀၀၀ | ၆၈,၀၀၀ | ၈၁,၀၀၀ | ၇၈,၀၀၀ | ↑ | ၃၀% |

## ပြည်ပဆန်ဈေးနှုန်းများ

20-9-2023 rS6-9-2023 t x d

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 590 - 600 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 580 - 590 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 570 - 580 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 6 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 550 - 555 | |
| 7 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 590 - 600 | |
| 8 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 580 - 590 | |
| 9 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 570 - 580 | |
| 10 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 560 - 570 | |
| 11 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 585 - 595 | |
| 12 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 575 - 585 | |
| 13 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 14 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 555 - 565 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 585 - 595 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 575 - 585 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 565 - 575 | |
| 18 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 555 - 565 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 585 - 595 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 575 - 585 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 22 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 555 - 565 | |
| 23 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 630 - 640 | |
| 24 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 620 - 630 | |
| 25 | A-1 , 2 (Sortexed) | 470 - 480 | |
| 26 | B-1 , 2 (Sortexed) | 460 - 470 | |
| 27 | B-1,2 (Non-Sortexed) | 435 - 450 | |

**Source :** မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် ဆက်သွယ်စုံစမ်း တိုင်ကြားနိုင်သည့် လိပ်စာ

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်
ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း – ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် – mmcc.office@commerce.gov.mm

# အင်ဒိုနီးရှားအပါအဝင် ဒေသတွင်းနိုင်ငံများက မြန်မာ့သကြားဝယ်ယူရန် ထပ်မံ ကမ်းလှမ်းလာ

အင်ဒိုနီးရှားအပါအဝင် ဒေသတွင်းနိုင်ငံများက မြန်မာ့သကြားဝယ်ယူရန် ထပ်မံ ကမ်းလှမ်းမှုများရှိနေကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"ကမ်းလှမ်းတဲ့ နိုင်ငံတွေကတော့ အများကြီးပဲ။ အခုအချိန်မှာ ကမ္ဘာ့သကြားဈေးကလည်း တက်နေတယ်။ နိုင်ငံတကာမှာလည်း သကြားလိုအပ်ချက် ရှိနေတော့ ကမ်းလှမ်းတဲ့နိုင်ငံတွေကလည်း အများကြီးပဲပေါ့။ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နဲ့ တခြား အာဆီယံနိုင်ငံတွေ၊ အင်ဒိုနီးရှားတို့ အဲဒီလိုမျိုးတွေ လာကမ်းလှမ်းကြတာရှိပါတယ်"ဟု အဆိုပါအသင်းဥက္ကဋ္ဌ ဦးဝင်းငွေးက စက်တင်ဘာ ၂၁ ရက်တွင် ပြောသည်။



ကမ္ဘာ့သကြားဈေးကွက်တွင် ယခင်က သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဝန်းကျင်သာရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ၇၃၀ ဒေါ်လာအထိ ဈေးမြင့်တက်လျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် မြန်မာပြည်ကထွက်ရှိသည့်သကြားကိုအာဆီယံဒေသတွင်းနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်စသည့် နိုင်ငံများက ဝယ်ယူရန် မကြာခဏ ကမ်းလှမ်းမှုများရှိနေကြောင်း သိရသည်။ "ဝယ်ယူနေကျဖြစ်တဲ့ ဗီယက်နမ်နိုင်ငံကလည်းသူတို့ မူလ ဝယ်ယူနေကျဖြစ်တဲ့ သကြားတန်ချိန်ထက် တိုးမြှင့် ဝယ်ယူလိုတယ်လို့ကမ်းလှမ်းထားတာလည်း ရှိပါတယ်။ ဒါပေမဲ့ ဒီဘက်က စိုက်ပျိုးဧကရယ်၊ စက်တွေရဲ့ ကြိတ်ခွဲစွမ်းအားတွေရယ်၊ ထွက်ရှိလာမယ့် သကြားရယ်ကို ချိန်ဆပြီး ပြည်တွင်းစားသုံးမှုကို ချန်ပြီးမှ ကျွန်တော်တို့က ပို့မှာပါ"ဟု ဦးဝင်းငွေးက ပြောသည်။ ယခု ကမ်းလှမ်းချက်များအတိုင်း တင်ပို့မည်ဆိုပါက ပြည်တွင်း သကြားလိုအပ်ချက်များ ရှိလာနိုင်သည့်အပြင် ဈေးနှုန်းမြင့်တက်မှုများလည်း ရှိလာနိုင်သောကြောင့် ပိုလျှံသကြားများကိုသာ တင်ပို့သွားမည်ဖြစ်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံ၌ လူတစ်ဦးသည် တစ်နှစ်လျှင် သကြား ၁ ဒသမ ၈ ကီလိုဂရမ် စားသုံးလျက်ရှိသည့်အတွက် တစ်နိုင်ငံလုံး၏ ပျမ်းမျှ တစ်နှစ် သကြားစားသုံးမှုမှာ တန်ချိန် သုံးသိန်းခွဲမှ လေးသိန်းခွဲ ဝန်းကျင်အထိရှိကြောင်း သိရသည်။

သကြားထွက်ရှိမှုမှာတော့ တစ်နှစ်လျှင် တန်ချိန် ငါးသိန်းခန့်ရှိသည့်အတွက် စုစုပေါင်း စားသုံးမှု၏ ပိုလျှံသကြားများကို လာမည့် ကြံထွက်ရာသီတွင် ကမ်းလှမ်းထားသော ပြည်ပနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ကြံစိုက်ရာသီချိန်က ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၉၀၀၀၀ ဝန်းကျင်အထိ သကြား တင်ပို့မှုရှိခဲ့ကြောင်း သိရသည်။



# မြန်မာ့ကော်ဖီကို ရုရှားနိုင်ငံက ဝယ်ယူမည်

ရုရှားနိုင်ငံက မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကော်ဖီကို ဝယ်ယူပြီး ကုန်သွယ်မှု လုပ်ဆောင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။ အဆိုပါ ရုရှားနိုင်ငံရှိလက်လီအရောင်းဆိုင်များတွင် မြန်မာ့ကော်ဖီကို အမြဲတမ်းအမျိုးအစားအဖြစ် မိတ်ဆက်ပေးပြီး ဝယ်ယူတင်သွင်းရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Maxim Reshetnikov က ပြောကြားထားခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံ ကော်ဖီအသင်း အတွင်းရေးမှူး ဦးမင်းလှိုင်က စက်တင်ဘာ ၂၁ရက်တွင် ပြောသည်။

"ကျွန်တော်တို့ကော်ဖီကို တင်သွင်းဖို့အတွက် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Maxim Reshetnikov က သူတို့နိုင်ငံမှာ မိတ်ဆက်ပြောထားတာရှိတယ်။ ဝယ်ယူဖို့လည်း ကမ်းလှမ်းထားတယ်။ ကော်ဖီထွက်ချိန်မှပို့နိုင်ဖို့စီစဉ်ရမှာပါ။အခုဆိုပို့ကုန် အစားထိုးတင်ပို့မှုမှာ ကော်ဖီက အောင်မြင်မှုရလာပြီ။ လက်ရှိမှာ တခြားနိုင်ငံတွေက မြန်မာ့ကော်ဖီကို ကုန်ချောပြန်ထုတ်ပြီး ရောင်းနေကြတာဆိုတော့ ကုန်ကြမ်းရောင်းစားတဲ့ အနေအထားပဲ ရှိသေးတယ်။ အရည်အသွေးမြှင့် ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်မှာ မြန်မာ့ကော်ဖီဆိုပြီး နေရာရလာအောင်လုပ်ဖို့ လိုနေတယ်"ဟု ၎င်းက ပြောသည်။

ပြည်တွင်း၌ နှစ်စဉ် ကော်ဖီတန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ ကြား ထွက်ရှိပြီး ယခု ၂၀၂၃ ခုနှစ် ကော်ဖီတစ်တန် တန်ဖိုးသည်။ ကုန်စည်အရည်အသွေးပေါ် မူတည်၍ အမေရိကန်ဒေါ်လာ ၅၅၀၀ မှ ၈၃၀၀ ဝန်းကျင်အထိ ဈေးရရှိနေကြောင်း သိရသည်။မြန်မာနိုင်ငံအနေဖြင့် ယခု ၂၀၂၃ ခုနှစ်အတွင်း ပြည်တွင်းမှထွက်ရှိသည့် ကော်ဖီကုန်ကြမ်း ၇၅ ရာခိုင်နှုန်းကို ပြည်ပတင်ပို့နိုင်ခဲ့ခြင်းဖြစ်ကာ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ကော်ဖီရာသီချိန်က ထွက်ရှိခဲ့သော ကော်ဖီလက်ကျန် မရှိတော့ကြောင်း သိရသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် ရုရှားနိုင်ငံက မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များဝယ်ယူမှု မြင့်တက်လာပြီး ဆန်နှင့် ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်း စသည့် စိုက်ပျိုးရေးထွက်ကုန်များ ရုရှားဈေးကွက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်ရရှိရန် ရည်မှန်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန်အထိ မြန်မာ-ရုရှား ကုန်သွယ်မှုအနေဖြင့် ကန်ဒေါ်လာ ၃၄ သန်းကျော်ရှိပြီး ရုရှားသို့ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁၆ သန်းကျော်၊ ရုရှားမှ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၈ သန်းကျော်ရှိကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

# ယခုနှစ်အတွင်း လာအိုနိုင်ငံနှင့် ကုန်သွယ်မှု တိုးတက်ပြုလုပ်နိုင်ခဲ့

မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးအဆက်အဆံ နည်းပါးလှသည့် လာအိုနိုင်ငံနှင့် ယခုနှစ်အတွင်း ကုန်သွယ်မှုတိုးတက်ပြုလုပ်နိုင်ခဲ့ကြောင်း ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။


လာအိုနှင့်မြန်မာ နှစ်နိုင်ငံနယ်နိမိတ်အကြားတွင် မဲခေါင်မြစ် ပိုင်းခြားထားခြင်းကြောင့် နှစ်နိုင်ငံကုန်သွယ်မှုများ မဖွံ့ဖြိုးနိုင်ခဲ့သော်လည်း လက်ရှိတွင် မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်သောကြောင့် ကုန်သွယ်မှုများကို ကျိုင်းလပ် နယ်စပ်ကုန်သွယ်ရေး စခန်းမှတစ်ဆင့် ဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျိုင်းလပ် နယ်စပ်ကုန်သွယ်ရေးစခန်းကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှနေ၍ ပို့ကုန်ကြေညာလွှာဖြင့် ကျိုင်းလပ်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ ပို့ကုန်အမျိုးမျိုးတင်ပို့နိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

ယခု စက်တင်ဘာလအတွင်း လာအိုနိုင်ငံသို့ ပို့ကုန်အမယ်သစ်အဖြစ် မြန်မာ့ဆေးရွက်ကြီး တင်ပို့လာနိုင်ခဲ့ပြီး ပထမပတ်အတွင်း၌ပင် ဆေးရွက်ကြီး တန်ချိန် ၂၂ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅၀၀၀ ရရှိခဲ့ကြောင်းသိရသည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်းမှနေ၍ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၀၀၀၀၀ ကျော်၊ ဩဂုတ်လတွင် ဆီးဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၀၀၀ကျော်၊ စက်တင်ဘာလတွင် ဆေးရွက်ကြီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၀၀၀ကျော် ရရှိခဲ့ခြင်းကြောင့် စုစုပေါင်း ကန်ဒေါ်လာ ၉၄၉၀၀၀ကျော်အထိ ဝင်ငွေရရှိခဲ့ကြောင်းသိရသည်။



# တရုတ်နိုင်ငံသို့ ဖရဲသီးတန်ချိန် တစ်သိန်းကျော် တင်ပို့ခဲ့

ယခု ၂၀၂၃ ခုနှစ်၊ ရှစ်လတာကာလအတွင်း တရုတ်နိုင်ငံသို့ ဖရဲသီးတန်ချိန် တစ်သိန်းကျော် တင်ပို့ခဲ့ကြောင်း မူဆယ်နယ်စပ်ရှိ သစ်သီးဝလံကုန်စည်ဒိုင်မှ သိရသည်။ တရုတ်နိုင်ငံသို့ ယခုနှစ် ဇန်နဝါရီမှ ဩဂုတ်လကုန်အထိ နယ်စပ်မှတစ်ဆင့် ဖရဲသီးတန်ချိန် ၁၁၃၀၀၀ ကျော် တင်ပို့ခဲ့ခြင်းဖြစ်ပြီး ကားအစီးရေ ၇၀၀၀ ကျော်ဖြင့် တင်ပို့ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း၌ ဖရဲသီးလှိုင်လှိုင်ထွက်ချိန်တွင် နိုဝင်ဘာလမှစ၍ ဇွန်လအထိဖြစ်ပြီး ယင်းအချိန်များတွင် အများဆုံးတင်ပို့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဖရဲသီးပေါ်ချိန်က တရုတ်နိုင်ငံအတွင်းသို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိခဲ့ခြင်းကြောင့်လည်း ယခုနှစ် ဖရဲရာသီတွင် ဖရဲစိုက်သူ များပြားလာကြောင်း သိရသည်။

ထို့ကြောင့် လာမည့်ရာသီ ဖရဲသီးပေါ်ချိန်တွင် တရုတ်နိုင်ငံအတွင်းသို့ ဖရဲသီးတင်ပို့မှု ပိုမိုများပြားလာနိုင်ကြောင်း မူဆယ်နယ်စပ်ရှိ ကုန်သည်များက ခန့်မှန်းထားသည်။

ပြည်တွင်းမှထွက်ရှိသည့် ဖရဲသီးအပါအဝင် သစ်သီးဝလံများကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးစခန်းမှ အဓိက အများဆုံး တင်ပို့နေခြင်းဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် ဖရဲ၊ သခွား စိုက်ဧက ၈၀၀၀၀ ကျော်ရှိပြီး စစ်ကိုင်း၊ မန္တလေး၊ ရှမ်းပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးလာကြောင်း သိရသည်။

# "ဆီရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့ အကုန်လုံးကို ရောင်းချပေးသွားပါမယ်"

ဦးမျိုးသိန်း

# "သတ်မှတ်ဈေးအတိုင်း ရောင်းပေးတာဖြစ်တဲ့အတွက် လာဝယ်ကြတဲ့သူတွေ တော်တော်လေးများတယ်"

ဒေါ်လှလှထွေး

**ပြည်တွင်းတွင် စားသုံးဆီဈေးနှုန်းများ မြင့်တက်နေချိန် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ဖွဲ့စည်းထားသော စားသုံးဆီ ဈေးနှုန်းတည်ငြိမ်စေရေးလုပ်ငန်းအဖွဲ့မှ စားအုန်းဆီများအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းနှင့်အညီ ကုမ္ပဏီအလိုက် လက်လီ၊ လက်ကားဆိုင်များမှတစ်ဆင့် အများပြည်သူများထံ ရောင်းချပေးလျက်ရှိသည်။ စားသုံးဆီဈေးနှုန်းနှင့်ပတ်သက်၍လည်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုအရ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ စားအုန်းဆီများအား အများပြည်သူများထံ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးလျက်ရှိသည့် ဆီကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**



### ဦးမျိုးသိန်း
### (ဆီကိုယ်စားလှယ်၊ ပုဇွန်တောင်ဈေး၊ ရန်ကုန်မြို့)

ဆီရတယ်ဆိုတာနဲ့ ရောင်းပေးနေပါတယ်။ ရောင်းမယ်ဆိုရင်တော့ ရည်ညွှန်းဈေး၊ သတ်မှတ်ဈေးအတိုင်းပါပဲ။ ကျပ် ၄၇၅၀ နဲ့ လူတစ်ဦးကို ငါးဆယ်ကျပ်သားစီရောင်းချပေးနေပါတယ်။ လူတွေအကုန်လုံး ခုနစ်ရက်သားသမီးတွေကို ရောင်းပေးချင်ပါတယ်။ အကုန်လုံးရမယ်ဆိုရင် ပိုပြီးဝမ်းသာပါတယ်။ ဆီ လေး ငါးဆယ်သားရဖို့အရေးကို တိုးနေတာမြင်နေရတော့ တချို့ရသွားတဲ့သူတွေရှိသလို မရသွားတဲ့သူတွေလည်းရှိတယ်။ အဲလောက်ထိကို များတာပေါ့။ ပုဇွန်တောင်ဈေးမှာကတော့ ရထားတာ ၁၃ ဆိုင်ပေါ့။ သူ့ဟာနဲ့သူ ရတာပေါ့။ ရသလောက်တော့ ရောင်းပေးပါမယ်။ ဒီလိုမျိုးရောင်းပေးတဲ့အတွက်လည်း လာဝယ်တဲ့သူတွေလည်း အဆင်ပြေသွားမယ်လို့ထင်ပါတယ်။ ဆီရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့ အကုန်လုံးကို ရောင်းချပေးသွားပါမယ်။ ကျွန်တော်တို့ကလည်း မရောင်းလို့မရဘူး။ဝန်ခံချက်တွေနဲ့ လုပ်ထားတာ။ အခု စည်ပင်မှာ ဗီနိုင်းရိုက်နေတယ်။ ဒီနေ့ ဘယ်လောက်ရောင်းရလဲ တရားဝင်ကြေညာရတယ်။ရောင်းပြီးလို့ ဘယ်လောက်ကျန်လဲ။ ဥပမာ ဆီနှစ်လုံးရောင်းရတယ်။ အချိန်တစ်ရာ့တစ်ဆယ်ကုန်သွားတယ်ဆို ကျန်တဲ့လက်ကျန်ကို ဖော်ပြထားရမယ်။ လာစစ်ရင်လည်း အဲတာတွေ အကုန်လုံးရှိနေရမယ်။ ဒါလုပ်ထုံးလုပ်နည်းပဲလေ။ ရောင်းတာကိုရော လက်ကျန်ကိုရော ပွင့်လင်းမြင်သာစွာလုပ်တာပေါ့လေ။ ဆီတွေကိုလည်း ကျွန်တော်တို့ကို မှန်မှန်လေးပေးမယ်ဆိုရင် ပိုကောင်းပါတယ်။ ဒါကြောင့်မို့ ဆီနဲ့ ပတ်သက်ပြီးတော့ ပုဇွန်တောင်မြို့နယ်မှာတော့ အဆင်ပြေသွားမယ်လို့မြင်ပါတယ်။ လာဝယ်တဲ့သူတွေအားလုံးလည်း အဆင်ပြေမယ်။ ဘာလို့ အဆင်ပြေလဲဆိုတော့ ဆိုင်တွေ များသွားတဲ့အတွက်ကြောင့်ပါ။

### ဦးညဏ်ထွန်း
### (ဆီကိုယ်စားလှယ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အဖွဲ့ဝင်)

ကျွန်တော်ကတော့ ပုဇွန်တောင်ဈေးမှာ ဆီကုန်သည်လက်ကားရောင်းချတာပေါ့။ ဩဂုတ်




၂၈ ရက်ကနေပြီးတော့ ကျွန်တော် ခွဲတမ်းရတာ ၁၁ လုံးရှိတယ်။ ကျွန်တော့်ဆီကနေမှတစ်ဆင့် ဈေးထဲက ဆိုင်တွေအကုန်လုံး စီးဆင်းတာပါ။ ဆီအသင်းက ပြန်ပြီးတော့ ခွဲဝေပေးတယ်။ အခုတော့ ပုဇွန်တောင်ဈေးအနေနဲ့ ဆီပေပါ ၃၅ လုံးရတယ်။ အဲဒီဆီတွေကို ပုဇွန်တောင်ဈေးထဲက ဆိုင် ၁၃ ဆိုင်လုံးရောင်းချပေးခဲ့ပါတယ်။ ရောင်းပေးတာကတော့ ကျပ် ၄၆၅၀ အပေါ်မှာ နှစ်ရာခိုင်နှုန်းတင်ပြီးတော့ ကျပ် ၄၇၅၀နဲ့ သတ်မှတ်ဈေးအတိုင်း ရောင်းပေးပါတယ်။ လူတစ်ဦးကို ငါးဆယ်ကျပ်သား ရောင်းပေးပါတယ်။ ဒါပေမယ့် ငါးဆယ်ကျပ်သား ရောင်းပေးတယ်ဆိုပေမယ့် မုန့်ဟင်းခါးဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ ထမင်းဆိုင်တွေ တချို့ဆို နှစ်ပိဿာ သုံးတယ်။ သုံးပိဿာသုံးတယ်။ တစ်ရက်ကို အချိန် တစ်ဆယ်သုံးတဲ့ဆိုင်တွေလည်းရှိတယ်။ သူတို့တွေကျတော့ ငါးဆယ်သားက ဘယ်နည်းနဲ့မှ မလောက်ဘူး။ ငါးဆယ်သားကတော့ အလွတ်ရောင်းပေးတယ်။ ဥပမာ လက်ဖက်ရည်ဆိုင်ရှိလို့၊ ထမင်းဆိုင်ရှိလို့ နှစ်ပိဿာလိုချင်တယ်ဆိုနာမည်၊ ဖုန်းနံပါတ်နဲ့ စာရင်းမှတ် ဒီဈေးအတိုင်းပဲ ရောင်းပေးမယ်။ အဲဒါ ပိုကောင်းပါတယ်။ အဲလိုမျိုးရောင်းပေးမယ်ဆို လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ အကြော်ရောင်းတဲ့သူတွေ အဆင်ပြေသွားလိမ့်မယ်လို့ထင်ပါတယ်။ အိမ်ဆိုင်လေးတွေကိုလည်း ရောင်းချခွင့်ပေးဖို့အတွက်ကိုလည်း လိုချင်ပါတယ်။ အခုဆို အိမ်ဆိုင်တွေကို ကျွန်တော်တို့ မျက်နှာပျက်ရဦးမယ်။ သူတို့ကို မရောင်းနိုင်သေးဘူး။ အိမ်ဆိုင်ကို ပေးလိုက်ခြင်းအားဖြင့် အိမ်ဆိုင်က တချို့ တစ်ဆယ်သား၊ နှစ်ဆယ်သား ဝယ်နိုင်တဲ့သူက သေချာပေါက် အဲဒီလို ရောင်းမယ်ဆိုရင် အိမ်ဆိုင်လေးတွေကလည်း ဈေးမတက်တော့ဘူး။ အားလုံး ပြေပြေလည်လည် ဖြစ်သွားပါမယ်လို့ ထင်ပါတယ်။

> **ရောင်းပေးတာကတော့ ကျပ် ၄၆၅၀ အပေါ်မှာ နှစ်ရာခိုင်နှုန်းတင်ပြီးတော့ ကျပ် ၄၇၅၀ နဲ့ သတ်မှတ်ဈေးအတိုင်း ရောင်းပေးပါတယ်။ လူတစ်ဦးကို ငါးဆယ်ကျပ်သား ရောင်းပေးပါတယ်။ ဒါပေမယ့် ငါးဆယ်ကျပ်သား ရောင်းပေးတယ် ဆိုပေမယ့် မုန့်ဟင်းခါးဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ ထမင်းဆိုင်တွေ တချို့ဆို နှစ်ပိဿာ သုံးတယ်။ သုံးပိဿာသုံးတယ်။ တစ်ရက်ကို အချိန် တစ်ဆယ်သုံးတဲ့ ဆိုင်တွေလည်းရှိတယ်။ သူတို့တွေကျတော့ ငါးဆယ်သားက ဘယ်နည်းနဲ့မှ မလောက်ဘူး။**

### တိုဗွ



### ဒေါ်လှလှထွေး
### (ဆီကိုယ်စားလှယ်၊ ပုဇွန်တောင်ဈေး၊ ရန်ကုန်မြို့)

စားအုန်းဆီပေးတာကတော့ ရည်ညွှန်းဈေးက ကျပ် ၄၆၅၀ ပါ။ ပြန်ရောင်းတာကတော့ ကျပ် ၄၇၅၀ နဲ့ လူတစ်ဦးကို ငါးဆယ်ကျပ်သားနဲ့ ရောင်းပေးတာပါ။ ဒီလိုမျိုး ရောင်းပေးလာတာဆိုရင် လေးကြိမ်မြောက်ရှိနေပါပြီ။ ဆီရရင် ရသလို ရောင်းပေးသွားမှာပါ။ သတ်မှတ်ဈေးအတိုင်း ရောင်းပေးတာဖြစ်တဲ့အတွက် လာဝယ်ကြတဲ့သူတွေ တော်တော်လေးများတယ်။ ဆီပုံးလေးစဖွင့်လိုက်တာနဲ့ လာဝယ်ဖို့ တန်းစီတဲ့သူတွေအများကြီးပဲ။ သတ်မှတ်ဈေးအတိုင်းပဲ ရောင်းပေးတာဖြစ်တဲ့အတွက် တစ်ပိဿာ ကျပ် ၄၇၅၀ ဆို ငါးဆယ်ကျပ်သား ၂၃၇၅ ကျပ် ကျတာကို သကြားလုံးပေးပြီးတော့ ကျပ် ၂၄၀၀ ယူလိုက်တယ်။ အတိအကျပဲ ရောင်းပေးပါတယ်။ ဆီကတော့ ပစ္စည်းရတဲ့အပေါ်မှာမူတည်ပြီးတော့ ရရင် ရသလို ရောင်းပေးသွားမှာပါ။

# စားသုံးဆီထုတ် လုပ်ငန်းများအတွက် အသုံးချသင့်သည့် HACCP စနစ်

အိအိချော(CTQM)

လူတို့ နေ့စဉ်လှုပ်ရှားသွားလာမှုအတွက် လိုအပ်သောစွမ်းအင်ကို အများဆုံးပေးနိုင်သော အစားအစာဖြစ်သည့် စားသုံးဆီအား ဆီထွက်ပင်ရင်း သီးနှံနှင့် အစေ့အဆန်များကို ကြိတ်ချေ ဖိညှစ်ခြင်းဖြင့်ဖြစ်စေ၊ ဓာတုဆေးရည်ဖြင့် ဖျော်ထုတ်ခြင်းဖြင့်ဖြစ်စေ ထုတ်လုပ်နိုင်သည်။ ဆီထွက်ပင်ရင်း၏ စုစုပေါင်းဆီပါဝင်မှု ရာခိုင်နှုန်းပေါ်မူတည်ပြီး သင့်လျော်သောနည်းစဉ်ကိုအသုံးပြု၍ ထုတ်လုပ်ရရှိသော စားသုံးဆီသည် စားသုံးသူများကို ဘေးဥပဒ် မဖြစ်စေဘဲ အစားအစာဘေးကင်းလုံခြုံမှု (food safety) ရှိရန် လိုအပ်သည်။

စားသုံးဆီထုတ်လုပ်ခြင်းသည် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းတစ်ခုဖြစ်သည့် အားလျော်စွာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် စားသုံးသူများ၏ ယုံကြည်စိတ်ချရမှုကို ဖြစ်စေသည့် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမြင့်မားသော စားသောက်ကုန်ဖြစ်ရန် လိုအပ်သည်။ သို့ဖြစ်ရာ အရည်အသွေးမြင့်မားပြီး စားသုံးသူယုံကြည်မှုကို ဖြစ်စေမည့် စားသောက်ကုန်တစ်ခု ထုတ်လုပ်နိုင်ရန် စားသုံးဆီထုတ်စက်ရုံများတွင် အရည်အသွေးစီမံခန့်ခွဲမှုစနစ်ဖြစ်သည့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များ (Good Manufacturing Practices) ကို လိုက်နာကျင့်သုံးရမည်။ ထို့ပြင် စားသုံးဆီ၏ ပင်ကိုကောင်းမွန်သော အရည်အသွေးများအပေါ် မူတည်၍ ဆီစိမ်းအတိုင်းလည်း အသုံးပြုကြသည်ဖြစ်ရာ စားသုံးဆီထုတ်လုပ်ငန်းစဉ်ကွင်းဆက် (Edible Oil Supply Chain)တစ်လျှောက်တွင် ပါဝင်ဆောင်ရွက်သူ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အသုံးပြုရသော ပစ္စည်းကိရိယာတစ်ခုချင်းအတွက်ဖြစ်စေ ကောင်းမွန်သောသန့်ရှင်းမှုကျင့်စဉ်များ (Good Hygiene Practices)ကိုလည်း အလေးထားဆောင်ရွက်ထားရမည်ဖြစ်သည်။

ဆီထွက်ပင်ရင်းမှသည် အရည်အသွေးမြင့် စားသုံးဆီဖြစ်လာရေးလုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက်တွင် အဓိက အရေးပါသော လုပ်ငန်းအစိတ်အပိုင်းများမှာ ဆီထွက်သီးနှံကုန်ကြမ်း ရယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ နည်းပညာသုံး၍ ကုန်ချောထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ဖြစ်ပါသည်။ လုပ်ငန်းအဆင့်တိုင်းတွင် အသုံးပြုရသည့်ပစ္စည်း၊ နည်းပညာနှင့် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ ကွဲပြားခြားနားကြသောကြောင့်ကွင်းဆက်တစ်လျှောက် လွှမ်းခြုံမှုရှိသော အရည်အသွေး စီမံခန့်ခွဲမှုစနစ်ဖြစ်သည့် Hazard Analysis Critical Control Point (HACCP)ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

HACCPသည် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့် ကောင်းမွန်သော သန့်ရှင်းမှုကျင့်စဉ်တို့၏အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဘေးအန္တရာယ်ရှိလာစေနိုင်မည့် အဓိကနေရာများကို ကြိုတင်စဉ်းစားရှာဖွေခြင်းဖြင့် သိပ္ပံနည်းကျ ကြိုတင်ပြင်ဆင်ဟန့်တားသည့် နည်းစနစ်တစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် ထုတ်လုပ်မှုဖြစ်စဉ်ဆိုင်ရာ အရည်အသွေး(Process Quality)ကိုထိန်းချုပ်သည့် နည်းစနစ်တစ်ခုလည်းဖြစ်သည်။

HACCPစနစ်အရ ထုတ်လုပ်မှုဖြစ်စဉ်ကွင်းဆက်တစ်လျှောက်ရှိ အဓိကထိန်းချုပ်ရမည့်နေရာများကို စနစ်တကျ ထိန်းချုပ်ကွပ်ကဲနိုင်ရန် ကြိုတင်စီစဉ်ထားရပြီး မှားယွင်းမှုတစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ပြန်လည်ကုစားရမည့် ဆောင်ရွက်ချက်အစီအမံများ (Preventive and Corrective Measures)ကိုပါ ကြိုတင်ပြင်ဆင်ထားရမည်။ ထိုသို့ဆောင်ရွက်နိုင်ရန် မိမိတို့လုပ်ငန်းတွင် HACCPစနစ် မစတင်မီ HACCP စီမံချက်ကို ကြိုတင်ရေးဆွဲထားရမည်။

HACCPစီမံချက်တွင် ကနဦးကြိုတင်ဆောင်ရွက်ရန် လုပ်ငန်းစဉ် ငါးခုနှင့်အတူ အခြေခံစည်းမျဉ်း ခုနစ်ခုပါဝင်နေပါသည်။ ကနဦးဆောင်ရွက်ရန် လုပ်ငန်းစဉ်များမှာ မိမိစက်ရုံရှိ လုပ်သားများဖြင့် HACCP အဖွဲ့ဖွဲ့စည်းခြင်း၊ ထုတ်ကုန်အမည်၊ ထုတ်လုပ်မှုနည်းစဉ်နှင့် ဖြန့်ဖြူးမှုနည်းလမ်းတို့ကို သတ်မှတ်ခြင်း၊ ထုတ်ကုန်ကို အသုံးပြုနိုင်မည့်နည်းလမ်းနှင့် ရည်ရွယ်ထားသော စားသုံးသူအမျိုးအစားသတ်မှတ်ခြင်း၊ ထုတ်လုပ်မည့်ကုန်ပစ္စည်းအတွက် ထုတ်လုပ်ပုံအဆင့်ဆင့်ကိုဖော်ပြသော ပုံပြဇယား (Flow Diagram)ဖြင့် ဖော်ပြခြင်းနှင့် စစ်ဆေးရေးအဖွဲ့စည်း၍ စစ်ဆေးနိုင်စေရေး သင်တန်းပေးခြင်းတို့ဖြစ်သည်။ ဆက်လက် ဆောင်ရွက်ရမည့် အခြေခံစည်းမျဉ်းခုနစ်ခုမှာ ထုတ်လုပ်မှုနည်းစဉ်တွင် ကျရောက်နိုင်သော ဘေးအန္တရာယ်အမျိုးအစားကို ကြိုတင်ဆန်းစစ်ခြင်း၊ လုပ်ငန်းစဉ်အတွင်း အဓိကထိန်းချုပ်ရမည့်နေရာများကို သတ်မှတ်ခြင်း၊ ခွင့်ပြုနိုင်သည့် ပါဝင်ဘက်ပစ္စည်းများ၏ပမာဏကို အနည်းဆုံး၊အများဆုံးသတ်မှတ်ပေးခြင်း၊ အထက်ပါတန်ဖိုးသတ်မှတ်ချက်ဘောင် အတွင်းရှိ/မရှိကို စောင့်ကြည့်စစ်ဆေးမှတ်တမ်းတင်ထားရခြင်း၊ ယင်းသတ်မှတ်ချက်ဘောင်မှ သွေဖယ်ခဲ့လျှင် ပြုလုပ်ရမည့် မှန်ကန်သော အရေးယူဆောင်ရွက်မှုကို တည်ဆောက်ထားရခြင်း၊ HACCP စနစ်ကို ကျင့်သုံးနေကြောင်း သေချာစေရန် လုပ်ထုံးလုပ်နည်းများ တည်ဆောက်ထားရမည်ဖြစ်ခြင်း၊ HACCP စီမံချက် ရေးသားထားမှုများ၊ လွဲမှားစွာဆောင်ရွက်မှုများ၊ စစ်ဆေးချက် မှတ်တမ်းများနှင့် စာရွက်စာတမ်းအားလုံးကို မှတ်တမ်းများ ထားရှိခြင်းတို့ဖြစ်ကြသည်။

**စားသုံးဆီ ထုတ်လုပ်သည့် စက်ရုံအတွင်း ကုန်ကြမ်းရယူသော နေရာတွင် ကြိုတင်ခန့်မှန်းထားရမည့် ဘေးအန္တရာယ်မှာ သတ်မှတ်ချက်ထက် ပို၍များသော ပိုးသတ်ဆေးကြွင်းနှင့် မှိုဆိပ် ပါဝင်နေခြင်းပင်ဖြစ်သည်။**

စားသုံးဆီ ထုတ်လုပ်သည့်လုပ်ငန်း ကွင်းဆက်တစ်လျှောက်တွင်ပါဝင်သော အခန်းကဏ္ဍများအလိုက် မတူညီသော ဘေးအန္တရာယ်အမျိုးအစား (Hazard)အမျိုးမျိုးရှိသည်။ ထို့ကြောင့် လုပ်ငန်းစဉ်တစ်လျှောက် အဓိကထိန်းချုပ်ရမည့် နေရာများနှင့် ထိန်းချုပ်ရန် ဆောင်ရွက်ရမည့်အချက်များ ကွဲပြားမည်ဖြစ်သည်။

စားသုံးဆီ ထုတ်လုပ်သည့်စက်ရုံအတွင်း ကုန်ကြမ်းရယူသော နေရာတွင် ကြိုတင်ခန့်မှန်းထားရမည့် ဘေးအန္တရာယ်မှာ သတ်မှတ်ချက်ထက်ပို၍များသော ပိုးသတ်ဆေးကြွင်းနှင့် မှိုဆိပ်ပါဝင်နေခြင်းပင်ဖြစ်သည်။ ထိန်းချုပ်ဆောင်ရွက်မှုအနေဖြင့် ကုန်ကြမ်းသွင်းသူများထံမှ မှိုနှင့်ပိုးသတ်ဆေးကြွင်းဆိုင်ရာ သက်သေခံ လက်မှတ်တောင်းခံခြင်းနှင့် ကုန်ကြမ်းလက်ခံသည့်နေရာတွင် အရည်အသွေးစစ်ဆေးသောလုပ်ငန်းစဉ်ကို တည်ဆောက်ထားခြင်း စသည်တို့ကို ဆောင်ရွက်ထားသင့်ပါသည်။

ကုန်ကြမ်းသိုလှောင်သည့်နေရာ၌ မှိုဆိပ်ပေါက်ပွားလာနိုင်ခြင်းသည် ကြိုတင်ခန့်မှန်းထားရမည့်ဘေးအန္တရာယ်ဖြစ်ပြီး ထိန်းချုပ်သည့်ဆောင်ရွက်မှုများမှာ သိုလှောင်ရုံသန့်ရှင်းခြင်းနှင့် သိုလှောင်ရုံဧရိယာတွင် လေဝင်လေထွက်ကောင်းစေခြင်းတို့ဖြစ်ပါသည်။ ကြိတ်ခွဲခြင်းအဆင့်တွင် ရေနှင့်အသုံးပြုသောကိရိယာများမှ ဓာတုဗေဒဆိုင်ရာ အညစ်အကြေးများနှင့်သတ္တုစများ ပါဝင်လာနိုင်မှုကြောင့် ကြိတ်ခွဲစဉ်တစ်လျှောက် စက်ရုံအတွင်း/အပြင်နှင့် စက်ကိရိယာများကို သန့်ရှင်းရေးပုံမှန်ပြုလုပ်ခြင်း၊ ထုတ်လုပ်မှုဖြစ်စဉ်တစ်လျှောက်တွင် အသုံးပြုသောရေကို ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း စသည်တို့ဖြစ်ပါသည်။

စားသုံးဆီသိုလှောင်သည့်နေရာတွင် ကြိုတင်ခန့်မှန်းထားရမည့် ဘေးအန္တရာယ်မှာ ဆီသိုလှောင်ကန်မှ အညစ်အကြေးဖြစ်ပါသည်။ယင်းအတွက် ထိန်းချုပ်မှုအနေဖြင့် စတီးအထူသား (Stainless Steel) ဖြင့်ပြုလုပ်ထားသော ဆလင်ဒါပုံသဏ္ဌာန်ရှိသည့် ဆီသိုလှောင်ကန်ကို အသုံးပြုခြင်း၊ ၎င်းကန်၏ မူလသိုလှောင်ပစ္စည်း အညစ်အကြေး၊ အကြွင်းအကျန်များကို သေချာစွာဆေးကြောသန့်စင်ထားပြီး အခြောက်ခံထားခြင်း စသည်တို့ကို ကြိုတင်ဆောင်ရွက်ထားရပါမည်။

စားသုံးဆီ သယ်ယူပို့ဆောင်ခြင်းအဆင့်အတွက် ကြိုတင်ခန့်မှန်းထားရမည့် ဘေးအန္တရာယ်မှာ ဆီထည့်မည့်ပုံးခွံမှ အညစ်အကြေးဖြစ်ပါသည်။ အဆိုပါ ဘေးအန္တရာယ်မှ ရှောင်ရှားနိုင်ရန် သန့်ရှင်းခြောက်သွေ့သောပုံးခွံနှင့် အဖုံးများကို အသုံးပြုခြင်း၊ ပုံးခွံထဲသို့ ဆီမဖြည့်မီ ပုံးနှင့်အဖုံးကို စစ်ဆေးစေခြင်း၊ ဆီဖြည့်ပြီးပါကလည်း ပုံးပေါ်တွင် တစ်ထပ်ပြန်လည်ထုပ်ပိုးစေခြင်းနှင့်စက်ပစ္စည်းကိရိယာ လုံလောက်စွာဖြင့် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ကြိုတင်အစီစဉ်ချမှတ်၍ ဆောင်ရွက်ရမည်။

ထိုကဲ့သို့ ထုတ်လုပ်မှုအဆင့်တိုင်းအတွက် ကြိုတင်ပြင်ရုံမျှမက စက်ရုံနှင့်ပတ်သက်သော အသေးစိတ် အချက်အလက်များ၊ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်သည့် ဧရိယာနှင့်သက်ဆိုင်သောအထွေထွေ လိုအပ်ချက်များ၊ လုပ်ငန်းသုံးကိရိယာ တန်ဆာပလာများ၏ သန့်ရှင်းရေးဆောင်ရွက်မည့် အစီအစဉ်များနှင့် ဝန်ထမ်းပိုင်းဆိုင်ရာ စီမံခန့်ခွဲခြင်းအစီအစဉ်များကိုပါ ကြိုတင်ခန့်မှန်း၍ အပိုင်းလိုက်ဆောင်ရွက်ရမည့် အစီအမံများကိုပါ ရေးဆွဲပြင်ဆင်ထားရမည်ဖြစ်သည်။ HACCPစနစ်တွင် အဓိက ထိန်းချုပ်ရမည့်နေရာနှင့်ဖြစ်ပေါ်လာတတ်သည့် ဘေးအန္တရာယ်တို့ကို တိတိကျကျ သတ်မှတ်ထိန်းချုပ်နိုင်ရေးသည် အရေးအကြီးဆုံးအချက်ဖြစ်ပါသည်။ ထုတ်ကုန်တွင် အားနည်းချက်များရှိခြင်း၊ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု မရှိခြင်းများ ဖြစ်ပေါ်လာပါက အဓိက ထိန်းချုပ်ထားသည့်နေရာများကို ပြန်လည်စစ်ဆေးခြင်းအပြင် မိမိရေးဆွဲထားသော HACCP စနစ်တစ်ခုလုံးကိုလည်း ပြန်လည်ဆန်းစစ်ရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် HACCPစနစ်သည် ထုတ်ကုန်အရည်အသွေးကို သိပ္ပံနည်းကျ စောင့်ကြည့်ထိန်းကွပ်ပေးနိုင်သော စနစ်ကောင်းတစ်ခုဖြစ်သောကြောင့် စားသုံးဆီထုတ်လုပ်သောစက်ရုံများတွင် အဆိုပါစနစ်ကို လိုက်နာကျင့်သုံးသင့်ပါသည်။ HACCP စနစ်ကို လိုက်နာကျင့်သုံးခြင်းအားဖြင့် မိမိတို့၏ထုတ်ကုန်အရည်အသွေးစံနှုန်းကို တိုးတက်လာစေပြီး အစားအစာ ထုတ်လုပ်မှုဆိုင်ရာ လိုအပ်ချက်များနှင့်ကိုက်ညီစေခြင်း၊ မိမိကုန်စည် ထုတ်လုပ်ရာတွင် အထက်ဖော်ပြပါ ကျင့်စဉ်ကောင်းများကို အသုံးပြုထုတ်လုပ်ထားခြင်းကြောင့် ထုတ်ကုန်၏အရည်အသွေးဆိုင်ရာ ပြဿနာများ လျော့ပါးစေခြင်းအပြင် ရေရှည်တွင် စားသုံးသူ၏ယုံကြည်မှု တိုးတက်လာခြင်းဖြင့် မိမိထုတ်ကုန်၏ ဈေးကွက်ကျယ်ပြန့်လာပြီး ဝင်ငွေတိုးတက်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ပါ၍ HACCP စနစ်ကျင့်သုံးသော စားသုံးဆီစက်ရုံများ ပေါ်ထွက်လာနိုင်ရေး ရည်သန်၍ တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

# တောင်ငူမြို့နယ်မှ ထွက်ရှိသော ပြည်ပပို့ကုန် ငါးရှဉ့်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ တောင်ငူမြို့၊ အမှတ်(၂၂) ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဘေးရှိ ထိပ်တန်း၊ ငါးရှဉ့်ပွဲရုံသည် ၁၉၉၇ ခုနှစ်ကတည်းက လုပ်ငန်းစတင်တည်ထောင်ပြီး ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည်မှာ ၂၆ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ငါးလုပ်ငန်းဦးစီးဌာနတွင် ငါးရှဉ့်ဝယ်ယူစုဆောင်းခွင့်လိုင်စင် ရယူထားပြီး ဦးစီးဌာန၏ မူဝါဒနှင့်အညီ ဆောင်ရွက်နေသည်။

တောင်ငူမြို့နယ်တွင် မြစ်များ၊ ချောင်းများ၊ ဆည်ကြီးများ၊ အင်းအိုင်များ တည်ရှိနေသောကြောင့် ငါးရှဉ့်မြှုန်းထောင်သူများအနေဖြင့် ဝင်ငွေရရှိနေကြသည်။ အင်းအိုင်များမှာ စီလောင်အင်း၊ မုံဇလိမ်အင်း၊ အထက်မယင်း/အောက်မယင်းအင်း၊ ယောက်သဝအင်း၊ ငါးပြားဆယ်ပေဝင်ပေါက်အင်း၊ ကျေးအင်း၊ မြစ်ကြီးပေါက်အင်း၊ ငနောက်ချောင်းအင်းနှင့် ငဒင်းအင်းတို့ဖြစ်ကြသည်။ ၎င်းအင်းများအပြင် မိုးစပါးစိုက် လယ်ကွင်းကြီး၅၈၀၆၄ ဧကရှိနေခြင်းသည် သဘာဝအလျောက် ငါးရှဉ့်မွေးမြူထားခြင်းဖြစ်သည်။ မိုးရွာသွန်းမှုများသည့် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် ငါးရှဉ့်ဝယ်ယူမှု ပိုမိုရရှိသည်ဟုသိရသည်။

ငါးရှဉ့် လာရောက်ရောင်းချသူများသည် အနည်းဆုံး ၈၀ ကျပ်သားမှ အများဆုံး၆ ပိဿာအထိ လာရောက်ရောင်းချကြပါသည်။ ဈေးကွက်ဝင်သည့် အကောင်ကြီးများကိုသာ ဝယ်ယူကြသည်။ တစ်ရက်လျှင် ပိဿာ ၄၅၀ အထိ ဝယ်ယူရရှိသည်။ ငါးရှဉ့်တစ်ပိဿာလျှင် ကျပ် ၈၅၀၀ ဖြင့် ဝယ်ယူသည်။ ဝယ်ယူရရှိသော ငါးရှဉ့်များကို မန္တလေးသို့ နေ့ချင်းပို့သည်။

ငါးရှဉ့်ထည့်သည့် ဖော့ဘူးကြီးများကိုတစ်ဆင့် ဝယ်ယူသည့် ဒိုင်ကြီးများက ပေးပို့သည်။ မန္တလေးမြို့ရှိ ငါးရှဉ့်ဒိုင်ကြီးများက ပို့ကုန်လိုင်စင်လျှောက်ထား၍ မူဆယ်နယ်စပ်စခန်း၊ ချင်းရွှေဟော်နယ်စပ်စခန်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့သည်ဟု သိရသည်။ တောင်ငူမြို့နယ်မှ ထွက်ရှိသော ငါးရှဉ့်များသည် ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရရှိနေသည်ဟု သိရသည်။

မြင့်သူ (တောင်ငူ)

# ကလေးမြို့၏ ဒေသထွက်ကုန် ချင်းရိုးရာ ဝတ်စုံ

သန်းသန်းတင်(မုံရွာ)

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စု၁၃၅မျိုးရှိရာ တိုင်းရင်းသားလူမျိုးများအလိုက် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေများကို အမြတ်တနိုးတန်ဖိုးထား နေထိုင်ကြသည်ကိုတွေ့ရှိရမည်ဖြစ်သည်။ နေထိုင်ရာဒေသ မတူညီသည့်အပြင် ကိုးကွယ်ယုံကြည်မှုများလည်း မတူညီကြပေ။ ဝတ်စားဆင်ယင်မှုများမှာလည်း မိမိတို့၏ရိုးရာသင်္ကေတများအလိုက် ကွဲပြားခြားနားသွားသည်ကို တွေ့ရှိရမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအနက် ချင်းတိုင်းရင်းသားလူမျိုးစုကြီးတွင် မျိုးနွယ်စု ၅၃မျိုးဖြင့် မြန်မာနိုင်ငံ၏အနောက်ဘက်ဒေသတွင် နေထိုင်ကြသည်ကို တွေ့ရသည်။ ချင်းတိုင်းရင်းသားများအနက် နာမည်ကြီးသော တိုင်းရင်းသားဝတ်စုံများမှာ ဖလမ်းလူမျိုးတို့၏ ရိုးရာဝတ်စုံ၊ တီးတိန်လူမျိုးတို့၏ ရိုးရာဝတ်စုံ၊ ဇိုမီးလူမျိုးတို့၏ ရိုးရာဝတ်စုံ၊ ဟားခါးလူမျိုးတို့၏ ရိုးရာဝတ်စုံများဖြစ်သည်။ ရိုးရာဂျပ်ခုတ် ရက်ကန်းလုပ်ငန်းသည် ဆယ်စုနှစ်များစွာ ချင်းအမျိုးသမီးများ၏ လူသိများပြီး ထင်ရှားကျော်ကြားသော လုပ်ငန်းတစ်ခုဖြစ်သည်။ ရှေးယခင်က ချင်းလူမျိုးများသည် ကိုယ်တိုင် ဝါပင်များကို စိုက်ပျိုးကြပြီး ရရှိလာသည့် ဝါဂွမ်းများကို ဗိုင်းငင်၊ ချည်ချ၊ ချည်ဆေးဆိုး၍ ချည်ထည်များကို လက်ရက်ကန်းစင်ဖြင့် အဆင်ဒီဇိုင်းမျိုးစုံ၊ တဘက်၊ စောင်၊ လုံချည်(ကွင်းပြည့်)၊ ပတ်လုံချည်အမျိုးမျိုးကို ရက်လုပ်ကြသည်။

ချင်းရိုးရာဝတ်စုံများသည် အလွန်လှပပြီး မြန်မာနိုင်ငံသာမကပြည်ပနိုင်ငံများကပါ ရိုးရာ ဝတ်စုံများကို နှစ်သက်မြတ်နိုး တန်ဖိုးထားကြသည်။ချင်းအမျိုးသမီးများသည် ရက်ကန်းရက်လုပ်ရာတွင် လူမျိုးစုပေါ်မူတည်၍ အလျားလိုက် အစင်း၊ အကွက် သို့မဟုတ် ပန်းပွင့်ပုံများ၊ ချင်းလူမျိုးတို့၏သင်္ကေတဖြစ်သည့် အောက်ချင်းငှက် ပုံဖော်ထားသည့် အဆင်ဒီဇိုင်းသည် အခြားဒီဇိုင်းများနှင့်မတူ ပေါ်လွင်ထင်ရှားလှပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ ကလေးမြို့သည် ခရိုင်ရုံးစိုက် မြို့တစ်မြို့ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ စိုက်ပျိုးမြေကျယ်ပြန့်စွာပေါများခြင်း၊ ရေသယံဇာတကြွယ်ဝခြင်း၊ ရာသီဥတုကောင်းမွန်ခြင်းတို့ကြောင့် ကလေးမြို့တွင် ချင်းတိုင်းရင်းသားများ အခြေချနေထိုင်သူ ပေါများသည်။ ကလေးမြို့တွင် လူဦးရေ သုံးသိန်းခုနစ်သောင်းကျော်ရှိသည့်အနက် ချင်းတိုင်းရင်းသား တစ်သိန်းခုနစ်သောင်းကျော်(၄၆ရာခိုင်နှုန်း)ခန့် နေထိုင်သော မြို့တစ်မြို့ဖြစ်ပြီး အခြေချနေထိုင်သည့် ချင်းတိုင်းရင်းသားများမှာ ဖလမ်း၊ တီးတိန်၊ ဇိုမီး၊ ဟားခါးဒေသတို့မှ လူမျိုးများ အများစုနေထိုင်သော မြို့တစ်မြို့ဖြစ်သည်။

ချင်းရိုးရာ ရက်ကန်းပညာကို ဆွေစဉ်မျိုးဆက် အမွေဆက်ခံ၍ ရက်လုပ်လာခဲ့သည်မှာ ယခု ကလေးမြို့တွင် ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာသုံးရွာတို့မှ ရက်ကန်းလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင် ၆၀ကျော်၊ ရက်ကန်းစင် ၂၄၆စင်ခန့်က ချင်းရိုးရာ လုံချည်များကို အစဉ်အလာမပျက် ရက်လုပ်၊ဝတ်ဆင်၊ ရောင်းချလျက်ရှိကြောင်း လေ့လာသိရှိရသည်။

ချင်းရိုးရာလုံချည်များ ရက်လုပ်ရာတွင် အဓိကအနေဖြင့် အိန္ဒိယချည်ကို အသုံးပြုမှုများပြီး အရောင်လိုအပ်ချက်အရ ဒီဇိုင်းများ ဖော်ရန်အတွက် တရုတ်ချည်များကို အသုံးပြုကြောင်း သိရှိရသည်။ အိန္ဒိယချည်တစ်ထုပ် ကျပ် ၆၅၀၀၀၊ တရုတ်ချည် တစ်ထုပ် ကျပ် ၆၇၀၀၀ ဈေးနှုန်းများဖြင့် ဝယ်ယူရက်လုပ်ကြောင်း သိရသည်။

ရက်ကန်းရက်လုပ်သူများသည် မိမိရက်လုပ်သော အထည်အမျိုးအစား၊ ဒီဇိုင်းပေါ် မူတည်၍ လုပ်အားခရရှိပြီး ရိုးရာဝတ်စုံ ရိုးရိုးအထည်များ ရက်လုပ်မည်ဆိုပါက တစ်ရက်လျှင် နှစ်ထည်ခန့်ပြီးစီး၍ ဒီဇိုင်းဆန်း၍ လက်ကောက်များသည် လုံချည် ရက်လုပ်မည်ဆိုပါက တစ်ထည်လျှင် နှစ်ရက်ခန့် ရက်လုပ်ရကြောင်း သိရသည်။

ယခု ချင်းတိုင်းရင်းသားရိုးရာဝတ်စုံများအပြင် တဘက်၊ စောင်၊ ဦးထုပ်၊ လက်ကိုင်အိတ်၊ ဆံထိုး၊ နားကပ်၊ ရောင်စုံလည်ဆွဲရှည်၊ ဆံအုပ်၊ ကလစ်၊ ဆွယ်တာ၊ ပိုက်ဆံအိတ်နှင့် လွယ်အိတ် စသည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကိုလည်း ရက်လုပ်လာကြောင်းသိရသည်။

ချင်းရိုးရာဝတ်စုံ တစ်ထည်လျှင် အနိမ့်ဆုံးဈေးနှုန်း ကျပ် တစ်သိန်းငါးသောင်းမှ အမြင့်ဆုံးဈေးနှုန်း ကျပ် ၁၀သိန်းထိရှိကြောင်း သိရှိရသည်။

အရောင်းအဝယ်အနေဖြင့် ပုံမှန်ရောင်းဝယ်မှုရှိပြီး ဈေးကွက်မှာ ဒေသတွင်းဈေးကွက် ရန်ကုန်၊ မန္တလေး၊ မုံရွာမြို့များအပြင် ယခု ချင်းတိုင်းရင်းသားများသည် နိုင်ငံအနှံ့အပြား နေထိုင်လျက်ရှိသဖြင့် ၎င်းနိုင်ငံများက အမှာစာရှိပါက တင်ပို့ရောင်းချလျက်ရှိကြောင်း ကလေးမြို့ရှိ ချင်းရိုးရာ အထည်ဆိုင်ရှင်တစ်ဦးထံမှ သိရသည်။

ချင်းလူမျိုးများသည် အစဉ်အလာမပျက် ရိုးရာဝတ်စုံများကို ဝတ်ဆင်၍ ဘုရားကျောင်းတက်ခြင်း၊ ဆုတောင်းပွဲအခမ်းအနားများ၊ ဘာသာရေးဆိုင်ရာ ပွဲလမ်းများနှင့် မင်္ဂလာပွဲအခမ်းအနားများတွင် တူညီဝတ်စုံများ ဝတ်ဆင်သည့်ဓလေ့များကို တန်ဖိုးထားကြသည့်အတွက် ချင်းရိုးရာ လက်ရက်ကန်းလုပ်ငန်းသည် တိမ်ကော ပပျောက်သွားမည်မဟုတ်ဘဲ အစဉ်ရှင်သန်လျက်ရှိနေမည်ဟု ယုံကြည်ပါသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းသည်အကောင်းဆုံး နည်းလမ်းတစ်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များဘက်မှလည်း ဒေသတစ်ခုထုတ်ကုန်တစ်မျိုးမှသည် ပိုမိုတိုးတက်မှုရှိသည့် ဒေသစီးပွား၊ နိုင်ငံ့စီးပွားရေးဖြစ်လာစေရန် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ခနေဖြူမြို့က ဇကာကြီးသူ မုန့်ဟင်းခါးအနှစ်ထုတ်

ယခုတစ်ပတ်တွင် မုန့်ဟင်းခါးကြိုက်သော မြန်မာလူမျိုးများအတွက် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်က ဇကာကြီးသူ မုန့်ဟင်းခါးအနှစ်ထုပ်နှင့် မိတ်ဆက်ပေးလိုပါသည်။

ငါး၊ ကုလားပဲ၊ ငါးဖယ်ခြစ်၊ ချင်း၊ စပါးလင်၊ ငရုတ်သီးမှုန့်၊ ငရုတ်ကောင်း၊ မြေပဲ၊ ငါးငံပြာရည်တို့ကို အချိုးကျ ပေါင်းစပ်ထားပြီး အသင့်စား အစားအစာပြုလုပ်ရန်အတွက် ခြောက်နေအောင်လုံးထားပြီး လင်ပန်းထဲထည့်၍ ပန်ကာလေဖြင့် သင့်တော်သော အနေအထားတွင် ရိုးရိုးအိတ်မဟုတ်ဘဲ လေစုပ်အိတ်ထဲသို့ထည့်၍ အသေအချာ ထုပ်ပိုးထားရှိပါသည်။ စားသုံးသူများက အသေအချာ ထုပ်ပိုးထားသော ဇကာကြီးသူ မုန့်ဟင်းခါးအနှစ်ထုပ်ကို အညွှန်းပါအတိုင်း ရေနွေးဆူဆူတွင်ထည့်၍ လိုအပ်သလောက် မွှေပေးပြီးပါက အရသာရှိသော မုန့်ဟင်းခါးဟင်းရည်တစ်ခွက်ကို လွယ်လင့်တကူရရှိပြီး မုန့်ဟင်းခါးဖတ်ဖြင့် တွဲဖက်စားသုံးနိုင်ပါသည်။

ဇကာကြီးသူ မုန့်ဟင်းခါး ၂၀ကျပ်သား တစ်ထုပ်လျှင် ကျပ် ၄၀၀၀ ဖြစ်ပြီး မုန့်ဟင်းခါးဖတ် ၄၀ ကျပ်သားနှင့် ပေါင်းစပ်စားနိုင်သလို ၄၀ ကျပ်သား တစ်ထုပ်လျှင် ကျပ် ၈၀၀၀ နှုန်း၊ မုန့်ဟင်းခါးဖတ် ၈၀ ကျပ်သားနှင့် စားနိုင်ပြီး ၇၀ကျပ်သား တစ်ထုပ်လျှင် ကျပ် ၁၁၀၀၀ ကို မုန့်ဟင်းခါးဖတ် တစ်ပိဿာ ၄၀ကျပ်သားဖြင့် စားသုံးနိုင်သည်။

စားသုံးသူရေးရာဦးစီးဌာန၊ ဓနုဖြူမြို့နယ်၏ မြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးနှင့် ဝန်ထမ်းများသည် ၂၀၂၃ခုနှစ် စက်တင်ဘာလ တတိယပတ်တွင် ဇကာကြီးသူ မုန့်ဟင်းခါးအနှစ်ထုပ်လုပ်ငန်းခွင်သို့ ကွင်းဆင်းလေ့လာခဲ့ပြီး ဓနုဖြူမြို့နယ်နှင့် အခြားမြို့များသို့ ဈေးကွက်ရရှိနိုင်ရေး အရသာကောင်း အရည်အသွေးကောင်း ဇကာကြီးသူ မုန့်ဟင်းခါးအနှစ်ထုပ်ကို ကုန်အညွှန်းအမှတ်အသား ဆောင်ရွက်ထားရှိမှုနှင့် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေးနည်းလမ်းများကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်က ဇကာကြီးသူမုန့်ဟင်းခါး အနှစ်ထုပ်လုပ်ငန်းသည် ဓနုဖြူမြို့အတွက်သာမက မအူပင်ခရိုင်ထဲက တိုးတက်ဖွံ့ဖြိုးလာတော့မည့်လုပ်ငန်းတစ်ခုအဖြစ် အလားအလာကောင်းများကို ဂုဏ်ယူဖွယ်တွေ့ရှိခဲ့ရသည်။

မြင့်သူ(မအူပင်)

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center)၊ | ဖုန်း-၀၁ ၃၈၅၃၂၂ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနန်ခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# အဆင့်မီ ထုပ်ပိုးမှုစနစ်မှသည် ပြည်ပဈေးကွက်ဆီသို့

စောသန်းထိုက်ကျော်(တောင်ငူ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဦးတည်ချက် (၈)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီးပွားရေး ဦးတည်ချက် (၃)ရပ်တွင် ဒုတိယဦးတည်ချက်ဖြစ်သည့် တိုးတက် ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများ ကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်သည် ဆန်စပါးပိုလျှံသည့် ဒေသဖြစ်သည်နှင့်အညီ ဆန်အခြေခံ ဒေသထွက်ကုန်များကို ထုတ် လုပ်လျက်ရှိရာ မုန့်ဖတ်ခြောက်လုပ်ငန်းသည် ဒေသအတွင်း၌အောင် မြင်နေသည့်လုပ်ငန်းဖြစ်သည်။ စားသုံးသူရေးရာဦးစီးဌာနသို့ ကုန် အညွှန်းအမှတ်အသားများ စိစစ်ပေးနိုင်ပါရန် တင်ပြလာသည့်စာရင်း များအရ လုပ်ငန်းရှင်(၁၂)ဦးက အမှတ်တံဆိပ်(၂၄)မျိုးဖြင့် ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိသည်ကို တွေ့ရှိရသည်။ တောင်ငူခရိုင်ထွက် မုန့်ဖတ် ခြောက်များကို မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ တင်ပို့ရောင်းချ ရကြောင်း လုပ်ငန်းရှင်များထံမှသိရှိရသည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ဆန်အခြေခံ စားသောက်ကုန်များနှင့် ပဲအခြေခံစားသောက်ကုန်များအား ပြည်ပ ဈေးကွက်သို့တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဆန်အခြေခံ စားသောက်ကုန်တစ်ခုဖြစ်သည့် တောင်ငူဒေသထွက် မုန့်ဖတ်ခြောက် များကိုလည်း ပြည်ပဈေးကွက်သို့တင်ပို့နိုင်ရေးအတွက် လုပ်ငန်းရှင် များအား စည်းရုံးဆောင်ရွက်လျက်ရှိသည်။ မုန့်ဖတ်ခြောက်လုပ်ငန်း သည် ပဲခူးတိုင်းဒေသကြီးအတွင်း၌ တောင်ငူခရိုင်တစ်ခုတည်းတွင်သာ ရှိပြီး အခြားခရိုင်များတွင် မုန့်ဖတ်ခြောက်လုပ်ငန်း မရှိကြောင်းလည်း သိရသည်။

မုန့်ဖတ်ခြောက်များအား ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေး အတွက် အဓိကလိုအပ်ချက် နှစ်ခုမှာထုပ်ပိုးမှုစနစ်ကောင်းမွန်ရေး နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ ထောက်ခံချက်ရရှိရေးဖြစ်သည်။ ထုပ်ပိုးမှုစနစ်ကောင်းမွန်ရန်အ တွက် ခေတ်မီထုပ်ပိုးစက် (Packing Machine) အသုံးပြုရန် လိုအပ် သကဲ့သို့ ထုပ်ပိုးခွံဒီဇိုင်းလှပရန်လည်းလိုအပ်သည်။ ထုပ်ပိုးစက် ဝယ် ယူလိုပါက အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးကိုလည်း သက်ဆိုင်ရာ ဌာနများက ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ ထုပ်ပိုးခွံ ဒီဇိုင်းလှပစေရန်အတွက် စားသုံးသူရေးရာဦးစီးဌာနက ကူညီဆောင် ရွက်ပေးရန်လည်း အသင့်ရှိနေသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ထောက်ခံချက်ရရှိရေးအတွက် သက်ဆိုင်ရာဌာနက ကူညီဆောင် ရွက်ပေးမည်ဖြစ်သည်။ ပဲခူးမြို့နှင့် တောင်ငူမြို့များရှိ Icom ကဲ့သို့ သော အရောင်းစင်တာကြီးများတွင်လည်း (FDA) ထောက်ခံချက်ပါရှိ သောကုန်ပစ္စည်းများကိုသာ ရောင်းချသည်။ သို့ဖြစ်၍ (FDA) ထောက် ခံချက်ရရှိရေးသည်လည်း စားသောက်ကုန်ထုတ်လုပ်ငန်းများ အတွက် အရေးကြီးသည်။

မုန့်ဟင်းခါးခြောက်၏ သဘောသဘာဝသည် ဆန်ကို ရေစိမ် ပြီးမှ ပြုလုပ်ရခြင်းဖြစ်ရာ ဆန်ရေစိမ်ပြီးသည်နှင့် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ရန် လိုအပ်သည်။ အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နိုင် ခြင်းမရှိဘဲ ကြန့်ကြာသွားပါက ဆန်များပျက်စီး၍ ဆုံးရှုံးမှုများဖြစ် သကဲ့သို့ မှာယူထားသည့် ဝယ်လက်များဆီသို့ ပေးပို့နိုင်ခြင်းရှိမည် မဟုတ်ပါ။ အထူးသဖြင့် မုန့်ဖတ်များထုတ်လုပ်နေစဉ် လျှပ်စစ်မီး နာရီအနည်းငယ်ပင် ပြတ်တောက်သွားသည်ဖြစ်ပါစေ ပျက်စီးဆုံးရှုံး မှုများရှိမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားအတွက် အသင့်တော်ဆုံးမှာ စပါးခွံဓာတ် ငွေ့သုံးလျှပ်စစ်ဓာတ်အားထုတ် စက်(Gasifier Power Plant)တပ် ဆင် သုံးစွဲခြင်းဖြစ်သည်။ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်စက် (Gasifier Power Plant) စတင်တပ်ဆင်ချိန်၌ ကုန်ကျ စရိတ်ကြီးမားသော်လည်း ရေရှည်တွင် တွက်ခြေကိုက်ကြောင်း သိရ သည်။ တစ်လအတွင်း Gasifier အသုံးပြုခြင်းမှ ကုန်ကျစရိတ်သည် လျှပ် စစ်မီတာခထက် သက်သာကြောင်း Gasifier တပ်ဆင်သုံးစွဲသူ များက ဆိုသည်။ Gasifier တပ်ဆင်အသုံးပြုလိုသည့် လုပ်ငန်းရှင်များ အတွက် ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ပေးခြင်း၊ ချေးငွေ ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများကိုလည်း ဆောင်ရွက် ပေးလျက်ရှိသည်။

ခေတ်မီထုပ်ပိုးမှုစနစ်နှင့်ပတ်သက်၍ ထုပ်ပိုးစက် (Packing Machine)များ ရောင်းချဖြန့်ဖြူးသော Machine Cityကုမ္ပဏီမှ တာဝန်ရှိသူများသည် စားသုံးသူရေးရာဦးစီးဌာန၊ တောင်ငူခရိုင် ဦးစီးမှူးရုံး၌ တောင်ငူမြို့နယ်မှမုန့်ဖတ်ခြောက်လုပ်ငန်းရှင်များအား ဖိတ်ကြား၍ ၎င်းတို့ကုမ္ပဏီထုတ် Packing Machine များကို Video ဖြင့် မိတ်ဆက်ပေးခဲ့သည်။ ၎င်းကုမ္ပဏီမှ ထုတ်လုပ်သော ခြေနင်း အိတ် ပိတ်စက်သည် သားရေကြိုးစည်းသည့်စနစ်မှ စက်ဖြင့် စနစ် တကျ သေသပ်လှပစွာထုပ်ပိုးနိုင်မည်ဖြစ်ပြီး တန်ဖိုးအားဖြင့်လည်း ကျပ် ၄၀၀၀၀၀ မှ ၄၅၀၀၀၀ အထိရှိသဖြင့် လုပ်ငန်းရှင်များအတွက် သင့်လျော်သဖြင့် လုပ်ငန်းရှင်များက စိတ်ဝင်စားသည်ကို တွေ့ရ သည်။

**မုန့်ဖတ်ခြောက်များအား ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် အဓိကလိုအပ်ချက်နှစ်ခုမှာ ထုပ်ပိုးမှုစနစ် ကောင်းမွန်ရေးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) ၏ ထောက်ခံချက်ရရှိရေးဖြစ်သည်။**

မုန့်ဖတ်ခြောက်များအား သေသပ်လှပစွာထုပ်ပိုးနိုင်မည့် ရင်ခွဲ အိတ်ပိတ်စက်တစ်မျိုးသည် တန်ဖိုးအားဖြင့် ကျပ် ၁၆၅၀၀၀၀ ခန့်ရှိ၍ လုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံရန် စဉ်းစားရမည့်အပြင် မုန့် ဖတ်ခြောက်များ၏ သဘောသဘာဝအရ အခြားစားသောက်ကုန် များနှင့် မတူညီသဖြင့် မုန့်ဖတ်ခြောက်များ ထုပ်ပိုးနိုင်ရန် ပြုပြင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း တွေ့ရှိရသည်။ ဘေးအိတ်ပိတ်စက်မှာ တန်ဖိုးအားဖြင့် ကျပ် ၁၂၀၀၀၀၀ ခန့်ရှိပြီး မုန့်ဖတ်ခြောက်အတွက် ပိုမိုသင့်လျော်ကြောင်း တွေ့ရှိရသည်။

တောင်ငူမြို့မှ မုန့်ဖတ်ခြောက်များကို ဝယ်ယူပြီး အခြား တိုင်း ဒေသကြီးများမှ လုပ်ငန်းရှင်အချို့က အသင့်စားမုန့်ဟင်းခါးထုပ်များ ထုတ်လုပ်ရောင်းချကြောင်းသိရသည်။ လုပ်ငန်းရှင်များအနေဖြင့် မိမိ တို့ ထုတ်ကုန်ပစ္စည်းများ ပြည်တွင်း၌ လည်ပတ်နေသဖြင့် အားရ ကျေနပ်သည်ကို တွေ့ရပြီး ပြည်ပပို့ကုန်အဖြစ် အဆင့်မြှင့်ထုပ်ပိုး၍ ထုတ်လုပ်မည့်ကုန်ကျစရိတ်အတွက် စဉ်းစားနေသည်ကိုလည်း တွေ့ ရသည်။ လုပ်ငန်းရှင်အချို့အနေဖြင့် နိုင်ငံတော်က MSME လုပ်ငန်း များကို အားပေးနေချိန်တွင် ရင်းနှီးသင့်သည်ဟု သဘောထားရှိပြီး တစ်ဖက်က ကုန်ကျစရိတ်နှင့်ရရှိမည့်ဈေးကွက်ကို ချိန်ဆနေသည့် အနေအထားတွင်ရှိသည်။ လုပ်ငန်းရှင်အများစုက လက်ရှိထုပ်ပိုးမှု စနစ်ဖြင့် ရောင်းချခြင်းကို လူအများ ဝယ်ယူသုံးစွဲနိုင်ပြီး အဆင့်မြှင့် ထုပ်ပိုး၍ တန်ဖိုးမြင့်တက်လာပါက ရောင်းအားကျသွားမည်ကို စိုးရိမ် ကြသည်ကိုလည်း တွေ့ရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်အနေဖြင့် မိမိတိုင်းအတွင်းမှ ထုတ် လုပ်သောမုန့်ဖတ်ခြောက်များကို အခြားတိုင်းမှ လုပ်ငန်းရှင်များက ဝယ်ယူ၍ တန်ဖိုးမြှင့်ပြုပြင်ကာ ရောင်းချနေသည်ကိုသိရှိပြီး မိမိတို့ လုပ်ငန်းရှင်များအတွက် များစွာနစ်နာကြောင်း၊ ပြည်ပဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ပါက အမြတ်အစွန်းမှာ လက်ရှိထက် ၃ဆမက ရနိုင်ကြောင်း၊ လက်ရှိထုပ်ပိုးမှုအတိုင်း ထုပ်ပိုး၍ ပြည်တွင်း ၌ရောင်းချပြီး ပြည်ပသို့တင်ပို့မည့်ကုန်ပစ္စည်းများကိုသာ အဆင့်မြှင့် ထုပ်ပိုးရန် လမ်းညွှန်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရမှ MSME များအား အားပေးနေချိန်တွင် လုပ်ငန်းရှင်များ လိုက်ပါ ဆောင်ရွက်ပါက အကျိုးရှိနိုင်မည်ဖြစ်သည်။ အောင်မြင်မှုရရှိရန် ကြိုးစားအားထုတ်မှုတော့ လိုအပ်မည်ဖြစ်သည်။ လုပ်ငန်းရှင် တစ်ဦးတစ်ယောက်ပင် စွန့်စား၍ ရင်းနှီးပါက မိမိခရိုင် အတွင်း လုပ်ငန်းများ တိုးတက်အောင်မြင်မည်ဖြစ်ပါသဖြင့် လုပ်ငန်း ရှင်များအနေဖြင့် အဆင့်မြှင့် ထုပ်ပိုး၍ပြည်ပဈေးကွက်သို့ ထိုးဖောက် နိုင်ရေး ကြိုးစားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

## သိမ်ဖြူဈေးတွင် ဖြစ်ပေါ်ခဲ့သော ကြက်သွန်ဖြူ/နီ လက်ကားဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေးကြီး အတွင်း ကြက်သွန်ဖြူ ကြက်သွန်နီများအား ကား၊ ရထားတို့ဖြင့် ဘုရင့်နောင် ကုန်စည်ဒိုင်နှင့် ရှမ်းပြည်နယ်တို့မှ နေ့စဉ် ဝင်ရောက်လျက်ရှိပြီး လက်လီ လက်ကား ပြန်လည်ရောင်းချလျက်ရှိသည်။ ၂၀၂၃ခုနှစ် ဩဂုတ်လအတွင်း ကြက်သွန်နီ(ဆိပ်ဖြူ) ပိဿာ ၁၀၀၂၀၀ ဝင်ရောက်ခဲ့ပြီး ကြက်သွန်ဖြူ (ကြူ ကုတ်)မှာ ပိဿာ ၃၈၀၀၀ ဝင်ရောက်ခဲ့သည်။ လက်ကားဈေးနှုန်းများအနေ ဖြင့် ကြက်သွန်နီ(ဆိပ်ဖြူ) အနိမ့်ဈေးမှာ ကျပ် ၁၈၀၅ မှ ၃၀၀၀ထိ ဖြစ်ခဲ့ပြီး အမြင့်ဈေးမှာ ကျပ် ၂၄၅၀ မှ ၄၂၀၀ ထိ ဖြစ်ပေါ်ခဲ့သည်။ ကြက်သွန်ဖြူ (ကြူ ကုတ်) လက်ကားဈေးမှာကျပ် ၇၀၀၀ မှ ၈၄၀၀ ထိ ဖြစ်ပေါ်ခဲ့သည်။

၂၀၂၃ ခုနှစ် စက်တင်ဘာ တတိယအပတ်အထိ ကြက်သွန်နီ (သိမ်ဖြူ) ပိဿာ ၁၀၅၀၀ ရောက်ခဲ့ပြီး ကြက်သွန်ဖြူ (ကြူကုတ်)မှာ ပိဿာ ၂၉၀၀၀ ဝင်ရောက်ခဲ့ပြီး လက်ကားဈေးနှုန်းများအနေဖြင့် ကြက်သွန်နီ (ဆိပ်ဖြူ) ၁ပိဿာလျှင် ကျပ် ၂၅၀၀ မှ ၃၁၀၀ ထိ ဖြစ်ပေါ်လျက်ရှိပြီး ကြက်သွန်ဖြူ (ကြူကုတ်)တစ်ပိဿာလျှင် ကျပ် ၇၃၀၀ မှ ၇၆၀၀ ထိ ဖြစ်ပေါ်ခဲ့သည်။ ယခင် လဈေးနှုန်းများထက် ယခုလဈေးနှုန်းမှာ အနည်းငယ်ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

**နှင်းနွယ်**(DOCAYGN)

## ကသာမြို့တွင် စက်တင်ဘာလ တတိယပတ်အတွင်း ဖြစ်ပေါ်လျက်ရှိသော အခြေခံ စားသောက်ကုန်ဈေးနှုန်းများ

ကသာမြို့နယ်အတွင်း စက်တင်ဘာလ တတိယအပတ် အတွင်း ဈေးကွက်အသီးသီး၌ ရောင်းချလျက်ရှိသော ဆန် ဈေးနှုန်းများမှာရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ်၁၄၃၀၀၀၊ ဧရာမင်း ဆန်တစ်အိတ် ကျပ် ၁၂၀၀၀၀၊ ဧည့်မထ(ဆင်း-၃) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဖြင့် ရောင်းချလျက်ရှိပြီး စားသုံးဆီ ဈေးနှုန်းမှာ မြေပဲဆီ တစ်ပိဿာ ကျပ် ၁၅၀၀၀၊ နှမ်းဆီ တစ်ပိဿာ ကျပ် ၁၅၀၀၀ နှင့် စားအုန်းဆီ တစ်ပိဿာ ကျပ် ၁၂၀၀၀ ရှိကြောင်း သိရသည်။

စက်တင်ဘာလ ဒုတိယပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ် ကြည့်ပါက စားသုံးဆီဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိပြီး ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း ကျပ် ၁၃၀၀၀ ခန့်၊ ဧရာ မင်း ကျပ် ၁၀၀၀၀ခန့် နှင့် ဧည့်မထ(ဆင်း-၃)မှာ ကျပ် ၅၀၀၀ ခန့် မြင့်တက်လာသည်ကို သိရှိရသည်။

စားဖိုဆောင်သီးနှံ လက်လီဈေးနှုန်းများမှာ ကြက်သွန်နီ (အသစ်) အလုံး (အသေး/အကြီး) ပေါ် မူတည်၍ တစ်ပိဿာ ၃၇၀၀မှ ၄၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာ ၁၂၀၀၀ ကျပ်၊ အာလူးတစ်ပိဿာ (၃၅၀၀)ကျပ်၊ ခရမ်းချဉ်သီး တစ် ပိဿာ အလုံး အသေး/အကြီးပေါ် မူတည်၍ ကျပ် ၃၅၀၀ မှ ၃၈၀၀၊ ချင်းတစ်ပိဿာ ကျပ် ၁၀၀၀၀၊ ကုလားပဲ တစ်ပိဿာ ကျပ် ၆၈၀၀၊ ပဲနီလေး တစ်ပိဿာ ကျပ် ၈၀၀၀၊ ငရုတ်သီး ခြောက်(ပု) တစ်ပိဿာ ကျပ် ၂၅၀၀၀၊ ငရုတ်(စို) တစ်ပိဿာ ကျပ် ၅၀၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

အသား /ငါး ဈေးနှုန်းများမှာ ကြက်သား(CP) တစ် ပိဿာ ကျပ် ၁၀၀၀၀ မှ ၁၁၀၀၀၊ ဝက်သား တစ်ပိဿာ ကျပ် ၂၂၀၀၀၊ အမဲသား တစ်ပိဿာကျပ် ၁၆၀၀၀၊ ဆိတ်သား တစ် ပိဿာ ကျပ် ၂၄၀၀၀ နှင့် ငါးကြင်း တစ်ပိဿာ ကျပ် ၉၀၀၀၊ ကြက်ဥတစ်လုံး အလုံး(အသေး/အကြီး)ပေါ် မူတည်၍ ၂၆၀/ ကျပ် ၂၈၀/၃၀၀ နှင့် ဘဲဥတစ်လုံး ကျပ် ၃၅၀ ဖြင့် ရောင်းချ လျက်ရှိသည်။

အခြေခံ စားသောက်ကုန်ဈေးနှုန်းများမှာ စက်တင် ဘာလ ဒုတိယပတ် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ကြည့်ပါက ကြက် သွန်နီဈေးနှုန်းမှာ ကျပ် ၃၀၀ ခန့် ကျဆင်းပြီး ကြက်သွန်ဖြူနှင့် ဂျင်းဈေးနှုန်းမှာ ကျပ် ၂၀၀၀ ခန့် မြင့်တက်လာကာ အသား/ ငါးဈေးနှုန်းနှင့် ကျန် အခြေခံစားသောက်ကုန်များမှာ ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

**အေးမွန်သန့်(ကသာ)**

## ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း မြင့်မားခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးအလားအလာကို မှေးမှိန်စေ

တောင်ကိုရီးယားနိုင်ငံတွင် တစ်ပိုင်းလျှပ်ကူးပစ္စည်းများအပါအဝင် ပြည်တွင်းကုန်စည်များ ထုတ်လုပ်မှုအခြေအနေ ပြန်လည်တိုးတက်ကောင်းမွန်လာသည့်အပြင် ဝန်ဆောင်မှုကဏ္ဍသည်လည်း အတန်အသင့် တိုးတက်မှုရှိနေကြောင်း၊ သို့သော် ပြင်ပ အချက်အလက်များဖြစ်သည့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းမြင့်မားခြင်းနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ပြည်တွင်းစီးပွားရေးအခြေအနေ ကောင်းမွန်မှုမရှိခြင်းတို့ကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးအလားအလာသည်လည်း ကောင်းမွန်မှုမရှိနိုင်သေးကြောင်း ကိုရီးယားဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် (The Korea Development Institute- KDI) က စက်တင်ဘာ ၇ရက်တွင် ထုတ်ဝေခဲ့သည့် လစဉ်စီးပွားရေးလေ့လာဆန်းစစ်မှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံသည် ပြည်ပသို့ပို့ကုန်တင်ပို့မှုကျဆင်းနေခြင်းကို ရင်ဆိုင်နေရသည့်အပြင် ပြင်ပမှ မသေချာ မရေရာမှုများကိုလည်း ကြုံတွေ့နေရကြောင်း၊ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွားရေးမတည်ငြိမ်မှုနှင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်မားခြင်းတို့ကြောင့် ငွေကြေးဖောင်းပွမှုနှင့် စပ်လျဉ်းသည့် ဖိအားများလာပြီး ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများတွင်လည်း မသေချာ မရေရာမှုများကို ကြုံတွေ့နေရကြောင်း၊ တရုတ်နိုင်ငံ ပြည်တွင်းအိမ်၊ ခြံ၊ မြေဈေးကွက်အတွင်းရှိ ကုမ္ပဏီများသည် ဘဏ္ဍာရေးဆိုင်ရာ မတည်ငြိမ်မှုများကို ကြုံတွေ့နေရသည့်အပြင် ယင်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနေခြင်းကို ရင်ဆိုင်နေရကြောင်း၊ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းကို ထပ်မံ မြှင့်တင်နိုင်သည်ဆိုသော ခန့်မှန်းချက်များကလည်း မသေချာ မရေရာမှုများကို ပိုမိုဆိုးရွားလာစေပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံတွင်လည်း လယ်ယာထွက်ကုန်နှင့် ကုန်ထုတ်ပစ္စည်းများ ဈေးနှုန်းများမြင့်မားမှုကြောင့် ဩဂုတ်လအတွင်း စားသုံးသူဈေးနှုန်းများသည် ၃ ဒသမ ၄ရာခိုင်နှုန်း မြင့်မားခဲ့ရာ ၂၀၂၃ခုနှစ် ဧပြီလအတွင်း ရောက်ရှိခဲ့သည့် အမြင့်ဆုံးနှုန်းထားဖြစ်သည့် ၃ဒသမ၇ ရာခိုင်နှုန်းကို မမီသေးသော်လည်း အလွန်မြင့်မားသောနှုန်းဖြင့် မြင့်တက်လာကြောင်း၊ ယင်းသို့ စားသုံးသူဈေးနှုန်းများ မြင့်မားခြင်းသည် စီးပွားရေးကျဆင်းမှုကို လျော့ပါးအောင် ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေကြောင်း KDI ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ပပ(စီးပွားရေးသံမှူး) ကိုရီးယားသမ္မတနိုင်ငံ**

## ဂျပန်-အာဆီယံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်

ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာများနှင့် အာဆီယံနိုင်ငံများ၏ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အားသာချက်များကို ပေါင်းစည်းကာ အနာဂတ်ကို အတူတကွပူးတွဲဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံနှင့်အာဆီယံနိုင်ငံများအနေဖြင့် တီထွင်ဆန်းသစ်မှုမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်၊ စွမ်းအင်၊ ဒစ်ဂျစ်တယ်နှင့် အခြားသောကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ ကြံ့ခိုင်ရည်ရှိပြီး ရေရှည်တည်တံ့သည့် စီးပွားရေးဝန်းကျင်ကို တည်ဆောက်နိုင်ရေးအတွက် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီအိုခီရှိဒက စက်တင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သည့် ASEAN Business and Investment Summit တွင် ဗီဒီယိုမိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ မိန့်ခွန်းတွင် ဂျပန်နိုင်ငံအနေဖြင့် အာရှဒေသတွင် ကာဗွန်ကင်းစင်သည့် အသိုက်အဝန်းဖြစ်လာစေရေး Asia Zero Emissions Community(AZEC)အတွက်စွမ်းအင်အရင်းအမြစ်အသစ်များ အသုံးပြုနိုင်ရေးနှင့် လက်တွေ့ကျသည့် စွမ်းအင်ဆိုင်ရာ အသွင်ကူးပြောင်းမှုများ ဆောင်ရွက်နိုင်ရေး ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ နောက်ဆုံးပေါ် မော်တော်ယာဉ်များ၊ လေကြောင်းနှင့်အာကာသဆိုင်ရာကဏ္ဍများ၊ အဆင့်မြင့် ဆေးဝါးလုပ်ငန်းများအပါအဝင် ဂျပန်နိုင်ငံ၏ အားသာချက်များကို အာဆီယံနိုင်ငံများအား မျှဝေပေးသွားမည်ဖြစ်ပြီး အနာဂတ်စက်မှုလုပ်ငန်းများ ဖော်ဆောင်ရာတွင် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍတွင် ယုံကြည်စိတ်ချရသည့် အချက်အလက်များ ချိတ်ဆက်ရယူနိုင်မှု မြှင့်တင်နိုင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် အဆင့်မြှင့်တင်နိုင်ရေး၊ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့အစည်း(ERIA)ကို ရေရှည်တည်တံ့သည့် စီးပွားရေးစင်တာနှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများအား အသုံးပြုနိုင်စေရေးအတွက် ဂျပန်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အတူ သက်ဝင်လှုပ်ရှားသည့် စီးပွားရေးလုပ်ငန်းများဖြစ်စေရေးအတွက် လွတ်လပ်ပြီး မျှတသည့် စီးပွားရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများသည် မရှိမဖြစ် အရေးပါလျက်ရှိကြောင်း၊ အဆိုပါ ဥပဒေစည်းမျဉ်းများကို ဂျပန်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် ဘက်စုံတိုးတက်သော ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (CPTPP) နှင့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်(RCEP)ကဲ့သို့သော လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များတွင်ပါဝင်ပြီးဖြစ်ကြောင်း၊ အင်ဒို-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင် (IPEF)တွင် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နှင့် အာရှဒေသအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အာဆီယံ-ဂျပန် နှစ် ၅၀ ပြည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်အဖြစ် အာဆီယံ-ဂျပန်ထိပ်သီး အစည်းအဝေးကို ယခုနှစ် ဒီဇင်ဘာလတွင်ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ အာဆီယံ-ဂျပန်စီးပွားရေးပူးတွဲဖော်ဆောင်ရေးဖိုရမ် (ASEAN Japan Economic Co-creation Forum)နှင့်အနာဂတ် ခေါင်းဆောင်များအကြား အချင်းချင်းချိတ်ဆက်မှုများ ဆောင်ရွက်နိုင်စေရေးအတွက် အာဆီယံ-ဂျပန်လူငယ် စီးပွားရေးခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး (ASEAN-Japan Young Business Leader’s Summit)တို့ကိုပါ ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သူဇာဖြိုး( စီးပွားရေးသံမှူး)**
**မြန်မာသံရုံး၊ တိုကျိုမြို့။**



## xdkif;EdkifiHü uGefdk, f,rlxyfqkiEdkifiHwlG jrefmEdkifiHtqif(8)ae&mü&yfwnf

၂၀၂၃ ခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းနိုင်ငံ၌ ကွန်ဒိုများကို နိုင်ငံသားများ ဝယ်ယူမှုနည်းပါးနေသော်လည်း နိုင်ငံခြားသားများ ဝယ်ယူမှုမြင့်တက်လျက်ရှိကြောင်း၊ ၎င်းတို့အထဲတွင် တရုတ်နိုင်ငံသားများသည် လွှဲပြောင်းရယူမှု အများဆုံးဖြစ်ကြောင်း အိမ်ခြံမြေသတင်းအချက်အလက်စင်တာ၏ ခေတ္တညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Vichai Viratkapan က ပြောကြားခဲ့သည်။

ကွန်ဒိုလွှဲပြောင်းရယူမှုတန်ဖိုးသည် ယခင်နှစ် ဒုတိယနှစ်ဝက်အတွင်း အလုံးစုံပြန်လည်ဖွင့်လှစ်လိုက်ခြင်းကြောင့် ဝယ်ယူမှု မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဒုတိယနှစ်ဝက်မှစ၍ ဆက်တိုက်မြင့်တက်လာခဲ့ပြီး ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသားများ၏ ကွန်ဒိုဝယ်ယူမှုသည် နှေးကွေးနေဆဲဖြစ်ကြောင်း၊ စီးပွားရေးကိုမြှင့်တင်လိုပါက နိုင်ငံခြားသားများ ဝယ်ယူမှုကို အားထားရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ပတ္တရားနှင့် ဖူးခက်တို့တွင် နိုင်ငံခြားသားများ၏ ကွန်ဒိုပိုင်ဆိုင်မှုမြင့်တက်လာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် နိုင်ငံခြားသားများသို့ ကွန်ဒိုလွှဲပြောင်းပေးခဲ့မှု ၇၃၃၈ယူနစ်ဖြစ်ကြောင်း၊ တရုတ်က အများဆုံးဖြစ်ပြီး ၎င်းနောက် ရုရှား၊အမေရိကန်တို့ဖြစ်ကြောင်း၊ ၂၀၂၂ခုနှစ်တွင် ဝယ်ယူမှုအဆင့်(၆)နေရာတွင်ရှိခဲ့သော မြန်မာနိုင်ငံသည် ယခုနှစ်တွင် အဆင့်(၈)နေရာဖြင့် ဝယ်ယူမှု ထိပ်ဆုံး ၁၀ နိုင်ငံတွင် ပါဝင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ဝယ်ယူခဲ့မှုသည် တစ်ယူနစ်လျှင် ပျမ်းမျှတန်ဖိုး ဘတ် ခုနစ်သန်းရှိသော ကွန်ဒို ၁၈၂ ယူနစ်ဖြစ်ကြောင်း အိမ်ခြံမြေသတင်းအချက်အလက်စင်တာ၏ထုတ်ပြန်ထားသည့်စာရင်းအရ သိရှိရသည်။

**သီတာဝင်း(စီးပွားရေးသံမှူး) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။**

## ထိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများ လိုအပ်ကြောင်း Microsoft Thailand ၏ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ Mr. Dhanawat Suthumpun က အကြံပြု ပြောကြား

အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား လက်ရှိကုန်သွယ်ရေး-နည်းပညာ ပဋိပက္ခများကြားမှ အခွင့်အလမ်းများကို ရယူနိုင်ရန်၊ထုတ်လုပ်မှု၊ ယှဉ်ပြိုင်မှုနှင့် ဆွဲဆောင်နိုင်မှုတို့ တိုးမြှင့်ရန်အတွက် ထိုင်းနိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားရန်နှင့် ပိုမိုပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း Microsoft Thailand ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Mr. Dhanawat Suthumpun က အကြံပြု ပြောကြားခဲ့သည်။

အမေရိကန်နှင့်တရုတ်နိုင်ငံတို့အကြား နည်းပညာပဋိပက္ခသည် ထိုင်းနိုင်ငံအတွက် အခွင့်အလမ်းများစွာကို သယ်ဆောင်လာနိုင်ကြောင်း၊ ထိုင်းနိုင်ငံသည် တည်နေရာအနေအထားအရ ကမ္ဘာ့ထောက်ပံ့မှုကွင်းဆက်အတွက် ထုတ်လုပ်ရာနေရာဖြစ်နိုင်သောကြောင့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် လက်ရှိထုတ်လုပ်လျက်ရှိသော Microsoft’s Surface notebooks ၏ ထုတ်လုပ်မှုကို ထိုင်းနိုင်ငံတွင် တိုးချဲ့သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နည်းပညာများကို လက်ခံရန်အတွက် အချက် (၃)ချက်ရှိကြောင်း၊ ပထမ တစ်ချက်မှာ နည်းပညာများကို ဖွင့်ပေးရမည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ အရင်းအမြစ်များ၊ အချက်အလက်များ၊ Artificial Intelligence (AI)နှင့် ဗိသုကာပညာရပ်များအားလုံးကို ဖွင့်ပေးရန်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ယုံကြည်ရသောနည်းပညာများဖြစ်ရန် လိုအပ်ကြောင်း၊ သို့မှသာ နည်းပညာလုံခြုံမှုဆိုင်ရာတွင် ပြဿနာများ မကြုံတွေ့နိုင်ကြောင်း၊ တတိယအချက်အနေဖြင့် နည်းပညာကို အသုံးပြုနေသူမှသည် နည်းပညာတီထွင်သူဖြစ်နိုင်ရန် နည်းပညာများအပေါ် လွှမ်းမိုးသင့်ကြောင်း၊ နည်းပညာများကို စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များအပါအဝင် နယ်ပယ်စုံတွင် အသုံးပြုရန် လိုအပ်ကြောင်း အကြံပြုထားသည်။

ဒီဂျစ်တယ်အသုံးပြုသူ သန်း၁၀၀ရှိပြီး တည်နေရာ အနေအထားအရ ဆွဲဆောင်မှုရှိသော အရှေ့တောင်အာရှသည် ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူများအတွက် စတင်မှတ်ဖြစ်နိုင်ကြောင်း၊ ထိုင်းနိုင်ငံသည် စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့နှင့်နှိုင်းယှဉ်ပါက ရွေးချယ်မှုတွင် ထိပ်ဆုံး၌ ရှိနေကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူသော၊ ပွင့်လင်းသော၊ လက်ခံနိုင်သော နိုင်ငံ ဖြစ်စေရေးအတွက် ချိန်ညှိရန် လိုအပ်ကြောင်း SEA Group ၏ မန်နေဂျင်း ဒါရိုက်တာဟောင်းဖြစ်သူ Mr. Santitarn Sathirathai က သုံးသပ်ထားသည်။

ထိုင်းနိုင်ငံ၏စီးပွားရေးပြောင်းလဲမှုများသည် အစိမ်းရောင်နှင့် ဒီဂျစ်တယ်နည်းပညာရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားကဏ္ဍတွင် အစိမ်းရောင်အယူအဆများသည် တိုးတက်မှု၏ ယန္တရားအသစ်ဖြစ်ကြောင်း၊ ဒီဂျစ်တယ် နည်းပညာများမှတစ်ဆင့် အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏အစိမ်းရောင်ထုတ်ကုန်များအတွက် ဈေးကွက်အသစ်များ ရှာဖွေနိုင်ကြောင်း ဖြည့်စွက်အကြံပြုထားသည်။

**သီတာဝင်း(စီးပွားရေးသံမှူး)**
**ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။**

# အမျိုးသားအကျိုးစီးပွား တိုးတက်မြင့်မားရေးအတွက် ထိရောက်သော စားသုံးသူကာကွယ်ရေး ဆောင်ရွက်ချက်

ငြိမ်းဝေနှင်း (စားသုံး)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ရည်မှန်းချက်(၇) ချက်များအနက်မှ “စားသုံးသူအခွင့်အရေးကာကွယ်ရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ လုံခြုံစိတ်ချရမှုရရှိရေး ဆောင်ရွက်ပေးရန်”ဟူသော အချက်နှင့်အညီ စားသုံးသူများ သိရှိသင့်သည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသည်။ စားသုံးသူကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများအပြင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြရန် လိုအပ်ချက်များ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ တရားမဝင် ကုန်စည်များ လျော့နည်းပပျောက်စေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်း၊ ဘာသာပြန်ဆိုရန် ခက်ခဲသော ကုန်စည်အမျိုးအစားများနှင့်ပတ်သက်၍ တိကျသည့် လုပ်ထုံးလုပ်နည်း သို့မဟုတ် ညွှန်ကြားချက်တစ်ရပ် ချမှတ်စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအချင်းချင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ငယ်များဖြင့် ဖွဲ့စည်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စားသုံးသူကာကွယ်ရေးဥပဒေအရ ဈေးကွက်အတွင်း စုံစမ်းစစ်ဆေးနိုင်ရန် စစ်ဆေးရေးအရာရှိများလည်း ခန့်အပ်ထားပြီး စားသုံးသူများ ဘေးအန္တရာယ်ရှိ၊ မရှိကိုလည်း စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်မျက်နှာပြင်ပေါ်တွင် ရာခိုင်နှုန်း မည်မျှဖော်ပြရသည်ကိုလည်း စီးပွားရေးလုပ်ငန်းရှင်များက လာရောက်ဆွေးနွေးသည့်အခါ ကုမ္ပဏီများနှင့်လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ သက်တမ်းကုန်ဆုံးရက်များ ပြန်လည်ပြုပြင်ရောင်းချခြင်းကို စီးပွားရေးလုပ်ငန်းရှင်များ၏ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ရန် သတိပေးမှုများ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ စားသုံးသူကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို ကျောင်းသင်ခန်းစာများတွင် ပတ်ဝန်းကျင် ဗဟုသုတအနေဖြင့် ထည့်သွင်းသင်ကြားလျက်ရှိသည်။

ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းသည် ကောင်းမွန်သည့်အရာတစ်ခုဖြစ်ပြီး စားသုံးသူများအနေဖြင့်လည်းကုန်စည်များကို ပိုမိုယုံကြည်စိတ်ချစွာဖြင့် ဝယ်ယူသုံးစွဲလာမှုရှိနိုင်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများကို ကြိုတင်သိရှိနိုင်ခြင်း၊ မိမိတို့ လိုအပ်သည့်ကုန်စည် ဟုတ်၊မဟုတ်ကို ခွဲခြားသိရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိလာနိုင်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများက ထုတ်ပြန်သော ညွှန်ကြားချက်များကို တိကျစွာလိုက်နာခြင်းဖြင့် ဈေးကွက်ပိုမိုထိုးဖောက်နိုင်ပြီး စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေနိုင်ခြင်းနှင့် Batch No. များကို ထည့်သွင်းဖော်ပြခြင်းဖြင့် ဘေးအန္တရာယ်ရှိသည့် ကုန်စည်ကို ပြန်လည်သိမ်းဆည်းမည်ဆိုပါက Batch No. အလိုက် ပြန်လည်သိမ်းဆည်းနိုင်သည့်အတွက် လွယ်ကူမြန်ဆန်စွာ သိမ်းဆည်းနိုင်သည့်အပြင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ဆုံးရှုံးနစ်နာမှု သက်သာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဖြင့် ကုန်စည်နှင့်သက်ဆိုင်သည့် သတင်းအချက်များကို စားသုံးသူများသို့ ပေးအပ်ရမည်ဖြစ်ပြီး ယခုနောက်ပိုင်းတွင် ကုန်အညွှန်းအမှတ်အသားဖတ်ရှုခြင်းဖြင့်ကုန်စည်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို သိရှိနိုင်သည်ဟု စားသုံးသူ အများအပြားက သိရှိလာသော်လည်း အမှန်တကယ် ကုန်စည်များကို ဝယ်ယူရာတွင် ကုန်စည်၏ ပုံပန်းသဏ္ဍာန်နှင့် ကုန်စည် အမှတ်တံဆိပ်ကို ကြည့်ရှု၍ ဝယ်ယူခြင်းဖြစ်ရာ စားသုံးသူ အသိပညာပေးလုပ်ငန်းများကို ယခုအခြေအနေများထက် ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းသည် စားသုံးသူပြည်သူများအနေဖြင့် ၎င်းတို့ဝယ်ယူသုံးစွဲသည့် ကုန်စည်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုသွားနိုင်မည်ဖြစ်ပြီး လိုအပ်သည့် အခြေခံလိုအပ်ချက်များလည်း ပြည့်ဝသွားမည်ဖြစ်သည်။

စားသုံးသူများကို လိုအပ်သည့် သတင်းအချက်များ ဖြန့်ဝေပေးခြင်း၊ စားသုံးသူများအားဘေးအန္တရာယ်ရှိမှုမှ ကာကွယ်ပေးခြင်း၊ ကုန်စည်များတွင် ပါဝင်သည့်အချက်အလက်များကို ဖော်ပြပေးခြင်းနှင့်ကုန်စည်ကို ဆွဲဆောင်မှုဖြစ်ပေါ်စေခြင်း၊ ကုန်စည်၏ထုတ်လုပ်မှုကို မြှင့်တင်ပေးခြင်းတို့သည် စားသုံးသူအခွင့်အရေးကာကွယ်ရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ လုံခြုံစိတ်ချရမှုရရှိရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းအဓိက လက္ခဏာများမှာ ကုန်စည်နှင့်သက်ဆိုင်သည့် အခြေခံအချက်အလက်များ၊ ပါဝင်ပစ္စည်းများ၊ အသုံးပြုရမည့်နည်းလမ်း၊ ကြိုတင်သတိပေးချက်တို့ကို မြင်လွယ်ပြီး မိမိတို့လူမျိုးများ ဖတ်နိုင်သည့် ဘာသာစာများဖြင့် ဖော်ပြရမည်ဖြစ်သည်။ ကုန်အညွှန်းအမှတ်အသားပါရှိမှုသည် စီးပွားရေးလုပ်ငန်းရှင်၏ လိုက်နာကျင့်သုံးရမည့် တာဝန်တစ်ရပ်ဖြစ်သည်။

စားသုံးသူများ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာရမည့်တာဝန်များကိုလည်း မီဒီယာများမှတစ်ဆင့် ဖြန့်ဝေမှုဆောင်ရွက်ခြင်း၊ အွန်လိုင်းမှတစ်ဆင့် ကြော်ငြာ၍ ရောင်းချနေသည့် တချို့သော လုပ်ငန်းများသည် စားသုံးသူကို ထင်ယောင်ထင်မှား ဖြစ်စေနိုင်သောကြောင့် အဆိုပါ ကြော်ငြာများကို မည်သည့်နည်းလမ်းများဖြင့် ထိန်းကျောင်းသင့်သည်ကိုလည်း ဆောင်ရွက်လျက်ရှိပြီး စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ထုတ်ပြန်ထားမှုကို စည်းကမ်းတကျ လိုက်နာဆောင်ရွက်ပေးခြင်းဖြင့် ဈေးကွက်တွင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

စားသုံးသူများအနေဖြင့် ကုန်စည်များကို အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုခွင့်ရရှိစေရေး၊ ကုန်စည်များနှင့်ပတ်သက်ပြီး လိုအပ်သော သတင်းအချက်အလက်များ အပြည့်အဝ ရရှိစေရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း လိုက်နာရမည့်တာဝန်များကို ပိုမိုသိရှိနားလည်စေရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများဖြင့် အထောက်အကူများစွာ ပေးလျက်ရှိရာ အမျိုးသားအကျိုးစီးပွားတိုးတက် မြင့်မားရေးအတွက်သာမက စားသုံးသူ ပြည်သူများအတွက်ပါ အကျိုးကျေးဇူးများရရှိနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်း အဓိကလက္ခဏာများမှာ ကုန်စည်နှင့်သက်ဆိုင်သည့် အခြေခံအချက်အလက်များ၊ ပါဝင်ပစ္စည်းများ၊ အသုံးပြုရမည့်နည်းလမ်း၊ ကြိုတင်သတိပေးချက်တို့ကို မြင်လွယ်ပြီး မိမိတို့လူမျိုးများ ဖတ်နိုင်သည့် ဘာသာစာများဖြင့် ဖော်ပြရမည်ဖြစ်သည်။ ကုန်အညွှန်းအမှတ်အသားပါရှိမှုသည် စီးပွားရေးလုပ်ငန်းရှင်၏ လိုက်နာကျင့်သုံးရမည့် တာဝန်တစ်ရပ်ဖြစ်သည်။**

# စစ်ကိုင်းခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်(၃)ရပ်အနက် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရန် ရည်ရွယ်၍စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စစ်ကိုင်းခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား MSME စီးပွားရေးလုပ်ငန်းများ၏ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော်ကို စစ်ကိုင်းမြို့၊ မြို့တော်ခန်းမ၌ စက်တင်ဘာလ ၁၆ရက်နှင့် ၁၇ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

စစ်ကိုင်းခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား MSME စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်ကိုးရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မုံရွာမြို့၌ သုံးကြိမ်ကျင်းပခဲ့ပြီး စစ်ကိုင်းမြို့၌ ကျင်းပခြင်းသည် ယခု ပထမအကြိမ်ဖြစ်ကြောင်း၊ MSMEလုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေး၏ ၉၀ရာခိုင်နှုန်းကျော်သည် အသေးစား၊ အငယ်စား၊ အလတ်စား MSME စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ယခုကဲ့သို့ပြပွဲနှင့်ဈေးရောင်းပွဲတော်ကျင်းပခြင်းဖြင့် စီးပွားရေးလုပ်ငန်းများအချင်းချင်း ဆက်သွယ်မှုရရှိပြီး ဒေသတွင်း ဈေးကွက်ကွန်ယက်များ ချိတ်နိုင်မည်ဖြစ်၍ စီးပွားရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကာ ဒေသတွင်း စီးပွားရေးတိုးတက်ခြင်းနှင့်အတူ နိုင်ငံ့စီးပွားရေး မြှင့်တင်ရာရောက်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ အတွင်းရေးမှူး ဦးစိုးဟိန်းက MSMEs Development Strategy Implementation Plan ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းထွဋ်ကိုက ဌာန၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများအကြောင်းကိုလည်းကောင်း၊ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးခင်မောင်ဆင့်က စစ်ကိုင်းခရိုင်အတွင်းရှိ MSME စီးပွားရေး လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ စစ်ကိုင်းစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုမြင့်က စက်မှုဇုန်အတွင်းလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားပြီးနောက် စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့် ဂရိတ်ဝေါကုမ္ပဏီ ဦးတင်မောင်၊ မဟာနီလာသုံးဘီးဆိုင်ကယ်လုပ်ငန်းရှင် ဒေါ်နီလာအေး၊ ငွေထည်ကြေးထည်လုပ်ငန်းရှင် ဦးထွန်းထွန်း၊ စိန်ကြည် ခေါက်ဆွဲစက်လုပ်ငန်းရှင် ဦးရန်ရီဆာ၊ အမှတ်(၃)ဇွန်ဆေးဝါးလုပ်ငန်းမှ ဒါရိုက်တာ ဦးစန်းထွန်းအောင်၊ စံပြ ဝက်မွေးမြူရေးခြံလုပ်ငန်းရှင် ဦးစန်းယု၊ စစ်ကိုင်းဆီစက်လုပ်ငန်းရှင် ဦးညီညီဦးတို့က မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ စသည်ဖြင့် တက်ရောက်သူ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြောင်း သိရှိရသည်။

စစ်ကိုင်းမြို့၊ မြို့တော်ခန်းမ အတွင်းနှင့်ခန်းမအပြင် အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်းတို့တွင် ဂရိတ်ဝေါကုမ္ပဏီမှ သစ်တောနှင့်သစ်တောထွက်ပစ္စည်းအမျိုးမျိုး၊ စိမ်းပြာရေညှိဖြင့် ထုတ်လုပ်သော ဇွန်ဆေးဝါးနှင့်စားသောက်ကုန်များ၊ စစ်ကိုင်း စက်မှုဇုန်ထုတ် စက်မှုလူသုံးကုန်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်၊ စိုက်ပျိုးရေးထွက် ကုန်၊ရေထွက်ပစ္စည်းအမျိုးမျိုး၊ ပိုးထည်၊ ငွေထည် ကြေးထည်၊ ကျောက်စိမ်းပုတီးအချောထည်၊ ကြိမ်ထည်၊ ဂစ်တာ၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ကိတ်မုန့်အမျိုးမျိုး၊ ခေါက်ဆွဲခြောက်အမျိုးမျိုး စသည့် ဆိုင်ခန်းပေါင်း ၇၀ ပြသခဲ့ကြောင်း သိရသည်။

**သန်းသန်းတင်**
**(မုံရွာ)**

# [illegible]

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့များသည် ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီးများအောက်တွင် လုပ်ငန်းဌာနခွဲကြီးတစ်ခုအဖြစ်လည်းကောင်း၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ (Securities Company) အောက်တွင် ဌာနခွဲတစ်ခုအဖြစ် လည်းကောင်း သီးခြားရပ်တည်ကာ လုပ်ငန်းများဆောင်ရွက်ကြသည်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (Private Equity Fund) ၏ အဓိပ္ပာယ်ကို သိရှိနိုင်ရန်အတွက် အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုပုံစံလေးမျိုးကို ခွဲခြားလေ့လာရန်လိုအပ်ပါသည်။

**ချေးငွေဖြင့် ရှယ်ယာများဝယ်ယူခြင်း (Leverage Buyout)**

ကုမ္ပဏီတစ်ခုလုံး (သို့) တစ်စိတ် တစ်ပိုင်းကို ရင်းနှီးမြှုပ်နှံသူတစ်စုမှ ထည့်ဝင်ထားသည့်ငွေများဖြင့် ဝယ်ယူခြင်းဖြစ်သည်။ အထူးသဖြင့် ထည့်ဝင်ထားသည့် ငွေများ၏ ပမာဏအတော်များများမှာ ချေးငွေများဖြစ်သည်။ ပုံမှန်အားဖြင့် ဝယ်ယူရန်ရည်ရွယ်ထားသည့် ကုမ္ပဏီမှာ သက်တမ်းရင့်ကုမ္ပဏီဖြစ်ပြီး ငွေသားစီးဆင်းမှု ကောင်းမွန်သည့် ကုမ္ပဏီဖြစ်သည်။

**တိုးတက်မှုရရန် ရင်းနှီးငွေထည့်သွင်းခြင်း(Growth Capital)**

အခြားကုမ္ပဏီကို ထိန်းချုပ်နိုင်လောက်သည့် ပမာဏအထိ ဝယ်ယူခြင်းမပြုဘဲ ပမာဏအနည်းငယ်သာ ထည့်ဝင်ခြင်းဖြစ်သည်။ ယင်းထည့်ဝင်လိုက်သည့် ငွေကြေးများဖြင့် ကုမ္ပဏီသည် လုပ်ငန်းများချဲ့ထွင်ခြင်း၊ ကုမ္ပဏီများ ဝယ်ယူခြင်း၊ ဈေးကွက်သစ်ချဲ့ထွင်ခြင်းများကို ဆောင်ရွက်ခြင်းဖြစ်သည်။

**မက်ဇီနင်း ရင်းနှီးငွေ ထည့်ဝင်ခြင်း (Mezzanine Capital)**

မဲပေးနိုင်သည့် အခွင့်အရေးများပါဝင်ခြင်း မရှိသည့် အခြားကုမ္ပဏီမှထုတ်ဝေသည့် အဆင့်နိမ့် ငွေချေးစာချုပ်များ၊ ဦးစားပေးရှယ်ယာများကို ဝယ်ယူခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ထုတ်ဝေသည့် စာချုပ်စာတမ်းများတွင် ရမ့်များ (အချိန်တန် လျှင် စတော့ဖြင့် လဲလှယ်နိုင်သည့် ကူပွန်များ)၊ စတော့အဖြစ်သို့ပြောင်းလဲနိုင်သည့် အခွင့်အရေးများ (conversion right) လည်း ပါဝင်လေ့ရှိသည်။

**စွန့်စားရင်းနှီးငွေ ထည့်ဝင်ခြင်း (Venture Capital)**

အများပိုင်မဖြစ်သေးသော၊ ရင့်ကျက်မှု မရှိသေးသော ကုမ္ပဏီတစ်ခုသို့ လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန်၊ စောစီးစွာတိုးတက်မှုရရှိရန်နှင့် လုပ်ငန်းများချဲ့ ထွင်နိုင်ရန်အတွက် ရှယ်ယာများ ထည့်ဝင်ရင်းနှီးခြင်းဖြစ်သည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ကို အထက်ဖော်ပြပါ လုပ်ငန်း (၄)မျိုးဖြင့် ခြုံငုံစဉ်းစားနိုင်သော်လည်း အထူးသဖြင့် ဤအဖွဲ့များ၏ လုပ်ငန်းအများစုမှာ ပထမအမျိုးအစားဖြစ်သည့် ချေးငွေဖြင့် ရှယ်ယာများဝယ်ယူခြင်း (Leverage Buyout) စနစ်ကို ကျင့်သုံးခြင်းဖြစ်သည်။ ကျန်သည့်လုပ်ငန်းသုံးမျိုးမှာမူ အထူးသီးသန့် ကိစ္စရပ်များအတွက်သာ အသုံးပြုသည်။ သို့သော် အချို့သော ကြီးမားသည့် ရန်ပုံငွေအဖွဲ့များသည် ဖော်ပြပါလုပ်ငန်းလေးမျိုးစလုံးကို ဆောင်ရွက်လေ့ရှိသည်။

ဤရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အဖွဲ့များကို ငွေကြေးတာဝန်ခံထောက်ပံ့သူ (financial sponsor) များဟုလည်း ခေါ်ဆိုသည်။ ၎င်းတို့ထည့်ဝင်ရန် ပစ်မှတ်ထားသည့်ကုမ္ပဏီအား တာဝန်ယူကြီးကြပ်ကာ ထည့်ဝင်မည့် ငွေကြေးများတွက်ချက်ခြင်း၊ ဝယ်ယူမည့် ဈေးနှုန်းများကို ညှိနှိုင်းခြင်း၊ ထည့်ဝင်မည့် ငွေကြေးများအတွက် ချေးငွေများ ရယူခြင်းတို့ကို ဆောင်ရွက်သည်။

ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့များကို Financial Buyers များဟုလည်းခေါ်ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအဖွဲ့များသည် ကုမ္ပဏီတို့၏ စင်နာဂျီကို ထုတ်နုတ်ရယူခြင်းမရှိဘဲ ရေရှည်ရင်းနှီးမြှုပ်နှံခြင်းကြောင့်ဖြစ်သည်။ အဓိကအားဖြင့် ကုမ္ပဏီ၏ စင်နာဂျီကို ကာလတိုအတွင်း ထုတ်လုပ်ရယူသည့် ဗျူဟာမြောက်ဝယ်ယူသူများ (Strategic buyers) နှင့် သဘာဝ မတူညီခြင်းဖြစ်သည်။ ဗျူဟာမြောက် ဝယ်ယူသူများမှာမူ တိုးတက်မှုနှုန်း ကောင်းမွန်သည့်ကုမ္ပဏီများသို့ ထိန်းချုပ်မှု ရရှိနိုင်သည့် ပမာဏရစေရန် ဝယ်ယူခြင်းဖြစ်သည်။ ထို့အပြင် ၎င်းတို့ ပစ်မှတ်ထားသည့် ကုမ္ပဏီကို မြင့်မားသည့်အပိုကြေးများပေးကာ ဝယ်ယူလေ့ရှိသည်။

## ထွန်းသက်ထွန်း

**ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ သွင်ပြင်လက္ခဏာများ**

ကုမ္ပဏီတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုအား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ဝယ်ယူခြင်းဖြစ်ပြီး ယင်းရန်ပုံငွေအဖွဲ့သို့ ပင်စင်ရန်ပုံငွေအဖွဲ့များ၊ အာမခံရန်ပုံငွေအဖွဲ့များ ၊ ငွေပဒေသာပင်ရန်ပုံငွေများ၊ တစ်ဦးချင်းကြွယ်ဝချမ်းသာသူများ၊ hedge fund များမှ ကြွေးမြီနှင့် အီကွစ်တီပုံစံ နှစ်မျိုးဖြင့် ငွေကြေးများ ထည့်ဝင်ခြင်းဖြစ်သည်။ အများအားဖြင့် ကုမ္ပဏီ၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိကို ဝယ်ယူလေ့ရှိသည်။

ထည့်ဝင်သည့် ငွေကြေးအများစုမှ ကြွေးမြီပုံသဏ္ဍာန်ဖြင့် ထည့်ဝင်ထားသဖြင့် အီကွစ်တီအပေါ်ပြန်ရနှုန်း (Return on Equity, ROE) မြင့်မားလေ့ရှိသည်။ ချေးငွေများကို ဘဏ်များမှ ရရှိသည့် ချေးငွေများ (Senior Debt) နှင့် အတိုးမြင့်ပြီး အာမခံချက်နည်းသည့် Subordinate Debt ပုံစံများဖြင့် ဖွဲ့စည်းလေ့ရှိသည်။

အကယ်၍ ပစ်မှတ်ထားသည့်ကုမ္ပဏီမှာ အများပိုင်ကုမ္ပဏီဖြစ်ပါက ယင်းကို ပုဂ္ဂလိကပိုင်ကုမ္ပဏီ ဖြစ်သွားအောင် ဦးစွာပြောင်းလဲရသည်။ ပြောင်းလဲပြီး နောက်ပိုင်း (၃)နှစ်မှ (၇) နှစ်သက်တမ်းရှိ လာသည့်အချိန်မှ အများပြည်သူသို့ ရှယ်ယာများထုတ်ဝေရောင်းချခြင်း (Initial Public Offering )ပြုလုပ်ကာ အများပိုင်ကုမ္ပဏီအဖြစ် ပြန်လည်ပြောင်းလဲခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံသည့်အဖွဲ့သည် ကုမ္ပဏီတစ်ခုသို့ငွေကြေးများထည့်ဝင်ထားသည့်ကာလအတွင်း လိုအပ်သည့် ပြန်ရချက်နှုန်း (IRR)မှာ ၂၀ ရာခိုင်နှုန်းအထက်ဖြစ်သည်။ သို့ရာတွင် ယင်းပြန်ရချက်မှာ ကြွေးမြီနှင့် အီကွစ်တီ အချိုးအစား၊ ငွေသားစီးဆင်းမှု၊ အမြတ်ဝေစုပေးသည့်နှုန်းနှင့် ပြန်ထွက်မည့်အချိန်ကာလအပေါ်မူ တည်သည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ကို တာဝန်ယူကာ ငွေကြေးထည့်ဝင်မည့် General Partner များနှင့်အတူ Y Limited Partner များ (အီကွစ်တီပုံစံဖြင့်ထည့်ဝင်မည့်သူများ)ကလည်း ရင်းနှီးငွေထည့်ဝင်ရန် တာဝန်ယူကြသည်။

**ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့များ မည်သည့်ကုမ္ပဏီများကို ပစ်မှတ်ထား**

ကုမ္ပဏီတစ်ခုကိုချေးငွေပုံစံဖြင့် ဝယ်ယူရာတွင် အဆိုပါ ပစ်မှတ်ထားသည့် ကုမ္ပဏီသည် အတိုးများပေးနိုင်ရန်အတွက် ကောင်းမွန်သည့် ငွေသားစီးဆင်းမှု ရှိရမည်ဖြစ်သလို အချိန်ပြည့်လျှင် ပြန်ဆပ်နိုင်စွမ်းလည်း ရှိရမည်ဖြစ်သည်။ ထို့အတူ အီကွစ်တီထည့်ဝင်ထားသူများအတွက်လည်း လုံလောက်သည့် အမြတ်ဝေစု ပေးနိုင်ရမည်ဖြစ်သည်။ ယင်းသို့သော အရည်အချင်းများ မရှိပါက ငွေကြေးထည့်ဝင်ထားသူများအတွက် တွက်ခြေမကိုက်သည့်အပြင် ပြန်လည်ထွက်ခွာမည့် စီမံချက်များကိုလည်း နှောင့်နှေးစေနိုင်မည်ဖြစ်သည်။ သို့အတွက် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုအဖွဲ့များအနေနှင့် ကုန်ကျစရိတ်များကို တတ်နိုင်သမျှချွေတာကာ ပြန်ရနှုန်းကောင်းစေရန် ဆောင်ရွက်ကြရသည်။ ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့် ကုမ္ပဏီတစ်ခုတွင် အောက်ပါ အရည်အချင်းများ ရှိရန်လိုအပ်သည်-

(က) **စိတ်အားထက်သန်၍ ကျွမ်းကျင်သည့် စီမံခန့်ခွဲမှုအဖွဲ့ရှိခြင်း။** ။ ကုမ္ပဏီစီမံခန့်ခွဲရေး အဖွဲ့အနေနှင့် ကြွေးမြီများဖြင့် လည်ပတ်နေသည့် လုပ်ငန်းကိုကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်စွမ်းနှင့် အမှားအနည်းဆုံးဖြင့် ဆောင်ရွက်နိုင်စွမ်းရှိရပါမည်။ အကယ်၍ လက်ရှိဆောင်ရွက်နေသည့် စီမံခန့်ခွဲရေးအဖွဲ့သည် လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမရှိပါက အဖွဲ့သစ်ကို အစားထိုးဆောင်ရွက်ရန် လိုအပ်သည်။ အချို့ကုမ္ပဏီများတွင် အထူးလေ့ကျင့်ထားသည့် ဝန်ထမ်းများကို ခန့်အပ်ထားကာ ကုမ္ပဏီအောင်မြင်တိုးတက်ရေးနှင့် တန်ဖိုးမြင့်တက်လာရေးအတွက် ဆောင်ရွက်ကြသည်။

(ခ) **ခိုင်မာတည်ငြိမ်သည့် ငွေသားစီးဆင်းမှု ရှိခြင်း။** ။ ရန်ပုံငွေအဖွဲ့များသည် ကုမ္ပဏီကိုရွေးချယ်ရာတွင် ခိုင်မာသည့် ငွေသားစီးဆင်းမှုရှိသည့် ကုမ္ပဏီကို ရွေးချယ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ထည့်ဝင်ထားသည့် ငွေကြေးအများစုသည် ချေးငွေများဖြစ်သောကြောင့် ယင်းတို့အတွက် အတိုးငွေများ ပုံမှန်ပေးရန် လိုအပ်ခြင်း၊ အချိန်စေ့လျှင် အရင်းငွေ ပြန်ပေးရန်လိုအပ်ခြင်းများကြောင့်ဖြစ်သည်။ ကုမ္ပဏီကို ရင်းနှီးငွေ ထည့်ဝင်ရာတွင် ဆုံးရှုံးနိုင်ခြေကို ညှိနှိုင်းတွက်ချက်ပြီးသည့် ကြွေးမြီပမာဏ မည်မျှပါဝင်နိုင်သည်ကို တွက်ချက်ကြသည်။ ငွေသားစီးဆင်းမှုအခြေအနေကောင်းလေလေ ကြွေးမြီပမာဏ ပိုမိုရယူရင်းနှီးနိုင်လေလေဖြစ်သည်။

(ဂ) **ကြွေးမြီကိုအလွယ်တကူ ဖြည့်စွမ်းနိုင်သည့် လက်ကျန်ရှင်းတမ်းရှိခြင်း။** ။ ကုမ္ပဏီတစ်ခုသည် ရင်းနှီးငွေပမာဏ အတော်များများကို ကြွေးမြီများဖြင့် ဖြည့်တင်းခဲ့သော်လည်း (leverage) ယင်းကြွေးမြီများအတွက် ကောင်းမွန်သည့် ဖွဲ့စည်းမှုပုံသဏ္ဍာန်ကို ချမထားလျှင် ယင်းကုမ္ပဏီကို ရန်ပုံငွေအဖွဲ့များမှ စိတ်ဝင်စားခြင်းမရှိပါ။ သို့အတွက် ကုမ္ပဏီသည် ထုတ်ထားသည့်ကြွေးမြီစာချုပ်စာတမ်းများအတွက် ဆွဲဆောင်မှုကောင်းသည့် အတိုးနှုန်း၊ အချိန်မတန်မီ ပြန်ခေါ်ယူခွင့် (Callable)များကို ထည့်သွင်းထားရန် လိုအပ်သည်။

(ဃ) **ငွေလုံးငွေရင်းအသုံးစရိတ်နည်းပါးခြင်း။** ။ကုမ္ပဏီ၏ ငွေလုံးငွေရင်း အသုံးစရိတ်အတော်များများကို လုပ်ငန်းများ ချဲ့ထွင်ရန်အသုံးစရိတ်နှင့် ကြွေးမြီများနှင့် အတိုးများပေးဆပ်ခြင်းအတွက် မျှတစွာ သုံးစွဲရန် လိုအပ်သဖြင့် ရင်းနှီးငွေ အသုံးစရိတ်ကြီးမြင့်သည့် နည်းပညာမြင့်ကုမ္ပဏီများ၊ ဘိုင်အိုနည်းပညာကုမ္ပဏီများကို ရန်ပုံငွေအဖွဲ့များမှ ရှောင်ရှားလေ့ရှိကြသည်။

(င) **အရည်အသွေးပြည့်သည့် ပိုင်ဆိုင်ပစ္စည်းများ ရှိခြင်း။** ။ ရန်ပုံငွေအဖွဲ့များပစ်မှတ်ထားသည့် ကုမ္ပဏီများမှာ ခိုင်မာသည့် အမှတ်တံဆိပ်များ၊ အရည်အသွေး ပြည့်မီသည့် ပိုင်ဆိုင်ပစ္စည်းများရှိပြီး ယင်းတို့ကို စနစ်တကျ တန်ဖိုးမြင့်တက်လာစေရန် အသုံးမချရသေးသည့် ကုမ္ပဏီများဖြစ်ရန်လိုသည်။ သို့အတွက် ထိတွေ့ကိုင်တွယ်၍မရသည့် တန်ဖိုးများကိုသာပိုင်ဆိုင်ထားသည့် ဝန်ဆောင်မှု ကုမ္ပဏီများကို ရန်ပုံငွေအဖွဲ့များက ရှောင်ရှားလေ့ရှိသည်။ ဝန်ဆောင်မှု ကုမ္ပဏီများသည် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှု၊ ဝန်ထမ်းများ၏ အရည်အသွေး တန်ဖိုးများကိုသာ ပိုမိုတန်ဖိုးထားသဖြင့် ယင်းတို့ကို ချေးငွေများအတွက် အပေါင်ပစ္စည်းအဖြစ် အသုံးမပြုနိုင်ခြင်းကြောင့်ဖြစ်သည်။

(စ) **ပိုင်ဆိုင်မှုများရောင်းချခြင်းနှင့် ကုန်ကျစရိတ် လျှော့ချမှု။** ။ရန်ပုံငွေအဖွဲ့များ ပစ်မှတ်ထားသည့် ကုမ္ပဏီများတွင် ငွေသားစီးဆင်းမှုအဖြစ် အသုံးမချရသေးသည့် ပိုင်ဆိုင်ပစ္စည်းများရှိရန်လိုအပ်သည်။ ဥပမာ ကုမ္ပဏီတွင် ကော်ပိုရိတ်ဂျက်များ ဝယ်ယူပိုင်ဆိုင်ထားသော်လည်း ယင်းဂျက်လေယာဉ်ကို ငွေသားစီးဆင်းမှုအတွက်အသုံးမချဘဲ ရပ်တန့်ထားခြင်းများဖြစ်သည်။ အချို့သောပိုင်ဆိုင်ပစ္စည်းများကို ထုခွဲရောင်းချကာ အခြားသော ငွေဝင်မည့် ပိုင်ဆိုင်ပစ္စည်းများကို ဝယ်ယူခြင်း ဆောင်ရွက်နိုင်သည့် ကုမ္ပဏီများ ဖြစ်ရန်လိုသည်။

Reference : Investment Guide Book

# ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

ပြည်ကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ် ဖြစ်လျက်ရှိရာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ ဗိုလ်ကိတ်ပဲတို့ အရောင်းအဝယ်ကောင်းလျက်ရှိသည်။

မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့မှာ နိုင်ငံခြားသို့ တင်ပို့သောပဲများဖြစ်ပြီး ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ ဗိုလ်ကိတ်ပဲတို့မှာ ရန်ကုန်မြို့နှင့် မြို့တွင်း အရောင်းအဝယ်ဖြစ်သော ပဲများဖြစ်သည်။



### မတ်ပဲ

စက်တင်ဘာလ ပထမပတ်တွင် ပြည်ကုန်စည်ဒိုင်၏ မတ်ပဲတစ်တင်းလျှင် ကျပ် ၈၃၀၀၀ ဖြင့် ရန်ကုန်အဝယ်ရှိခဲ့သည်။ စက်တင်ဘာ ဒုတိယပတ်တွင် ပဲတစ်တင်းလျှင် ကျပ် ၇၉၅၀၀ ဖြင့် ဈေးကျလာခဲ့သည်။ တတိယပတ်တွင် ပဲတစ်တင်းလျှင် ကျပ် ၈၁၀၀၀ ဖြင့် ဈေး အနည်းငယ်တက်လာပြီး ရန်ကုန်အဝယ်တစ်ရက်ကိုအိတ် ၂၀၀၊ ၂၅၀ ခန့် အဝယ်ရှိသည်။

### ပဲတီစိမ်း

ပြည်ကုန်စည်ဒိုင်၏ စက်တင်ဘာပထမပတ်တွင် ပဲတီစိမ်းတစ်တင်းကို ကျပ် ၅၃၀၀၀ ဖြင့် မန္တလေးအဝယ် တစ်ရက်လျှင် အိတ် ၂၀၀ ခန့်ရှိခဲ့သည်။ စက်တင်ဘာ ဒုတိယပတ်တွင် ပဲတီစိမ်းတစ်တင်းကို ကျပ် ၅၄၀၀၀ ဖြင့် အရောင်းအဝယ်ရှိခဲ့သည်။ စက်တင်ဘာ တတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် မန္တလေးအဝယ်ရှိခဲ့သည်။

### ပဲစင်းငုံ

စက်တင်ဘာလ ပထမပတ်တွင် ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၁၀၀၊ ၂၀၀ ခန့် အဝယ်ရှိခဲ့သည်။ စက်တင်ဘာ ဒုတိယပတ်တွင် ပဲစင်းငုံဈေးအေးနေပြီး ပဲတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ တတိယပတ်တွင် ပဲတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်ကို အိတ် ၁၀၀ ခန့် အဝယ်ရှိသည်။

### ကုလားပဲ

ပြည်ကုန်စည်ဒိုင်တွင် ကုလားပဲ(HL) တစ်တင်းကို ကျပ် ၉၅၀၀၀၊ မြကြေးမှုံတစ်တင်းလျှင် ကျပ် ၉၄၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများ အဝယ်ရှိပြီး တစ်ရက်လျှင် အိတ် ၃၀၀၊ ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ စက်တင်ဘာလ ဒုတိယပတ်တွင် ကုလားပဲ(HL) တစ်တင်းလျှင် ကျပ် ၉၃၀၀၀၊ မြကြေးမှုံတစ်တင်းလျှင် ကျပ် ၉၂၀၀၀ ဖြင့် မြို့တွင်းအဝယ်နှင့် နယ်စုံတင်ပို့မှုရှိသည်။ စက်တင်ဘာလ တတိယပတ်တွင် ကုလားပဲ (HL)တစ်တင်းလျှင် ကျပ် ၉၃၀၀၀၊ မြကြေးမှုံတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် မြို့တွင်းအဝယ်ရှိခဲ့သည်။

### ပဲကြီး

စက်တင်ဘာပထမပတ်တွင် ပဲကြီး(ကုန်းပဲ)တစ်တင်းလျှင် ကျပ် ၁၀၂၀၀၀၊ ပဲကြီး(ရွှေကျွန်း) တစ်တင်း ကျပ် ၁၀၅၀၀၀ ဖြင့် မြို့တွင်းပဲကြော်သမားများ အဝယ်ရှိခဲ့သည်။ စက်တင်ဘာ ဒုတိယပတ်တွင် ပဲကြီး(ကုန်းပဲ)တစ်တင်းလျှင် ကျပ် ၁၀၂၀၀၀၊ ပဲကြီး (ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀ ဖြင့် ပဲကြော်သမားများ မြို့တွင်းအဝယ်တစ်ရက်ကို အိတ် ၂၅၀၊ ၃၀၀ခန့် ရှိခဲ့သည်။ စက်တင်ဘာ တတိယပတ်တွင် ပဲကြီးဈေးအေးနေပြီး (ကုန်းပဲ) တစ်တင်းကို ကျပ် ၁၀၂၀၀၀၊ (ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀ ဖြင့် မြို့တွင်းအဝယ်ရှိခဲ့သည်။

### စားတော်ပဲ

စက်တင်ဘာပထမပတ်တွင် စားတော်ပဲ(ကျွန်း)တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀၊ စက်တင်ဘာ ဒုတိယပတ်တွင် ကျပ် ၃၆၀၀၀ ဖြင့် ဈေးအေးနေခဲ့ပြီး မြို့တွင်းအဝယ်တစ်ရက်လျှင် အိတ် ၂၀၊ ၂၅ ခန့် အရောင်းအဝယ်ရှိခဲ့သည်။ စက်တင်ဘာလ တတိယပတ်တွင် စားတော်ပဲ(ကျွန်း) တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀ ဖြင့် မြို့တွင်းအဝယ်ရှိခဲ့သည်။

### ဗိုလ်ကိတ်

စက်တင်ဘာလပထမပတ်တွင် ဗိုလ်ကိတ်တစ်တင်းကို ကျပ် ၆၉၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်လျှင် အိတ် ၅၀၊ ၁၀၀ခန့်ရှိခဲ့ပြီး တစ်ခါတစ်ရံ ရန်ကုန်အဝယ်ရှိခဲ့သည်။ စက်တင်ဘာ ဒုတိယပတ်တွင် ဗိုလ်ကိတ် တစ်တင်းကို ကျပ် ၆၉၀၀၀၊ စက်တင်ဘာ တတိယပတ်တွင် ကျပ် ၇၀၀၀၀ ဖြင့် မြို့တွင်း အဝယ်ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်တွင် ပဲများတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့မှာ အရောင်းအဝယ် အေးလျက်ရှိပြီး မြို့တွင်းအဝယ်ရှိသော ပဲများသာ အရောင်းအဝယ် သွက်လျက်ရှိကြောင်း သိရသည်။

**မိမိအေး(ပြည်)**







**Add : No.37D, Corner of Hnin Si Street, & Myint Zu(1) Street, Yanking Township, Yangon, Myanmar.**

**Ph : 09-49313782**

## SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street, Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com

# အီးဗွီကဏ္ဍတွင် တရုတ်နှင့် အာဆီယံ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာ




တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် လျှပ်စစ်ကားများ(EV)သည် ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ အပါအဝင် အာဆီယံ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာပြီး အပြန်အလှန် အကျိုးပြုမှုများရှိလာကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

မီနီ လျှပ်စစ်မော်တော်ကားများမှသည် လူများစွာဆံ့သည့် ဗင်ကားများအထိ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ အသင်း (ASEAN) အဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်း အစိမ်းရောင်စွမ်းအင် ကူးပြောင်းရေး ပူးပေါင်းဆောင်ရွက်မှု၏ သာဓကလည်းဖြစ်သည်ဟုဆိုသည်။

အာဆီယံ ဒေသတွင်းနိုင်ငံများ၏ အစိုးရများသည် EV ရောင်းအားမြှင့်တင်ရန် အားပေးမှုများ ဖော်ထုတ်လျက်ရှိသကဲ့သို့ လျှပ်စစ်မော်တော်ကား ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွဲဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် လျှပ်စစ်မော်တော်ကားထုတ်လုပ်မှုတွင် ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်သည့်အားလျော်စွာ အရှေ့တောင်အာရှနိုင်ငံများ၏ သဘာဝအလျောက် ရွေးချယ်ပေးသည့် မိတ်ဖက်လည်း ဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံ၏ ထိပ်တန်း မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီများဖြစ်သည့် SAIC Motor's MG၊ Great Wall Motor၊ BYD၊ Hozon၊ Changan နှင့် GAC Aion တို့သည် ဒေသတွင်းထုတ်လုပ်မှု အစီအစဉ်များဖြင့် ဒေသဆိုင်ရာ ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်လာပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ပြည်တွင်း မော်တော်ကားထုတ်လုပ်ရေးစက်ရုံများ၌ ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ထိုင်းနိုင်ငံ အပါအဝင် အာဆီယံဈေးကွက်အတွင်း တရုတ် EV များ ဝင်ရောက်လာခြင်းသည် ထိုင်းနိုင်ငံ၏ EV လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားတစ်ရပ် ဖြစ်စေခဲ့သည်။

ထို့ပြင် ထိုင်းနိုင်ငံမှ လျှပ်စစ်ကား သုံးစွဲသူများအတွက်လည်း ရွေးချယ်မှု အမြောက်အမြား ဆောင်ကြဉ်းပေးလျက်ရှိကြောင်း ချင်းမိုင်တက္ကသိုလ် လူမှုသိပ္ပံ မဟာဌာနမှ ဌာနမှူးဟောင်း တစ်ဦးဖြစ်သူ Seksin Srivatananukulkit က ပြောဆိုခဲ့သည်။

**Source; Xinhua**



# ပြည်ပနိုင်ငံများသို့ လောင်စာဆီတင်ပို့မှု ရုရှားရပ်ဆိုင်း

ရုရှားနိုင်ငံသည် ယခု စက်တင်ဘာလတွင် ပြည်ပနိုင်ငံများသို့ လောင်စာဆီ တင်ပို့မှု လျှော့ချမည်ဟု ကြေညာထားပြီး တင်ပို့မှုကို တစ်ရက်လျှင် ရေနံစည်ပေါင်း သုံးသိန်း လျှော့ချမည်ဟု မူလက ထုတ်ဖော်ပြောဆိုထားသော်လည်း ယခုအချိန်တွင် လောင်စာဆီ တင်ပို့မှုကို လုံးဝရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း themoscowtimes.com ၏ စက်တင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြထားချက်အရ သိရသည်။

ရုရှားနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ လောင်စာဆီ တင်ပို့နေမှုကို ယာယီပိတ်ပင်လိုက်ကြောင်း ရုရှားအစိုးရက ကြေညာလိုက်သည်ဟု သတင်းတွင် ရေးသားဖော်ပြထားခြင်းဖြစ်သည်။ သို့သော် ရုရှားနိုင်ငံ၏ ပြည်ပနိုင်ငံများသို့ လောင်စာဆီတင်ပို့မှု ရပ်ဆိုင်းလိုက်သည့် နိုင်ငံများထဲတွင် ဘီလာရုစ်၊ ကာဇက်စတန်၊ အာမေးနီးယားနှင့် ကာဂျစ္စတန်နိုင်ငံတို့ မပါဝင်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ လောင်စာဆီ တင်ပို့ရောင်းချမှု ပိတ်လိုက်ခြင်းကြောင့် ပြည်တွင်း၌ လောင်စာဆီဈေးနှုန်းများ ကျဆင်းသွားမည်ဟု ယုံကြည်ထားကြောင်းကို အစိုးရ ထိပ်ပိုင်း ခေါင်းဆောင်တစ်ဦးက ပြောဆိုထားသည်။

ရုရှားနိုင်ငံသည် စက်တင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ ပင်လယ်ရေကြောင်းမှ လောင်စာဆီ တင်ပို့မှုကို ၃၀ ရာခိုင်နှုန်း လျှော့ချခဲ့ပြီး မကြာမီ ရက်ပိုင်းအတွင်း၌ပင် ယခုကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ပြီးခဲ့ ၂၀၂၂ ခုနှစ်က ဓာတ်ဆီ တန်ချိန် ၄ ဒသမ ၈၁၇ သန်းနှင့် ဒီဇယ်တန်ချိန် ၃၅သန်းနီးပါး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ရုရှားနိုင်ငံသည် ယခုနှစ် မတ်လမှ နှစ်ကုန်ပိုင်းအထိ ၎င်းတို့၏ ရေနံထုတ်လုပ်မှုကို ၅၀၀၀၀၀ bpd သို့မဟုတ် ရေနံထုတ်လုပ်မှု၏ ၅ ရာခိုင်နှုန်းခန့်ကို လျှော့ချရန် ကတိပြုထားပြီးဖြစ်သည်။

ရုရှားနိုင်ငံသည် ဆော်ဒီအာရေဗျပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံး ရေနံတင်ပို့သည့်နိုင်ငံဖြစ်သည်။

**Source; themoscowtimes.com**

စိုင်းဗညား - စုစည်းသည်

# တရုတ်ယွမ်တန်ဖိုး စံချိန်တင် ကျဆင်းလာ

တရုတ်ယွမ် တန်ဖိုးသည် ယခုရက်ပိုင်းအတွင်း စံချိန်တင် ကျဆင်းလာကြောင်း စက်တင်ဘာ ၂၂ ရက်တွင် ဖော်ပြခဲ့သည့် ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

စက်တင်ဘာ ၂၁ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် တရုတ်ယွမ် ၇ ဒသမ ၃၅၁ ယွမ်အထိ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ယင်းမှာ တစ်ပတ်အတွင်း ၁ ဒသမ ၁ရာခိုင်နှုန်း ကျဆင်းခြင်းဖြစ်ပြီး ယခုနှစ်ထဲ တွင် ၅ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသည်။ တရုတ်နိုင်ငံသည် လတ်တလောကာလတွင် စီးပွားရေး ကျဆင်းလျက်ရှိနေပြီး နောက်ထပ်သုံးလအတွင်း ယွမ်တန်ဖိုးသည်လည်း ဆက်လက်ကျဆင်းနေဦးမည်ဟု ပြည်ပငွေကြေးပညာရှင်များက သုံးသပ်ထားကြသည်။

တရုတ်နိုင်ငံ၏ ယွမ်ငွေတန်ဖိုးမှာ ၁၆ နှစ်တာကာလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၏ ဖော်ပြထားချက်အရ သိရသည်။ ဘဏ္ဍာရေးဆိုင်ရာ ထိန်းကျောင်းသူများသည် ယွမ်ငွေလဲလှယ်နှုန်းကို အခြေခံအားဖြင့် တည်ငြိမ်အောင် ထိန်းထားရန် စွမ်းရည်၊ ယုံကြည်မှုနှင့် အခြေအနေများရှိသည်ကို ယုံကြည်ထားကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောဆိုထားသည်။

ယွမ်ငွေသည် မကြာသေးမီ ရက်သတ္တပတ်များအတွင်း အမေရိကန်တစ်ဒေါ်လာနှင့် နိုင်းယှဉ်ပါက ဆက်လက်ကျဆင်းလျက်ရှိကြောင်း သိရသည်။ စက်တင်ဘာ ၁၈ ရက်က တရုတ်ယွမ်ငွေသည် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ၁၆ နှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွားပြီးနောက် အစိုးရပိုင်းမှ ငွေကြေးထိန်းညှိသူများက အရေးယူမည်ဟု ပြောဆိုခဲ့သည်။ Bank of America ၏ စစ်တမ်းများအရ တရုတ်ယွမ်ငွေသည် လာမည့်သုံးလအတွင်း ပိုမိုအားနည်းလာမည်ဟု ယုံကြည်ကြောင်း ဆက်လက် ဖော်ပြထားသည်။

**Source; Xinhua**

